www.burmeseclassic.com



ရွှေပဒေသာစာပေ

မမသဒ္ဒါမောင်

# ညိုမလေးတဲ့လာကွယ်

( အချစ်လုံးချင်းဝတ္ထု (သစ်) )

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၇၁၀၀၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၅၀၁၁၀

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၀၊ မေလ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချေး - ၁၅၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅. ၈၃

မမသဒ္ဒါမောင်

ညီမလေးတဲ့လားကွယ်/ မမသဒ္ဒါမောင် ။ - ရန်ကုန် ၊ ရွှေဥစာပေ ၊ ၂၀၀၉ ။

၂၇၂ စာ ၊ ၁၂ × ၁၈ စင်တီ

(၁) ညီမလေးတဲ့လားကွယ်


*Don't blame the dark,*
*please light it up.*

မှောင်နေတာကို အပြစ်မတင်ပါနဲ့၊
တတ်နိုင်သရွေ့ အလင်းဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



# ညီမလေးတဲ့လားကွယ်

## အခန်း ( ၁ )

တစ်အိမ်လုံး အလုပ်ရှုပ်နေကြတာကို လိုက်ကြည့်နေရင်း သူမနှာခေါင်းရှုံ့လိုက်မိ၏။ ဟုတ်တယ်လေ။ မော်လမြိုင်ကနေ ဒီ ရန်ကုန်မှာ ဆေးကျောင်းလာတက်မယ့်သူကို အိမ်ရှေ့မင်းသားကြို သလိုမျိုး ဂရုတစိုက်နဲ့ ပျာယာခတ်နေစရာလိုလို့လား။ သူ့တို့နယ်က ကျောင်းမကောင်းလို့ ဒီမှာလာတက်တယ်ပဲထားပါတော့၊ အဆောင် မှာသွားနေပါလား။ ဒါမှ သူမ လွတ်လွတ်လပ်လပ်ကစားရမှာလေ။

ဘယ့်နှယ်. . . အသက်လေး (၁၆)နှစ်တောင် မပြည့်ရသေး ဘူး။ ဟိုမသွားရ၊ ဒီမသွားရ၊ ခြံပြင်မထွက်ရ၊ လူမြင်ကွင်းမှာပြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပင်တာတွေက များလွန်းနေပြီ။ ယုတ်စွအဆုံး သားဦးနှင့် တောင်မှ အတူမကစားရတဲ့။ သားဦးဆိုတာ ဦးငယ်ရဲ့သား၊ အခုမှ (၆)နှစ်။ တစ်တန်းကျောင်းသားလေးကို သူမနှင့်အတူမဆော့ရ ပိတ်ပင်စရာလား။

"သျှား. . . ဟဲ့! သျှား"

"ဗျာ"

"ထူးပြန်ပြီ ဒီဗျာကြီး။ နင်ဘယ်မှာလဲ"

"ဒီမှာ"

ပါးစပ်ထဲသို့ ကိတ်မုန့်တုံးကို အတင်းထိုးထည့်လိုက်ပြီး ထမင်းစားခန်းထဲမှ ပြေးထွက်လာခဲ့၏။ ဝတ်ထားသည့် Quarter pants အဖြူမှာ ပေနေသည့်လက်သုံးချောင်းကို သုတ်လိုက်သဖြင့် ချော ကလက် Cream က စွန်းသွားချေပြီ။

"ကျွတ်! ကြည့်၊ လုပ်ပြန်ပြီ။ နင်ဟာလေ ဒီအရွယ်ရောက်နေ ပြီ။ သိပ်ညစ်ပတ်တာပဲ။ ဘယ်တော့ပြောပြော နားမပါဘူး။ ဒါ ကြောင့် နင့်အဝတ်အစားတွေ ကြွက်ကိုက်ကုန်တာ"

"ဗိုက်ဆာလို့စားတာပဲ မမရ"

"စားတာစားပေါ့၊ လက်ဆေးပြီး လက်သုတ်ပဝါနဲ့သုတ်တာ





ဘယ်လောက်များပင်ပန်းလို့လဲ"

"မမပဲခေါ်နေပြီးတော့"

"ကဲ! သွားသွား. . . ဦးငယ်ခေါ်နေတယ်"

"ဦးငယ်က ဘယ်မှာလဲ"

"ဧည့်ခန်းမှာ"

အလယ်ခန်းကိုအပြေးဖြတ်၍ ဧည့်ခန်းကိုရောက်တော့ ဦး ငယ်နှင့်အန်တီနှင်းက အပြင်ထွက်ရန်အသင့်ဖြင့်နေလေပြီ။

"ဦးငယ်၊ သျှားကိုခေါ်တယ်ဆို"

"အေး၊ သမီး၊ ဘာမှထွေထွေထူးထူးပြောဖို့မဟုတ်ပါဘူး။ ဒီ ညနေ မိုးသန့်ဖြူရောက်လာရင် သမီးက နည်းနည်းဆင်ခြင်ပေးဖို့ ပဲ။ အရင်လို အိမ်ကအခန်းတွေကို စွပ်ကယ်စွပ်ကယ်ဝင်ထွက်တဲ့ အကျင့်ကိုဖျောက်တော့။ သူစိမ်းတစ်ယောက်ရှေ့မှာ ဦးငယ်တို့မ အနေအထိုင်မတတ်ဘူးဆိုပြီး မျက်နှာမပျက်ပါရစေနဲ့၊ ကြားလား"

"ဟင်! ဒါဖြင့် သျှားကချောင်ကပ်ပြီး ငြိမ်နေရမှာလား ဦးငယ် ရဲ့"

"ဒီလိုလည်းမဟုတ်ဘူးလေသမီးရယ်။ သူက အဆောင်မှာနေ မယ်လို့ပြောပါတယ်။ စားသောက်ဖို့ အခက်အခဲတွေရှိနေမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



အန်တီနှင်းက ဒီမှာပဲနေဖို့အကြံပေးလိုက်တာပါ"

"စိတ်ရှုပ်စရာကြီးကွာ"

"သမီးနော်. . . ပြောနေတဲ့ကြားက ရောင့်မတက်နဲ့။ သျှိုပြိမ် သလောက် သမီးကိုတစ်ချိန်လုံးပြောနေရတာပဲ။ ဆင်ခြင်မှပေါ့"

"ကဲပါ. . . ကိုအောင်ရယ်။ ရထားဆိုက်တာမမီဘဲ နောက်ကျသွားဦးမယ်။ သွားစို့"

ဦးငယ်တို့ကားလေးထွက်သွားတော့ သူမ ပွစိပွစိရေရွတ်ရင်းကျန်ရစ်ခဲ့၏။ မမကအပေါ်ထပ်သို့တက်သွားသည်မို့ သူမခြံထဲဆင်းလာခဲ့သည်။ မြက်ခင်းစပ်ရှိဒန်းပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း အတွေးနယ်ချဲ့နေမိ၏။

မိုးသန့်ဖြူတဲ့လား. . . နာမည်လေးကတော့အဆန်းပဲ။ လူကတော့ ဘယ်ပုံဘယ် size မှန်းမသိရသေး။ ဦးငယ်တို့ဘက်က သိပ်အရေးပေးနေတာကတော့ မျက်မြင်ပင်။

အန်တီနှင်းပြောတာတော့ ဖေဖေ့ငယ်သူငယ်ချင်းရဲ့သားဆိုပဲ။ သူမတို့ငယ်ငယ်တုန်းက သူတို့မြို့မှာအတူနေခဲ့ဖူးတာတဲ့။ မမှတ်မိပေါင်။ သူမက ယခုလက်ရှိပစ္စုပ္ပန်ကိုသာ စိတ်ကူးတတ်တဲ့သူ။ အတိတ်တွေ၊ အနာဂတ်တွေအတွက် ပြန်လည်မအောက်မေ့တတ်၊





ကြိုလည်း မပူပန်တတ်။ ဘာလို့လဲဆိုတော့ သူမက ဘွားဘွားရဲ့အသည်းကျော်ဖြစ်နေတာကိုး။ ဘွားဘွားဆိုတာ ဖေဖေနဲ့ဦးငယ်ရဲ့အမေ။ မန္တလေးမှာ အချမ်းသာဆုံး မြို့မျက်နှာဖုံးတစ်ဦးပေကိုး။ ဘွားဘွားပိုင်တဲ့ဟိုတယ်တွေ၊ ဆိုင်တွေ၊ ပွဲရုံတွေဆိုတာ ရေတွက်လို့မရအောင်များတာ၊ မန္တလေးတစ်မြို့လုံးအသိ။

ဖေဖေတို့ညီအစ်ကိုသုံးယောက်ထဲမှာ အလတ်ဖြစ်ပေမယ့် ဖေဖေ့ကို ဘွားဘွားက အချစ်ဆုံး။ ဘထွေးက ဘွားဘွားသဘောမတူတဲ့လူနဲ့လိုက်ပြေးခဲ့တာမို့ ရှင်ခန်းဖြတ်ခဲ့ပေမယ့် မမကိုမွေးတော့ ပြန်ခေါ်ခဲ့တာပင်။ ပွဲရုံတွေဦးစီးခိုင်းပြီး ကုန်ကူးလိုက်ရာမှ ဘထွေးရောဖေဖေပါ ကားမှောက်သည့်အထဲ ပါခဲ့ရရှာတာ။ နဂိုက နှလုံးရောဂါအခံရှိတဲ့မေမေပါ ဒီသတင်းကြားကြားချင်း shock ဖြစ်ပြီး နှလုံးရပ်ခဲ့ရတာ။ ခုတော့. . . သူမက တစ်ကောင်ကြွက်ဘဝဖြစ်ခဲ့ရတာပင်။

ကြီးခင်က ဘွားဘွားနဲ့အတူ မန္တလေးမှာပင်နေပြီး သူမတို့ညီအစ်မနှစ်ယောက်ကိုကျောင်းတက်ဖို့ ရန်ကုန်မှာရှိတဲ့ ဦးငယ်ထံပို့ထားတာ။ ခုဆို (၈)နှစ်ကျော်ရှိနေပြီ။ မန္တလေးမှာ လူရှုပ်တွေပေါလို့၊ သူမတို့ကိုစိတ်မချဘူးဆိုပြီး အန်တီနှင်းရဲ့လက်ထဲသို့ အပ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာပင်။ အန်တီနှင်းက စည်းကမ်းကြီးသည့် အထက်တန်းကျောင်း ဆရာမပေကိုး။

"သွားရေ"

"ဗျာ"

"နင် ရေမချိုးသေးဘူးလား။ ညနေစောင်းနေပြီလေ။ တော်ကြာ ဧည့်သည်ပါလာရင် ရေချိုးခန်းလုနေရဦးမယ်"

"စောပါသေးတယ်မမရာ"

"နင်ဟာလေ. . . ပြောလိုက်ရင် ဒီလိုချည်းပဲ။ ဘယ်တော့မှ တင်ကြိုစီစဉ်လေ့မရှိဘူး။ အဲဒါတွေကြောင့် လူတွေနဲ့ပေါင်းလို့မရတာ။ အချိုးက တစ်စက်ကလေးမှမပြောဘူး။ တကယ်ပဲ"

မမက ဝရန်တာပေါ်မှထွက်အော်လိုက်ပြီး အိမ်ထဲသို့ပြန်ဝင်သွားလေ၏။ သူမနှာခေါင်းရှုံ့၍ ဒန်းကိုလွှဲလိုက်သည်။ ဦးငယ်တိုက်လေးက ပေ (၈၀×၁၀၀) မှာ ရှည်ရှည်လေးဆောက်ထားပြီး ရှေ့မှာ မြေအနည်းငယ်သာပိုပါ၏။ အိပ်ခန်းလေးတွေက အတော်အသင့်သာကျယ်ပြီး အပေါ်ထပ်မှာ ဘုရားခန်း Hall တစ်ခု၊ အိပ်ခန်းလေးခန်းနှင့် ရေချိုးခန်းအိမ်သာရှိပါသည်။ အောက်ထပ်မှာက ဧည့်ခန်းက အနေတော်၊ ပြီးရင် အိပ်ခန်းနှစ်ခန်းနှင့် ထမင်းစားခန်း၊





နောက် ရေချိုးခန်းနှင့် အိမ်သာ၊ မီးဖိုချောင်ရှိ၏။ အပေါ်ထပ် Bathrrom မှာက bath tub ရော jet ရောပါပြီး Toilet ကိုပါ ခေတ်မီမီ ဘိုထိုင်လုပ်ထားလေသည်။

အောက်ထပ်ရေချိုးခန်းမှာတော့ အုတ်ကန်ကိုသာ ထားပေးထားပြီး Toilet ကလည်း ရိုးရိုးရေလောင်းအိမ်သာပုံစံပင်။ သူမနှင့် မမက ဘာမဆိုအရာရာဆန့်ကျင့်ဘက်တွေမို့ မမက သူဌေးမကြီး၏မြေးပီပီ ကောင်းပေ့ညွှတ်ပေ့ဆိုတာတွေသာသုံးသည်၊ ကြိုက်သည်လေ။ ပြီးတော့ သူမက ဟန်ဆောင်ရမှာကို လိပ်ပြာမလုံဆုံး။ ရေချိုးကန်ထဲမှာ စိမ်ပြေနပြေရေစိမ်တာထက် ကန်ထဲကရေတွေကို ဖလားကြီးဖြင့်ခပ်ကာ တဝုန်းဝုန်းလောင်းချိုးရတာကိုသာ နှစ်သက်၏။

အပေါ်ထပ် ဘုရားခန်းဘေးရှိအခန်း၌ ဦးငယ်နှင့် အန်တီနှင်းနေကာ မျက်နှာချင်းဆိုင်အခန်းမှာက မမနေပါသည်။ ဦးငယ်တို့ဘေးခန်းမှာ ပစ္စည်းတွေသိမ်းထားတာမို့ စတိုခန်းသန့်သန့်လေးပင်။ မမအခန်းဘေးရှိအခန်းကတော့ ဧည့်သည်လာလျှင် နားရန် အဆင်သင့်ပြင်ဆင်ထားသည့်အခန်းလွတ်ပင်။ အောက်ထပ်မှာလည်း သူမအခန်းနှင့်တစ်ဖက်အခန်းက အလွတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းသားလာလျှင် အပေါ်ထပ်အောက်ထပ် ကြိုက်ရာရွေးခိုင်းမှာမို့ အဆင်သင့်တော့လုပ်ပေးထားပါ၏။ အန်တီနှင်းက အိမ်မှာ လူပိုသီးသန့်ခေါ်မထားပါချေ။ မမက ဆယ်တန်းအောင်ပြီး E-major တက်နေတာမို့ အိမ်ကိုအမြဲသော့ခတ်ခဲ့ရမြဲဖြစ်၏။

"ဟော!"

ဖွင့်ထားသည့်တံခါးမှ ဦးငယ်ကားဝင်လာတော့ သူမ ဒန်းလွှဲနေတာကို ရပ်လိုက်၏။ တိုက်ရှေ့မှာကားလေးရပ်သွားပြီး နောက်ခန်းမှ အသားဖြူဖြူနှင့် ခပ်သန့်သန့်လူငယ်တစ်ဦး ဆင်းလာလေသည်။ အားပါးပါး. . . လှလိုက်တဲ့မျက်ခုံးကြီးပါလားနော်။ ခပ်လှမ်းလှမ်းကတွေ့ရတာတောင် ထင်းခနဲမြင်သာသည့်မျက်ခုံးစိမ်းစိမ်းတွေကိုသဘောကျသွားမိပြီး စိုးရိမ်စိတ်ကပါ ရင်ထဲမှာဖြစ်တည်လာ၏။ အင်း. . . မိမျိုးတို့အုပ်စုတွေ့ရင်တော့ ပြဿနာပဲ။ နဂိုကတည်းက ကောင်လေးချောချောလေးတွေ့တာနဲ့ ဝိုင်းလုတတ်ကြသည့်ငကဲမတွေလေ။

ဦးငယ်နှင့်အတူ သူပါ တိုက်ထဲဝင်သွားတော့မှ သူမ, ဒန်းမှာထိုင်နေရာမှ ထရပ်လိုက်၏။ ခြံထောင့်ရှိ မာလကာပင်မှာ အသီးတို့ပွနေလေပြီ။ သူမ, မာလကာပင်ဆီပြေးခဲ့စဉ် တိုက်ထဲမှဦးငယ်အသံ





ထွက်လာလေ၏။

"သမီးငယ်. . . သျှား"

"ဗျာ!"

"အဲဒါ ဘာလုပ်ဦးမလို့လဲ. . . လာခဲ့"

သူမခြေလှမ်းကိုနောက်ပြန်လှည့်လိုက်ရပြီး တိုက်ထဲဝင်လာခဲ့ပါ၏။ ဧည့်ခန်းထဲမှာ လူစုံရှိနေကာ မမဖျော်တိုက်သည့် စတော်ဘယ်ရီဖျော်ရည်ပင် သောက်နေကြချေပြီ။

"တွေ့လား. . . ခုထိ ရေမချိုးရသေးဘူး"

အန်တီနှင်းက မျက်စောင်းခဲ၍ပြောလိုက်တာကို မကြားချင်ယောင်ဆောင်၍ ဆက်တီခုံမှာ ဝင်ထိုင်လိုက်၏။ မမက ရေချိုးပြီးကာ လန်းဆန်းလှပလို့ပါလား။ အိမ်နေ blouse အဝါဖျော့ဖျော့ကို လုံချည်ပြောင်အနက်နှင့်တွဲဝတ်ထားကာ တင်ပါးအထိဖုံးသည့်ဆံပင်တွေကို သိုးမွေးကွင်းဖြင့် ခပ်ဖွဖွလျော့လျော့လေး စည်းနှောင်ထားလေ၏။

"ဒါ. . . ဦးငယ်တူမတွေပဲ။ သူကအကြီး သျှိုလေ၊ အဝေးသင် E-major တက်နေတယ်၊ First Year ပေါ့။ အငယ်မက သျှား၊ သူက ဒီနှစ်ဆယ်တန်းတက်မှာ။ သမီးတို့လည်း မှတ်ထားကြ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ရဲ့သူငယ်ချင်းဖြစ်တဲ့ ကိုကျော်မိုးရဲ့တစ်ဦးတည်းသောသား မိုးသန့်ဖြူတဲ့။ ဒီမှာဆေးကျောင်းလေးနှစ်ဆက်တက်ဖို့ ရောက်လာတာ"

"ဟုတ်ကဲ့"

မမထံမှ အပြုံးယဲ့ယဲ့နှင့် လေသံတိုးလျလျထွက်လာသော်လည်း သူမကခပ်တည်တည်ပင် သူ့ကိုပြန်စိုက်ကြည့်လိုက်မိ၏။ သူ့မျက်ဝန်းများနှင့်ဆုံသွားချိန်မှာ ထိုမျက်ဝန်းနက်များက စကားလုံးပေါင်းများစွာပေါ်လွင်နေသည်ကို သူမ မြင်လိုက်မိသော်ငြား ဘာသာမပြန်တတ်ခဲ့ပါချေ။

"သား အပေါ်ထပ်မှာနေမှာလား"

"အောက်ထပ်မှာ ဘယ်သူတွေနေလဲ ဦးငယ်"

"သျှားတစ်ယောက်ပဲနေတာ"

"ဒါဖြင့် ကျွန်တော် အောက်ထပ်မှာပဲနေမယ်, ဦးငယ်"

"သမီးကြီးက ပစ္စည်းတွေ အခန်းထဲကူသယ်ပေးလိုက်နော်"

"ဟုတ်ကဲ့ အန့်တီနှင်း"

"ရပါတယ် ကျွန်တော့်ဟာကျွန်တော်ပဲ သယ်ပါ့မယ်"

"သားက ပင်ပန်းလာတာလေ၊ ရေချိုးတော့၊ ပြီးရင် ထမင်း





စားရအောင်"

✲

သူက ခုတင်ထက်မှာ သေတ္တာကိုတင်လိုက်ပြီး ဖွင့်လိုက်ပါ၏။ ရေချိုးပြီးဝတ်မည့်ဝတ်စုံတစ်စုံကိုအဆင့်သင့်ထုတ်လိုက်စဉ် သျှီက ဗီရိုဖွင့်ကာ အဝတ်တွေစီထည့်ပေးလေသည်။

"ကိုသန့်, ကန်နဲ့ပဲချိုးတတ်ရင် အပေါ်ထပ်မှာနေသင့်တယ်"

"အောက်ထပ်က ရေချိုးခန်းက ဘာဖြစ်လို့လဲ"

"အုတ်ကန်ပဲရှိလို့ပါ။ ဒါပေမဲ့ ရေပန်းတော့တပ်ထားပါတယ်"

"ရပါတယ် . . . ကိစ္စမရှိပါဘူး"

သူ, ရေလဲပုဆိုးနှင့် Towel ကို ပခုံးထက်တင်၍ ရေချိုးခန်းသို့သွားရန် အခန်းတံခါးရှိရာဆီလှမ်းခဲ့စဉ် သျှီ့ထံမှအသံသဲ့သဲ့ထွက်လာပြန်၏။

"ရေချိုးခန်းက ဒီရှေ့တည့်တည့်မှာနော်"

သူဘာမှမပြောဘဲ အခန်းပြင်ထွက်ကာ အိမ်ထဲတည့်တည့်ဆက်လျှောက်လာခဲ့၏။ bathroom lock ကိုလှည့်လိုက်ချိန်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ လူရှိနေမှန်းသိလိုက်ရ၏။

"ရင်မှာခံစား သူ့မမြင်နိုင်ပြီ×××အသည်းထဲက×××အတွင်းကြေ×××"

ကလစ်ခနဲ တံခါးဖွင့်သံနှင့်အတူ အာပြဲကြီးဖြင့် အော်လိုက်သည့်သီချင်းသံကြောင့် သူ တွန့်ခနဲဖြစ်သွားပါ၏။ အထဲမှ ရေချိုးပြီးဝတ်သည့် မွေးပွ dress ဖြင့် ထွက်လာသည့်ချာတိတ်မက သူ့ကို ဘုကြည့်ကြည့်လိုက်ပြန်လေသည်။

ခက်တာပဲ. . . ဤချာတိတ်မ ဒီလိုကြည့်တတ်တာ style တစ်မျိုးပဲထင်ပါရဲ့။ သူ့ ရေချိုးခန်းထဲဝင်၍ ရေပန်းကိုဖွင့်ချကာ အတွေးတို့က မော်လမြိုင်ဆီသို့ ပျံ့သွားမိလေ၏။

ဘွားဘွားဒေါ်ရွှေအိမ်စည်၏ မြေးမလေးသတင်းက သူ မန္တလေးမှာ ကျောင်းတက်နေစဉ်အတွင်း အတော့်ကိုမွှေးနေသည်ပင်။ အမွှေတွေတစ်ပုံတစ်ပင်ကြီးရမှာထက် ပုရိသတွေရဲ့အသည်းနှလုံးကိုကိုင်လှုပ်နိုင်စွမ်းရှိသည်ဆိုပဲ။ အလယ်တန်းကျောင်းသူဘဝကဘည်းက ဒီလိုသတင်းမွှေးသည့်မိန်းကလေးမျိုးနှင့် မနီးစပ်စေရန် မေမေက သူ့ကိုအတန်တန်သတိပေးခဲ့တာမဟုတ်လား။

ခုတော့. . . ဒီရန်ကုန်ကျောင်းကိုပြောင်းမှပဲ တိုက်တိုက်ဆိုင်





ဆိုင် တစ်အိမ်တည်းလာဆုံနေရတယ်လို့။

ထားပါတော့လေ. . . ဒီလိုချွတ်မလေးလောက်များ သူဂရုစိုက်စရာလား။ သူ့ဘဝမှာ ရည်မှန်းချက်ပြည့်ဖို့ကသာ အဓိကပင်။ မန္တလေးမှာ အဆောင်ကောင်းကောင်းဖြင့်နေရတာ မှန်သော်လည်း သူ့စိတ်ထဲမှန်းကျပ်လွန်းလှသဖြင့် Result ထွက်သည်နှင့် ကျောင်းပြောင်းခဲ့တာဖြစ်၏။ ဦးငယ်နှင့်အန်တီနှင်းက အတင်းခေါ်တာမို့ သူငြင်းရမှာ အားနာ၍လိုက်လာခဲ့တာပင်။

မေမေသာ သူ ဒီအိမ်မှာ ဘွားအိမ်စည်မြေးနှင့်အတူနေသည်ဟုကြားလျှင် ဘာပြောလေမည်နည်း။ စိတ်ထဲမှာ ရှုပ်ထွေးနေတာတော့အမှန်ပင်ဖြစ်လေသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကဲ့လားကွယ်

## အခန်း ( ၂ )

ဟော. . . ကြုံပြန်ပြီ။ ဒီကောင်မလေးနဲ့တော့ မလွယ်တော့ပါဘူး။ မနက်စောစောထတာတောင်မှ ရေချိုးခန်းရော Toilet ဝင်တာပါ တိုက်ဆိုင်ရတယ်လို့။

"ဒုန်း!. . . ဒုန်း!. . . ဒုန်း!"

"အထဲက မပြီးသေးဘူးလား၊ မြန်မြန်"

အံမာ. . . မနေ့ကမှ ရောက်လာတယ်၊ ညှော်သည်ကများ စွာကျယ်လှချည်လား။ သွားကို ဒီလိုပညာလာစမ်းလို့ရမယ်မထင်နဲ့။ အိမ်သာတက်ပြီးလို့ ကာတွန်းကိုပြီးအောင် ထိုင်ဖတ်နေပါတယ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုမှ ရှိုစုမဲ့စုဇိမ်လေးတွေ ဘယ်ထွက်ပြေးကုန်ပါလိမ့်။

"ဒုန်း!. . . ဒုန်း!"

"ဟေ့"

"ဟာ! ဘယ်လိုဖြစ်နေတာလဲဗျ"

"မင်းဝင်တာ နာရီဝက်ကျော်နေပြီလေကွာ။ တော်သင့်ပြီပေါ့ကွ"

"ကျွန်တော် ဝမ်းနှုတ်ဆေးစားထားလို့ ဗိုက်ရစ်နေတယ်ဗျ။ စောင့်ဦး"

"ကျွတ်! ငါအပြင်သွားစရာရှိသေးတယ်ကွ"

"မသိဘူးဗျာ၊ စောင့်ဆိုစောင့်ပေါ့"

လိပ်ခေါင်းထွက်တဲ့ထိ ထိုင်နေလားမသိပါဘူး။ သူ့ပွစိပွစိ ရေရွတ်တော့ အထဲမှကျိတ်ရယ်သံကိုကြားလိုက်ရလေ၏။

ကြည့်စမ်း! ဒီကောင်မလေး သူ့ကိုပညာပြနေတာပါလား။

"ဟေ့! ပြီးရင်လည်းထွက်ခဲ့လေ။ ဘာလဲ. . . အထဲမှာ တော်တော်အနံ့အသက်မွှေးလို့ ဆက်ထိုင်နေတာလား"

"ဘာဗျ"

ရေဆွဲချသံမရှေးမနှောင်းမှာ တံခါးက ကလစ်ခနဲပွင့်လာပြီး.





လက်ထဲမှာ ကာတွန်းစာအုပ်ကိုင်လျက် ထွက်လာသည့်သူမကိုတွေ့လိုက်ရလေ၏။ ဩော်! ဒါကြောင့်ဇိမ်ကျနေတာကိုး။

"ဘယ်လိုလဲဗျ၊ နည်းနည်းပါးပါး အလိုက်သိမှပေါ့ နားလည်မှုကိုမရှိဘူး"

"နားလည်မှုမရှိတာက မင်းကွ။ မင်းဝင်နေတာ (၆)နာရီ (၁၀)မိနစ်ကတည်းက၊ အခု (၇)နာရီထိုးဖို့ (၁၅) မိနစ်ပဲလိုတော့တယ်၊ စဉ်းစားကြည့်ဦး"

"ဘာဗျ. ကျွန်တော်အိမ်သာတက်တဲ့အချိန်ကို ခင်ဗျားစောင့်ကြည့်စရာလား. . . ခင်ဗျားနော်"

"ငါသွားစရာရှိလို့ပေါ့ကွ၊ အားအားယားယား မင်းကိုဘာကိစ္စစောင့်ကြည့်ရဦးမှာလဲ၊ အနေသာကြီး. . . ဝေးသေး"

"ခင်ဗျားနော်"

"ဟဲ့! ဘာဖြစ်နေကြတာလဲ"

အပေါ်ထပ်လှေကားမှ အန်တီနှင်းဆင်းလာသံကြားလိုက်ရတာမို့ သူမတို့စကားများနေတာ ရပ်သွားရလေ၏။ အန်တီနှင်းက မျက်လုံးပြူးမျက်ဆံပြူးဖြင့်ရောက်လာပါသည်၊

"ဘာဖြစ်တာလဲ သျှား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ. . . သျှားအိမ်သာတက်တာကို နာရီတွေမိနစ်တွေ မှတ်ပြီး လူစွာလုပ်နေလို့"

"မဟုတ်ပါဘူးအန်တီ။ ကျွန်တော် Toilet ဝင်မလို့စောင့်နေတာကြာပြီမို့ တံခါးခေါက်လိုက်မိတာကို သူပြဿနာရှာတာခင်ဗျ"

"ဟုတ်သားပဲ. . . သျှားကလည်း Toilet ကို အရင်လိုတစ်ယောက်တည်း မောင်ပိုင်မစီးနဲ့လေ။ အခု ကိုကိုရောက်နေတာသိတတ်မှပေါ့။ နောက်ကို (၁၅)မိနစ်ပဲဝင်ရမယ်. . . ကာတွန်းကို Toilet ထဲမှာ မဖတ်ရဘူး"

"အာ! သျှားအထဲမှာ ဒီတိုင်းကြီးမထိုင်တတ်ဘူး၊ အန်တီနှင်းသိရဲ့သားနဲ့"

"မရဘူး. . . ရအောင်ကျင့်ရမယ် ဒါပဲ။ ဘယ့်နှယ် ဒီလောက်ကအစ လိုက်ပြောရင် မကောင်းတော့ဘူး၊ သျှိက သားဦးကိုသနပ်ခါးလူးပေးနေပြီး နင်က ခုထိ မျက်နှာမှာ ပြောင်သလင်းခါတုန်း၊ ဒါ မိန်းကလေးလား"

သူမ မျက်နှာလေး စူပုပ်သွားရလေ၏။ လာပြီ. . . မမလုလုလေးနေတတ်တာကို နမူနာယူပြီး အပျိုကြီးဂိုက်ဖမ်းခိုင်းတော့မယ်။ မလုချင်ပါဘူး။ အလှပြင်တယ်ဆိုတာ ကိုယ့်ဖို့မှမဟုတ်တာ။





သူများတွေဝိုင်းကြည့်တာကိုခံချင်လို့ ရှုံးစမိုးစတိုင်ထုတ်ရတာ စိတ်အိုက်စရာများ။ သျှားတို့ကတော့ မလုပ်ပေါင်။

"ရေမချိုးရသေးဘူးမဟုတ်လား"

"ဟင့်အင်း"

"ချိုးတော့လေ၊ ဦးငယ် ကျူရှင်လိုက်အပ်ပေးမယ်လို့ပြောထားတယ်မဟုတ်လား"

"မာ! တက်ချင်ပါဘူး။ ကျောင်းရော, ကျူရှင်ရော၊ ပြီးရင် Guide ပါလာဦးမှာ။ သျှားဆော့ဖို့ အချိန်တွေလျော့ကုန်မှာပေါ့။ မတက်ဘူး"

"ဟဲ့! နင် ဒီနှစ်ဆယ်တန်းရောက်ပြီနော်။ နင့်ကိုယ်နင် (၁၀) နှစ်သမီးမှတ်နေတုန်းလား"

"အန်တီနှင်းနော်"

သူပြုံးစိစိဖြစ်သွားတော့ သူမက ဘုကြည့်ပြန်ကြည့်လေ၏။ Toilet တံခါးကိုဖွင့်ကာဝင်လိုက်ရင်း တီးတိုးရယ်လိုက်မိသည်။ ဆယ်တန်းကျောင်းသူပဲဖြစ်နေပြီ။ မျောက်ရှုံးအောင် ဆော့ချင်နေတုန်းကိုး။ ဘယ်လိုလေးမှန်းကိုမသိ။ မျက်လုံးထောင့်ကပ်ပြီး မျက်မှောင်ကြုတ်ကြည့်ပုံကိုက နာရင်းအုပ်ချင်စရာ။ အောက်ထပ်မှာ သူမအစ်

www.burmeseclassic.com



ယောက်တည်း ဗိုလ်လုပ်ပြီးနေရာမှ သူရောက်လာ၍ ညစ်ချင်နေပုံ ရလေသည်။ ဒီကောင်မလေးနဲ့သူတော့ ဘယ်ဘဝရေစက်မှန်းမသိ။ စမြင်လိုက်ကတည်းက အချိုးမှမတည့်ပေပဲကိုး။

Breakfast ဝိုင်းရောက်တော့ ရေမိုးချိုးပြီး သပ်သပ်ရပ်ရပ် ဖြစ်နေသည့်သူမကိုမြင်လိုက်ရပါ၏။ သျှိက coffee ကရားနှင့် မုန့် ပန်းကန်တွေကို ပြင်ဆင်ပေးနေလေသည်။

"သွား. . . coffee ကြိုက်ရဲ့လား"

"ကြိုက်တယ်ရယ်လို့မဟုတ်ပါဘူး ဦးငယ်။ ဒါပေမဲ့ လက်ဖက် ရည်ကို ပိုကြိုက်ပါတယ်"

"သမီးကြီးရေ. . . သမီးကိုကိုဖို့ Teamix တစ်ခွက်ဖျော်ပေး လိုက်ပါဦး"

"နေပါစေ. . . ဦးငယ်"

"ဟာ! အဲဒါ သျှားဖို့ ဘွားဘွားပို့လိုက်တဲ့ Teamix တွေလေ။ သူ့ဖို့မှမပါဘဲ ဦးငယ်ရဲ့။ မတိုက်ဘူး"

"ဟဲ့! ပုပ်ပြန်ပြီ ဒီစိတ်က။ ညည်းတစ်ယောက်တည်း ကုန် အောင်ဖြင့် မသောက်နိုင်ဘဲနဲ့"

"ကုန်ပါတယ် အန်တီနှင်းရဲ့။ သျှား တစ်နေ့သုံးလေးထုပ် သောက်တဲ့ဟာကို"

"သမီးငယ်. . . အဲဒီလိုမတွန့်တိုကောင်းဘူးလေ။ ကုန်သွား လည်း ဦးငယ်ဖြည့်ပေးတာပဲကို"

ဦးငယ်ဝင်ပြောတာမို့ သူမဘာမှပြန်မပြောတော့ဘဲ စားပွဲ အလယ်နားမှာရှိနေသည့်ဘီစကစ်ပန်းကန်ကို ရှေ့နားသို့ဆွဲယူထား လိုက်လေ၏။

"ဟောကြည့်"

"ဦးငယ်ကလည်း. . . ဒါ, သျှားကြိုက်တဲ့မုန့်ပဲဟာကို"

"သားလည်းစားချင်စားမှာပေါ့သမီးငယ်ရဲ့။ ကျန်တဲ့မုန့်တွေ က အချိုတွေချည်းဉစ္စာ"

"အေးလေ. . . မောင်သန့် အချိုကြိုက်လား၊ အဆိမ့်ကြိုက် လား. . . သား"

"အဆိမ့်ပါ အန်တီ"

"ဟာ! ခင်ဗျားနော်။ ကျွန်တော်ကြိုက်တာတွေကို တမင်လု ကြိုက်နေတာမဟုတ်လား"

"မဟုတ်ပါဘူး"

"သမီးငယ် မရိုင်းရဘူးလေ။ ဘယ့်နှယ် ခင်ဗျားလဲ၊ ကိုကို







www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်စမ်း"

"သျှားအစ်ကိုမှမဟုတ်တာ ဦးငယ်ကလည်း"

"လျှာမရှည်နဲ့၊ ခေါ်ဆိုခေါ်မှပေါ့"

အန်တီနှင်းက သားဦးကိုမုန့်ခွံ့ကျွေးနေရာမှ မျက်စောင်းခဲလိုက်လေ၏။ မမက သူမမုန့်ပန်းကန်ကို စားပွဲအလယ်သို့ပြန်ရွှေ့ပေးကာ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

တောက်! အလကားလူကြီး။ သူရောက်လာတာနဲ့ သျှားဝေစုတွေပွဲ့ကုန်ပြီ။ ဦးငယ်တို့အန်တီနှင်းတို့ကလည်း သားယောကျ်ားလေးချစ်တတ်သူပီပီ သူ့ကို သျှားထက်ပိုပြီးအချစ်ပိုနေသလိုပင်။

မကျေနပ်ပါဘူး။ ဟိုမှာဆို သျှားက ဗိုလ်ပဲ။ စားချင်သလိုစား၊ သွားချင်သလိုသွား၊ စိတ်တိုင်းကျနေခဲ့ရတာ။ ခု, အန်တီနှင်းတို့နှင့်နေမှ စည်းကမ်းတကျနေရတာမို့ စိတ်ရောလူပါ ညစ်ရသည်မဟုတ်လား။

"သူ့ကိုတော့ နားလည်ပေး, သားရေ။ အိမ်မှာ ဗိုလ်ကျလာခဲ့တာဆိုတော့ ထောင့်ကိုမကျိုးဘူး။ သူ့အန်တီနဲ့နေမှ နည်းနည်းအချိုးပြေလာတာ။ အစားမက်၊ အဆော့မက်၊ အအိပ်မက်တာတော့ ပြောမနေနဲ့"





"စာကျက်ပျင်းတာလည်း ထည့်ပြောဦးလေ ကိုအောင်ရဲ့"

"အေး. . . ခုလည်း ကျူရှင်မတက်ဘူးလို့ ဂျစ်နေတယ်ဆို။ ဆရာမအိမ်က ဒီလမ်းထိပ်လေးတင်၊ ညည်းစက်ဘီးနဲ့သွားရင် ရွှတ်ခနဲရောက်တဲ့ဟာကို"

"ကိုအောင့်တူမက သူ့ဆော့ချိန်မရှိတော့မှာစိုးလို့တဲ့လေ"

အန်တီနှင်းက ထောင့်စေ့အောင်ချွန်နေတာမို့ သူမ လက်ဖက်ရည်ကောက်မော့လိုက်ပြီး နှုတ်ခမ်းကိုစူထားလိုက်ပါ၏။ သူက ဦးငယ်ပြောတာကို နားစိုက်ထောင်နေလေသည်။ မမက ကော်ဖီကို ဖြည်းဖြည်းချင်းသောက်နေလေ၏။

"ကစားချိန်ကိုလျှော့သင့်ပြီ သမီးငယ်။ ဖြစ်ချင်တာက အင်ဂျင်နီယာ၊ ဆယ်တန်းကို ခုကတည်းက ကြိုမတက်ရင် သမီးလိုချင်တဲ့လိုင်း ဘယ်ရတော့မှာလဲ"

"သျှားဟာသျှား စာကျက်မှာပေါ့ဦးငယ်ရဲ့"

"စာအုပ်ကိုင်တာနဲ့ ငိုက်တဲ့လူစကားကိုယုံရမှာလား"

"သျှား ကျူရှင်မယူချင်ဘူး"

"မယူလို့မဖြစ်ဘူးလေ သမီးရဲ့. . . တော်ကြာ မေမေကသူ့အသည်းကျော်မြေးမလေးကိုစိတ်တိုင်းကျမဖြစ်ရင် ဦးငယ်အပြော



www.burmeseclassic.com

www.burmeseclassic.com



ခံရမှာ"

"သျှား ဒီနှစ်အရေးကြီးမှန်းသိပါတယ် ဦးငယ်ရဲ့၊ ကြိုးစားမှာပါ"

"ဆယ်တန်းမှာ Control လုပ်နိုင်မှဖြစ်မှာပါ။ ကျွန်တော်တောင် အချိန်ပြည့်စာကျက်ခဲ့လို့ All D ပါခဲ့တာ"

"ခင်ဗျားဂုဏ်ထူးပါတာကို မကြွားချင်ပါနဲ့။ ကျွန်တော့်ခေါင်းကလည်း ခပ်ညံ့ညံ့မဟုတ်ဘူး။ စောင့်ကြည့်လိုက်ဦး၊ ကျွန်တော့်ဂုဏ်ထူးက ခင်ဗျားထက်မနည်းစေရဘူး"

"ပြောပြန်ပြီလား. . . ဒီခင်ဗျားကြီးကို။ လူကြီးပြောရင် နားထောင်မှပေါ့။ အစ်ကိုက လမ်းပြရင် နာခံမယ်မရှိဘူး။ ကိုယ်က အငယ်၊ ရိုသေသမှုရှိမှပေါ့သမီးငယ်"

"ဦးငယ်နော်. . . သူရောက်လာတာနဲ့ သျှားကိုအချစ်တွေ ပေါ့ကုန်ပြီ"

"ကဲ! ပြောနေရင်း ဆိုးပြန်ပြီ သျှားရယ်။ ညည်းကိုပြောရတာ ပါးစပ်ကိုမပိတ်ရဘူး"

"သျှားက ကျောင်းရော၊ ကျူရှင်ရော ဆက်တိုက်ဖြစ်နေရင် စာကျက်ချိန်လုနေရမှာစိုးလို့ပါအန်တီရဲ့"





"အိပ်ချိန်ကိုလျှော့ပေါ့။ ဆယ်တန်းကျောင်းသား၊ ကျောင်းသူတိုင်း အိပ်ချိန်လေးနာရီရှိရင် လုံလောက်တယ်။ ဒီလောက်ကြိုးစားမှ၊ အပင်ပန်းခံမှ ကိုယ်ရည်မှန်းထားတဲ့အတိုင်းဖြစ်မှာ"

"သျှားက အိပ်ရေးမဝရင် တစ်နေကုန်ခေါင်းကိုက်တတ်တာကို"

"ဆင်ခြေက ပေးပြန်ပြီ"

သူမခြေဆောင့်လိုက်စဉ် အန်တီ့လက်ခေါက်က ခေါင်းပေါ် ဒေါက်ခနဲရောက်လေ၏။ ဆရာမမီပီ လက်သံက ပြောင်လည်းပြောင်၊ မြန်လည်းမြန်ပေ့။ ဘွားကိုယ်တိုင် သူမကို ဒီတစ်နှစ်တည်းနဲ့ အပြတ်အောင်မြင်စေချင်တာမို့ ဒီငရဲမှာ သည်းခံနေရတာ။ အိမ်မှာဆို သျှားကို ဘယ်သူမှ လေသံမာမာတောင်ပြောကြတာမဟုတ်။ ဆူဖို့ဆိုဝေးစွ။ ခုတော့ စည်းကမ်းကြီးသည့်ဦးငယ်တို့အိမ်မှာ ပုံစံပေးခံရချေပြီ။ နာကျင်သွားတာထက် ဝမ်းနည်းမှုကပိုတာမို့ မျက်ရည်တောင် ဝဲသွားရလေ၏။

"နားမလည်တာရှိရင် အန်တီ့ကိုပဲဖြစ်ဖြစ်၊ သားကိုပဲဖြစ်ဖြစ် မေးလို့ရတယ်။ ညည်း ဘယ်လောက်ကံကောင်းလိုက်လဲ။ သမီးတွေဆို မသိတာသိချင်လို့တောင် မေးဖို့ဟိုလူ့ရှာ၊ ဒီလူ့ရှာနဲ့ Guide



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲအားကိုး. . ."

"တက်မယ်. . . တက်မယ်၊ ပြီးရောမဟုတ်လား။ သူ့ကိုတော့ အောက်ကျနောက်ကျခံပြီး မမေးချင်ပါဘူး"

"ဟဲ့! မဟုတ်တာပြောပြန်ပြီ။ အစ်ကိုကို ပြိုင်ဘက်မှတ်နေလား။ မောင်သန့်ရယ်. . . သားညီမကို အမြင်မတော်တာတွေ့ရင် ဆုံးမပေးပါဦး။ သူကြောက်တဲ့လူရယ်လို့ ဘယ်သူမှရှိတာမဟုတ်ဘူး။ အန်တီတို့ကိုတောင် မလွဲသာလို့စကားနားထောင်နေတာ။ ဘွားအေက မတရားအလိုလိုက်တော့ ကမ်းကုန်အောင်ဆိုးတာ သားအံ့မြင်ပဲ"

"ဟုတ်တယ်, ရိုက်စရာရှိရင်လည်း ရိုက်သာရိုက်၊ အားမနာနဲ့။ ဦးငယ်တို့ကိုဘာမှတိုင်စရာမလိုဘူး။ သားနှမကို သားစိတ်ကြိုက် ဆုံးမခွင့်ရှိတယ်"

သူမမျက်နှာရှစ်ခေါက်ချိုးဖြင့် ခုံမှထရပ်ကာ လက်ဖက်ရည်ခွက်ကိုယူလိုက်စဉ် လက်ထဲမှ လျှောခနဲပြုတ်ကျလာ၏။

"ခွမ်း"

"ကဲ! ပြောရင်ဖြစ်ပြီ။ ဘယ်လိုမိန်းကလေးလဲ သွားရယ်"

"သွား, ဆေးမလိမ့်ပါ"





"ထားခဲ့. . . ထားခဲ့ သွား၊ မမလုပ်လိုက်မယ်"

"လုပ်လိုက်ရင် လျှပ်ပြာလျှပ်ပြာနဲ့"

အဲဒါပဲ. . . အဲဒါပဲ။ သူမက ရှေ့က, ကပျက်ကချော်လုပ်လေ မမက မျက်နှာပွင့်လေဆိုတာ။ သွားကလည်း သွားပါပဲ။ ဒီအရွယ်ထိ မီးဖိုချောင်အလုပ်ကို ဘာတစ်ခုမှလုပ်တတ်တာမဟုတ်။ ယုတ်စွအဆုံး ပန်းကန်တောင် ဖြောင့်ဖြောင့်မဆေးတတ်ပါ။ ဒီလောက်ထောင့်မကျိုးတဲ့မြေးမျိုးကို ဘွားအသည်းတုန်အောင်ချစ်တာ ဆွေမျိုးတွေအလယ်မှာ မနာလိုတွေတောင်ဖြစ်ကြတာမဟုတ်လား။

ငယ်စဉ်ကတည်းက နှစ်စဉ် အတန်းတိုင်းမှာ စာတော်ခဲ့ပါလျက် သူမနာမည်ကို မပျက်ပျက်အောင် သွားပုပ်လေလွင့်ပြောတတ်ခဲ့ကြတာလေ။ ကိုယ့်ကိုယ်ကို ယောကျ်ားဆန်ဆန်နေပါလျက် ကောင်လေးတွေနဲ့ပဲ မလည်ရှုပ်လုပ်သလိုလို ကောလဟာလတွေ ထွက်ခဲ့တာ တစ်မြို့လုံးအနံ့။ လူတွေများ ကိုယ့်ထမင်းကိုယ်စားပြီး သူများအကြောင်း မဟုတ်တယုတ်လျှောက်ပြောချိန် ရကြသေးတာ အံ့ပါရဲ့။

စာလည်းတော်၊ သွက်လည်းသွက်မို့ ဆရာမတိုင်းက ချစ်ခင်တော့ တခြားကျောင်းသူတွေနဲ့ သူတို့မိဘတွေက မကြည်မလင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကိုယ်ထူးချွန်လို့ ဆုတက်ယူရပြန်တော့လည်း ဘွားအေက ချမ်းသာလို့ ဆရာဆရာမတွေကိုပဲ လာဘ်ထိုးထားသလို မှီချိုးမှျစ်ချိုးအပြောခံရသေးတာလေ။ သူမက ဘယ်သူဘာပြောပြော ဂရုစိုက်တဲ့လူမှမဟုတ်ဘဲ။ နေသာသပ လေညာကဆိုတဲ့ဂိုက်မျိုး ချိုးနေခဲ့တာ။ ခုတော့ . . ဒီလူကြီးရှေ့မှာ ဆူပူကြိမ်းမောင်းခံရတော့ စိတ်ခုချင်သား။

မဖြစ်သေးပါဘူးလေ။ ဘွားက လိုလေသေးမရှိထားပေးပါလျက် နေရာတကာ လိုက်ဂျစ်နေမိရင် သူမကိုပဲ အကုန်လုံးက အပြစ်မြင်ကြမှာ။ မလိမ္မာချင်ပေမယ့် လိမ္မာပြရမှာပါပဲ။ ဒါပေမဲ့ ဒင်းကိုတော့ အခဲမကြေပါဘူး။ ဦးငယ်တို့မသိနိုင်မယ့်နည်းမျိုးစုံနဲ့ပြန်ပြီးတိုက်ခိုက်ရမှ ကျေနပ်မှာလေ။

အတွေးဖြင့် သူမပြုံးလျက် ဒန်းပေါ်ထိုင်နေစဉ် အိမ်ထဲမှထွက်လာသည့်သူက ကျောပိုးအိတ်တစ်လုံးနှင့် ခြံပြင်သို့ထွက်သွားလေ၏။ ဟွန်း . . လူ့ခွစာကြီး။ ရှင်ကြီးနဲ့တွေ့ကြရဦးမှာပါ့လေ။

✿ ✿ ✿



## အခန်း ( ၃ )

"ဂိုး! "

အသံမြကြီးနှင့်အော်လိုက်သလို သူ့အခန်းတံခါးကို ဒုန်းခနဲ ထိသံက အကျယ်ကြီး။ မှေးခနဲဖြစ်သွားရာမှ သူလန့်နိုးသွားရပါ၏။ နာရီကိုကြည့်လိုက်တော့ မနက်ဆယ်နာရီရှိနေချေပြီ။ ဘာတွေဖြစ်နေပါလိမ့်။ တံခါးကိုဖွင့်လိုက်စဉ် ဘောလုံးက သူ့မျက်နှာတည့်တည့်သို့ ပြေးဝင်လာလေ၏။

"ဟာ! "

သူ ဖျတ်ခနဲပုတ်ချလိုက်တော့ ဘောလုံးက ညှော်နံ့ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လွင့်သွားလေသည်။ Quarter Pa... ဝတ်ထားသည့် သူမက ဘောလုံးကိုကောက်လိုက်လေ၏။

"မင်း ဘယ်လိုမိန်းကလေးလဲကွ။ အိမ်ထဲမှာ ဘောလုံးကန်စရာလား။ အသံကလည်း ညံနေတာပဲ"

"သားဦးကန်မယ်ပြောလို့ ကန်တာပါဗျ"

"ဟ! ကန်ချင်ရင် အပြင်မှာထွက်ကန်မှပေါ့"

"အန်တီက သားဦးကို နေပူထဲထွက်မဆော့ရဘူးလို့ မှာခဲ့လို့ပေါ့။ အပြင်မှာ နေပူနေတာ မမြင်ဘူးလား။ ကိုယ့်ဟာကိုယ် နေဖင်ထိုးတဲ့ထိ အိပ်နေပြီးတော့"

"ဘာကွ... ငါမနက်အစောကြီးနိုးပြီးသား။ စာအုပ်ဖတ်ရင်း မှေးခနဲဖြစ်သွားတုန်း မင်းတို့ဆော့သံကြောင့် လန့်သွားရတာ။ မင်းထက် ငါးနှစ်ကြီးတဲ့လူကို ယဉ်ယဉ်ကျေးကျေးပြောမှပေါ့"

သူတို့စကားများနေရာသို့ သားဦးရောက်လာလေ၏။ ရွှေသွားလေးနှစ်ချောင်းကြီးကြီးလေးဖြင့် သားဦးက သူ့ကို မျက်နှာချိုသွေးလျက် ပြုံးပြလိုက်ပါသည်။

"ကိုကိုလည်း သားတို့နဲ့ဘောလုံးကန်ပါလားဟင်"

"မကန်ပါဘူး"





သူက လေသံကိုရော မျက်နှာထားကိုပါ လျှော့ချလိုက်ရ၏။ ကလေးက အပြစ်ကင်းတဲ့သူမဟုတ်လား။

"ကိုကိုက လူကြီးဖြစ်နေပြီ သားဦးရဲ့။ လူကြီးဆိုတာ မဆော့ရဘူး"

"ဟင်! TV ထဲမှာ လူကြီးတွေလည်း ဘောလုံးကန်ကြပါတယ် ကိုကိုရဲ့။ သားမြင်ဖူးပါတယ်။ ပြီးတော့ မမသျှားက ပြောထားတယ်။ ယောက်ျားမယူသေးရင် ကလေးပဲတဲ့။ ကိုကိုက ယောက်ျားမယူသေးဘူးဆိုတော့ ကလေးပဲပေါ့"

လုပ်လိုက်ကွ။ အယ်နှယ်... သူ့ကိုယောက်ျားယူခိုင်းနေပါလိမ့်။ ကလေးကိုဘာတွေသင်ပေးလို့ သင်ပေးမှန်းမသိသည့်သူမကို ကြည့်လိုက်စဉ် ချာတိတ်မက ဘောလုံးကိုလက်ထဲမှာ ပုတ်၍ဆော့ရင်း မထီတရီပြုံးနေလေ၏။

"ယောက်ျားချင်းယူလို့မရဘူးလေ သားဦးရဲ့။ သားရော၊ ကိုကိုပါ ယောက်ျားလေးတွေမို့ မိန်းမကိုပဲယူလို့ရတာကွ"

သူက သားဦးရှေ့မှာ ခြေဖျားကိုထောက်ကာ ထိုင်ချလိုက်ပြီး ပြောလိုက်တော့ သားဦးက မျက်လုံးဝိုင်းလေးတွေဖြင့် သူ့ကိုပြန်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဒါဆို ကိုကိုက မမသျှားကိုယူလို့ရတာပေါ့"

"ဟာ! အဲဒီလိုမပြောရဘူးလေ။ သူနဲ့ကိုကိုက မောင်နှမတွေ။ အဲဒီလိုပြောရင် ငရဲကြီးလိမ့်မယ်"

"ငရဲကြီးတတ်လား"

"ကြီးတာပေါ့ကွ"

"အင်းအင်း. . . သားမပြောတော့ဘူး"

"လိမ္မာတယ်"

သူက သားဦးဆံပင်ပျော့ပျော့လေးတွေကို အသာပွတ်သပ်ပေးပြီးထရပ်ကာ သူမကိုပြုံးကြည့်ကြည့်လိုက်ပါ၏။

"မင်း ဘယ်လိုဟာလေးလဲကွ။ ကလေးကို ပေါက်တတ်ကရတွေ သင်ပေးစရာလား"

"ကျွန်တော် ဘယ်မှာသင်ပေးလို့လဲဗျ"

"မင်း,မသင်ပေးရင် ကလေးက ဒီလောက်ပြောတတ်မလား"

"ခင်ဗျားနော်"

"မေမေပြန်လာပြီ၊ ဟေး. . ."

သို့ရောအန်တီနှင်းပါ ဈေးမှပြန်လာသဖြင့် သူရောသူမပါ Taxi ပေါ်မှပစ္စည်းတွေကို ဝိုင်းကူသယ်ပေးလိုက်ပါသည်။ အန်တီ





ဝယ်လာသည့်မုန့်ကိုယူသွားပြီး ဧည့်ခန်းမှာ တီးတိုးတိုင်ပင်နေသည့် သူမနှင့်သားဦးကို သူမြင်လိုက်ရ၏။ သားဦးက ဘာကိုသဘောကျနေမှန်းမသိ တအင်းအင်းနှင့်ခေါင်းညိတ်ကာ ရယ်နေလေသည်။ ဒီကောင်မလေး ဘာတွေကြံစည်နေပြန်ပါလိမ့်။

"မမပြောတာနားထောင်ရင် သားဦးကိုမုန့်ဝယ်ကျွေးမယ်သိလား"

"ဟင်! တကယ်ဟုတ်လို့လား။ ဟိုတစ်ခါလည်း ဝယ်ကျွေးမယ်ပြောပြီး သားမှမစားရဘဲ"

"ဩော်. . . အဲဒီတုန်းက မမဝယ်လာပါတယ် သားဦးရဲ့ သားအိပ်ပျော်နေလို့ မမပဲစားလိုက်တာပါ။ ဒီတစ်ခါ တကယ်ဝယ်ကျွေးမှာ. . . ဟုတ်ပြီလား"

အမယ်. . . စည်းရုံးရေးဆင်းနေတာတော့ ဖြူးနေတာပဲ။ ဘာမဟုတ်တာတွေတိုင်ပင်နေသည်မသိရပေမယ့် တစ်ခုခုလုပ်ဖို့ကြံစည်နေတာကိုတော့ သူရိပ်မိနေပါ၏။ အဲဒီချာတိတ်မဟာ တစ်စက်ကလေးမှ အငြိမ်မနေတတ်ဘူးထင်ပါရဲ့။

"မောင်သန့်ရေ. . . မော်လမြိုင်က Phone တဲ့, သား"

"လာပြီ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြင်ထွက်ရန်ပြင်နေရာမှ သူပြန်လှည့်ဝင်ခဲ့ရပါ၏။ ဧည့်ခန်းထောင့်ရှိစင်ဘေးက ခုံမှာဝင်ထိုင်လျက် Phone ကိုကိုင်လိုက်ပါသည်။

"ဟဲလို"

"သားလား. . . မမေပါ"

"မမေ ဘယ်လိုဖြစ်ပြီး Phone နံပါတ်ရသွားတာလဲ"

"သားရဲ့မမေပါကွယ့်၊ အညံ့စားထင်နေလား။ ဘွားအိမ်စည်ရဲ့သားငယ်အိမ်မှာ နေနေတာဆို၊ အဆင်ပြေရဲ့လားသား"

"ပြေပါတယ်မမေ။ ကျောင်းနဲ့လည်းသိပ်မဝေးဘူး"

"မမေ့တ ကားဝယ်ပေးမလားလို့"

"ကားမလိုပါဘူးမမေ။ Hand Phone ပဲပို့ပေးလိုက်ပါ"

"အေးအေး. . . မမေလူကြုံနဲ့ပို့ပေးလိုက်မယ်။ နေဦး. . . အဲဒီအိမ်မှာ ဘွားအိမ်စည်ရဲ့မြေးပါရှိတယ်ဆို"

ကဲ! ပြောတယ်မဟုတ်လား။ မမေ့စိုးရိမ်တဲ့အတိုင်း သတင်းက အတိအကျရောက်သွားတာကိုး။

"ဟုတ်"

"သား, သိပ်မရောနဲ့နော်။ အဲဒီကလေးမလေးအကြောင်း





သားအသိဆုံးမဟုတ်လား။ ကောင်မလေးက နာမည်ခပ်ပျက်ပျက်ရယ်"

"ဟုတ်ကဲ့ပါ မမေရယ်"

"ဘွားအိမ်စည်ကိုချစ်ကြောက်ရိုသေတာမှန်ပေမယ့် မမေ့သားကိုတော့ ခြောက်ပစ်ကင်းသဲလည်းစင်မိန်းကလေးမျိုးနဲ့ပဲ လက်ဆက်ပေးချင်တယ်"

"ကျွန်တော်သိပါတယ်မမေရယ်။ စိတ်မပူပါနဲ့ဗျ"

"ပူရတယ် သားရေ။ ဒီမိန်းကလေးက ခပ်ကဲကဲနဲ့ သားက ခပ်အေးအေးမို့လေ"

"ကျွန်တော်နဲ့အကြောမတည့်ပါဘူး မမေရယ်။ တစ်စက်ကလေးမှလည်း ကြည့်လို့မရပါဘူး"

"အေးပါ. . . အရမ်းကြီးကိုလည်း မပြောဆိုမိစေနဲ့ဦး။ သားဖေဖေက ဘွားအိမ်စည်ကို သူ့သူငယ်ချင်းရဲ့အမေဆိုပေမယ့် သူ့အမေရင်းလိုပဲချစ်တာလေ။ တော်ကြာ မျက်နှာပူအားနာစရာတွေဖြစ်ကုန်မှာစိုးလို့ပါ။ ဒါပဲသားရေ. . . ကျန်းမာရေးဂရုစိုက်ဦး။ လိုအပ်တာတွေ မမေလူကြုံနဲ့ပို့ပေးလိုက်မယ်"

"ဟုတ်ကဲ့ပါမမေ"



www.burmeseclassic.com

www.burmeseclassic.com



သူ Phone ချလိုက်ပြီး ခြံထဲသို့ဆင်းကာ ဒန်းပေါ်မှာထိုင်လိုက်ပါ၏။ မေမေရယ်. . . မဖြစ်နိုင်တာကိုများတွေးပြီး စိုးရိမ်နေရတယ်လို့၊ သူကလည်း ဒီလောက်မျောက်ရှုံးအောင်ဆော့တတ်တဲ့ကောင်မလေးမျိုးကို စိတ်ဝင်စားစရာလား။

စိတ်ဝင်စားတယ်ဆိုလို့ မနေ့က သူကျောင်းသွားအပ်စဉ် တိုးခဲ့သည့်ကောင်မလေးကို ဖျတ်ခနဲမြင်ယောင်မိလေ၏။ Step ဆံပင်ပုံနှင့် ချောချောဖြူဖြူလေးမဟုတ်လား။ ဆေးကျောင်းသူဆိုတော့လည်း မာနကခပ်ကြီးကြီး၊ မျက်နှာက ခပ်ဝင့်ဝင့်ရယ်။ ငွေသွင်း counter မှာ ချလန်မှားယူတာလေးကို စိတ်ဆိုးပြီး မျက်စောင်းထိုးလိုက်သေးတာ မဟုတ်လား။

လှတဲ့မိန်းကလေးများ မျက်စောင်းလေးထိုးရင်လည်း ကြည့်ကောင်းတာပါလေ။ ဒီအိမ်က ငတိမ,လိုတော့ ဂျစ်ကန်ကန် ပေစောင်းစောင်းအကြည့်မျိုးကြည့်တဲ့မိန်းကလေးမျိုး သူတစ်ခါမှမမြင်တွေ့ခဲ့ပါဘူး။ ဒင်းလေးကလည်း ဆွေကြီးမျိုးကြီးထဲကပီပီ ဘဝင်လေဟပ်နေတာပဲထင်ပါရဲ့။

ညာဏ်ကောင်းမကောင်းသေချာမသိသေးပေမယ့် အပျင်းထူအဆော့မက်တာကတော့ မျက်မြင်ပါပဲ။ ကျူရှင်တက်ရမှာလည်းပျင်း၊ ဒီကြားထဲ သူ့ကိုစာမေးရမှာကိုလည်း မခံချင်စိတ်ကမွှေးသေးတယ်လေ။ လူကသာ ဘာမှမဟုတ်သေးဘူး။ မထိတရိအိုက်တင်မျိုးကလည်း လုပ်တတ်သေးတယ်လေ။

နေဦး. . . ဟိုချလန်ထဲကနာမည်လေးကို သူဖတ်လိုက်ရပါတယ်။ ဘာတဲ့. . . မိုးသောက်ကြည်ဆိုလား။ သူ့နာမည်နဲ့ ခပ်ဆင်ဆင်မို့ မှားယူလိုက်တာတောင်နည်းသေး။ မျက်နှာခပ်တည်တည်လေးနေတာတောင် ဒီလောက်လှနေရင် ပြုံးများပြုံးလိုက်လို့ကတော့ ဘယ်လောက်တောင်မှ ချစ်စရာကောင်းလိုက်မလဲ။

"ဘုတ်! "

"အ. . . "

သူ့နောက်စေ့ကို ဘောလုံးလာမှန်သဖြင့် မိုက်ခနဲဖြစ်သွားရ၏။ ကြည့်စမ်း! ဒီကောင်မလေးလွန်ပြီ။ သူ ဆတ်ခနဲလှည့်ကြည့်တော့ သနပ်ခါးရုံက လှုပ်စိလှုပ်စိဖြစ်နေပြီး ဒင်းကိုမတွေ့ရပါချေ။ ပုန်းနေပြီထင်ပါရဲ့။

"ဟော့! မင်းလုပ်တုန်းကလုပ်ပြီး ခုမှပုန်းနေရလား"

". . . . ."

"ပြောနေတာကြားတယ်နော်။ ထွက်မလာရင် ငါပိုက်မှာ"







www.burmeseclassic.com

www.burmeseclassic.com



တီးတိုးတိုင်ပင်သံနောက်မှာ လေးဖက်ကုန်း၍ သားဦးက ရယ်ကျဲကျဲဖြင့်ထွက်လာလေ၏။

"ကိုကို. . . သားကန်လိုက်တာပါ"

"ကလေးကန်တာ ဒီလောက်အားမပြင်းဘူး။ ဟိုတစ်ယောက် လုပ်တာမှန်းသိတယ်။ ထွက်ခဲ့. . . မထွက်ရင် နှစ်ယောက်စလုံး ဒဏ်ပေးခံရမှာနော်"

သားဦးက မျက်လုံးပြူးထွက်ပြီး ချုံဘက်သို့လှည့်ခေါ်လိုက်လေ၏။

"မမသျှား"

"ဟာ. . . ရှုတ်. . . ကတိလေ. . . သားဦးရ"

"ဟင့်အင်း. . . ကိုကိုက ဒဏ်ပေးမှာတဲ့မမရဲ့"

"နင်ယောက်ျားလေးမဟုတ်ဘူးလား။ ယောက်ျားဆိုတာ ပေးထားတဲ့ကတိကို တည်ရတယ်ကွ"

"ဘာကတိလဲ၊ မဟုတ်တယုတ်ကတိတွေတောင်းပြီး ကလေးငရဲကြီးအောင် မင်းလုပ်ပြီးတော့၊ လာခဲ့စမ်း"

"အား. . . နာတယ်"

ပန်းချုံနောက်မှာ ငုတ်တုတ်လေးဖြစ်နေသည့်သူမကို နား





ရွက်ဆွဲ၍ခေါ်တော့ သားဦးက ခုန်ဆွခုန်ဆွဖြစ်ကာ လက်ခုပ်လက်ဝါးတီးလေ၏။ သူမက သားဦးကိုရန်လှည့်လုပ်လေသည်။

"ဟော့ကောင်"

"ကလေးကို ရန်လုပ်မနေနဲ့။ မင်းအပြစ် မင်းသိတယ်မှတ်သား။ ငါမှတ်ဉာဏ်တွေပျက်ရင် ဒုက္ခဖြစ်အောင် မင်းလုပ်ကြံတာပေါ့လေ"

"မဟုတ်ပါဘူး။ ကျွန်တော်ကန်လိုက်တာ သစ်မင်ကိုဆောင့်ပြီး ကာတင်ပြန်လာတုန်း ခင်ဗျားကိုထိမိတာ"

"ဘယ်လိုပဲထိထိ. . . ဒါတမင်သက်သက်လုပ်တာပဲ။ မင်းနော်. . . ငါ့ကို ခင်ဗျားလို့သုံးပြန်ပြီလား"

"ခင်ဗျားက ခင်ဗျားပဲပေါ့၊ ဘယ်လိုအခေါ်ခံချင်လို့လဲ။ ဦးငယ်တို့ခေါ်ခိုင်းသလိုတော့ ဒီတစ်သက်ခေါ်မယ်မထင်နဲ့။ ခင်ဗျားနဲ့ကျွန်တော်က ဘာမောင်နှမမှမတော်ဘဲ။ လုံးဝမခေါ်နိုင်ဘူး"

ကြည့်စမ်း! ဒီလောက်ဆုံးမနေတဲ့ကြားက စွာနေလိုက်တာ။ ဘယ်လိုမိန်းတလေးပါလိမ့်။

"ငါကရော အခေါ်ခံချင်နေတယ်ထင်နေလား။ မင်းလိုအောက်ကျောလက်ကျောဟာမျိုးနဲ့မောင်နှမတော်ရမှာ သိက္ခာကျ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ အဲဒါ မင်းသိ"

"ဘာဗျ. . . ခင်ဗျားနော်။ ကျွန်တော့်ကို မှိုချိုးမှ္မစ်ချိုးမပြောပါနဲ့"

"မင်းအချိုးလည်း မင်းပြန်ကြည့်ဦးလေ။ တစ်စက်လေးမှ အချိုးမပြေဘဲ"

"ဘာဖြစ်လဲဗျ။ သျှားတို့က ကိုယ့်ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ကိုယ်ပဲ။ လူအထင်ကြီးအောင် လူရှေ့သူရှေ့ဟန်ကြီးတစ်ခွဲသားနဲ့ style ထုတ်မနေနိုင်ပါဘူး။ ပြီးတော့ မိဘရှေ့မှာ လိမ္မာချင်ယောင်ပြပြီး ကွယ်ရာမှာထိန်းမရအောင်ရွှစ်ထိုးတတ်တဲ့လူမျိုးမဟုတ်ဘူး"

"ဘာ! မင်း. . . မင်း. . . ငါ့ကိုစောင်းပြောချင်တာပေါ့လေ"

"ဒါကတော့ ကိုယ့်ကိုယ်ကိုသိပေါ့ဗျ။ အိုးမဲ့လို့ အုံထမပွင့်နဲ့"

"တောက်! မင်းနော်. . . ဒီလောက်ဆုံးမနေတဲ့ကြားက ရှိုင်းချင်ဦး. . . ကဲ"

သူ့ မရည်ရွယ်ပါဘဲ သူမကုပ်ပိုးကို ဖြောင်းခနဲအုပ်လိုက်မိတော့ သူမက သူ့ကိုဒေါသမျက်ဝန်းတို့ဖြင့် ဖျတ်ခနဲပြန်ကြည့်လေ၏။

"ခင်ဗျားနော်. . . ဗလအားကိုးနဲ့အနိုင်မကျင့်နဲ့"





"မင်းရိုင်းလို့ ဆုံးမတာကွ"

"ဆုံးမရအောင် ကျွန်တော် ခင်ဗျားညီမ,မဟုတ်ဘူးဗျ"

"မင်းကိုဆုံးမခွင့် ငါ့,ရထားပြီးသား။ နောက်ထပ် ဒီလိုရိုင်းစိုင်းရင် ဒို့ထက်ပိုနာမယ်မှတ်"

သူဒေါသဖြင့်ပြောပြီး အိမ်ထဲဝင်စဉ် သူမက နောက်ဘက်မှ ကျိုးအော်လိုက်လေ၏။

"ဦးကောင်းကင်. . . ခင်ဗျားကြီးကိုသိပ်မုန်းတယ်။ အရမ်းမုန်းတယ်"

ကဲ. . . မိုးသန့်ဖြူဘဝကနေ ကောင်းကင်ဘဝကိုရောက်ပါလေရော။ ဒင်းနဲ့တော့ ဘယ်ချိန်ထိ နှစ်ပါးသွားကနေရမယ် မသိတော့ပါလေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတဲ့လားကွယ်

## အခန်း ( ၄ )

"ကိုယ့်အပြစ်ကိုယ်သိတယ်နော်. . . သမီးငယ်"

ဦးငယ်ပြောတာကိုဘာမှပြန်မပြောဘဲ ကော်ဇောကိုသာ ငုံ့ကြည့်နေမိ၏။

ချွန်တွန်းကြီး. . .။ လူကိုကိုယ်ထိလက်ရောက်လည်း အနိုင်ကျင့်သေးတယ်။ ဦးငယ်ကိုလည်း ပြန်တိုင်သေးတယ်။ အတော့်ကို လွန်တာပါပဲလား။

"ကိုယ့်ထက် တစ်ရက်၊ တစ်မနက်၊ တစ်မိနစ်ကြီးတဲ့သူကို ရှိသေရမှန်းသိသိကြီးနဲ့ သမီးအတော့်ကိုလွန်တာပဲ။ သ[illegible]က သမီး



www.burmeseclassic.com

www.burmeseclassic.com



ထက် ငါးနှစ်ကျော်ကြီးတာ ပိုပြီးရှိသေသင့်တာပေါ့

"သျှား မတော်တဆဖြစ်တာပါ"

"သမီးမတော်တဆက ခဏခဏဆိုတာ ယုတ္တိမရှိဘူး။ ပြီးတော့ ကိုကိုဆုံးမတာကိုလည်း နည်းနည်းမှမခံဘူးဆို"

"ဦးငယ်ကလည်း၊ သူက သျှားကိုနားရွက်လည်းဆွဲတယ်။ နားရင်းလည်းအုပ်တာကျတော့ မပြောဘူး။ မျက်နှာလိုက်လွန်းတယ်"

"အစ်ကိုဆုံးမတာ သမီးက နာခံရမှာပဲလေ။ သားက တမင်ပြဿနာရှာပြီး ရိုက်တာမှမဟုတ်ဘဲ။ သမီးကစပြီး ဒုက္ခပေးတာ သမီးကိုယ်သမီးသိပေါ့"

သူက မေမေလှူကြဲဖို့လိုက်သည့်ဘူးကိုလက်ခံပြီး အိမ်ထဲဝင်ခဲ့စဉ် ဧည့်ခန်းမှာအဆူခံနေရသည့်သူမကိုတွေ့ရလေ၏။ ခုလိုကျတော့လည်း အပိုးလေးကိုကျိုးပြီး မျက်နှာငယ်လေးနဲ့ဖြစ်နေရှာတာပါလား။

"ကိုကိုလို့ခေါ်ခိုင်းထားတာကိုလည်း ခုထိမခေါ်သေးတာ ဦးငယ်စကားကို နားမထောင်ဟာပဲ။ မနက်ဖြန်ဆို ကျူရှင်စတက်ရပြီ။ ညတိုင်း စာပြန်ဆိုရမယ်။ Guide မခေါ်ချင်ရင် အန်တီတစ်လှည့်





ကိုကိုတစ်လှည့် စာစစ်ပေးတာကိုလက်ခံရမှာပဲ"

"ဦးငယ်. . . သျှားဟာသျှားကျက်မယ်"

"မရဘူး"

"မမတုန်းကလည်း ဒီလိုပဲကျက်ခဲ့တဲ့ဟာကို"

"မတူဘူးလေ. . . သျှီနဲ့သမီးက တခြားစီပဲ။ သမီးအပေါ်မှာ ဘွားဘွားဘယ်လိုရည်မှန်းထားပေးသလဲဆိုတာ သိတယ်မဟုတ်လား။ ဘွားအလိုလိုက်လွန်းလို့ သမီးက ပြောမရအောင်ဆိုးသွမ်းနေတာမို့ ပုံစံသွင်းဖို့ ဦးငယ်တို့လက်ထဲအပ်ပေးလိုက်တာ။ ဦးငယ်တို့မနိုင်လို့ မန္တလေးပြန်ပို့ရင် ဘွားကိုဘယ်လိုမျက်နှာပြရမလဲ"

ဘွားနဲ့ပြန်နေရတော့ ပိုကောင်းတာပေါ့။ ဘွားဆို ရင်ခွင်ထဲဝင်ပြီး နှစ်ခါမခွဲရဘူး။ လိုချင်တာမှန်သမျှ အကုန်ရတာပဲလေ။ ခုတော့ ဒီအိမ်မှာ စိတ်ဆင်းရဲခံပြီးနေနေရတာ။

"ပြောလိုက်ရင် မထုံတက်တေးနဲ့။ သမီးက ကိုလတ်နဲ့ရုပ်ပါမက, စရိုက်ပါသိပ်တူတာပဲ။ ဒါကြောင့်လည်း ဘွားဘွားက အချစ်ပိုတာ. . . ဒါကို အခွင့်ကောင်းယူတာတော့ ဘယ်ကောင်းမလဲ။ မိန်းကလေးဆိုတာ လိမ္မာယဉ်ကျေးမှုရှိမှ တန်ဖိုးရှိမှာပေါ့"

"သျှားက မမလို ဣန္ဒြေကြီးတစ်ခွဲသားနဲ့မနေတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးငယ်ကလည်း အဲဒီလောက်ထိ မငယ်ပါဘူး။ သမီးကလေးလိုနေတတ်တာ ဦးငယ်လည်း သဘောကျပါတယ်။ ဒါပေမဲ့ ကိုကိုနဲ့ပတ်သက်ပြီး မဆိုးဖို့ပဲပြောနေတာ"

သူမလက်ချောင်းတွေကိုလိမ်ကွေးကာ မျက်နှာကိုပုပ်ထားလေ၏။ သူ့ကိုပဲဂျစ်တိုက်ရမှ ကျေနပ်ပါတယ်ဆိုမှ အတင်းကြီးစစ်ပြေငြိမ်းခိုင်းနေပါပြီ။ ဒင်းနဲ့က ချိတ်.ချိတ်ချင်းမို့ ချိတ်ကြတာကို ဦးငယ်တို့မသိတာ ခက်တာပဲ။

"သားရေ. . . ခဏ"

"လာပြီ. . . ဦးငယ်"

သူက တစ်ဖက်ခုံမှာဝင်ထိုင်လိုက်တော့ သူမက ဂျစ်ကန်ကန်ကြည့်ပြန်၏။ တွေ့လား. . . ဘယ်လိုပဲပြောပြော အချိုးကိုမပြင်ပါဘူး။

"ကိုကို့ကို တောင်းပန်လိုက်"

"ဦးငယ်"

"ဦးငယ်ပြောနေတယ်နော် သမီးငယ်"

"နေပါစေ. . . ဦးငယ်။ ကျွန်တော်က ခွင့်လွှတ်ထားပြီးသားပါ"





"သားက နေရာတကာ အလျှော့မပေးနဲ့လေ။ ဒီကလေး အကြောင်းသိရဲ့သားနဲ့။ ဒီနေ့ကစပြီး နောက်ထပ်ဘာသံမှဦးငယ်မကြားချင်ဘူးသမီးငယ်။ သားကိုလည်း ကိုကိုလို့ပဲသုံးပါ"

"မခေါ်ချင်ပါဘူးဆိုနေမှ"

သူမတိုးတိုးရွတ်တာကို ဦးငယ် မကြားပေမယ့် သူက နီးနေတာမို့ ကြားလိုက်ပါ၏။ သူခပ်တည်တည်နှင့်ကြည့်လိုက်တော့ သူမက ရှုတည်တည်ဖြင့်ပြန်ကြည့်လိုက်လေသည်။

"ဦးငယ်. . . သူက မခေါ်ချင်ဘူးတဲ့"

"ခင်ဗျားနော်"

"သမီးငယ်"

"ခေါ်မယ်. . . ခေါ်မယ်၊ ဦးငယ်ရာ။ ဒါပဲမှတ်လား"

"ခေါ်ရုံနဲ့မပြီးဘူး။ အစ်ကိုလိုသဘောထားပြီး ရိုရိုသေသေ ဆက်ဆံရမှာ"

"ပြီးရော"

သူမ ဖျတ်ခနဲထရပ်လိုက်ပြီးမှ သူ့မျက်နှာနားကပ်ကာ အံကြိတ်ပြောလိုက်ပါ၏။

"ဦးငယ်တို့ရှေ့မှာပဲခေါ်မှာ၊ ခင်ဗျားသိထား"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းကိုနောက်သို့ငဲ့ရှောင်ကာ ပြုံးမြမြဖြစ်သွားရလေ၏။ ဘယ်လိုလေးမှန်းကိုမသိ။ စွတ်ရွတ်ပြောတတ်တာပါလား။ ခဏအကြာ စက်ဘီး bell သံကြားရပြီး တိုက်ရှေ့မှာ ကောင်လေးတစ်ယောက်ရောက်လာလေသည်။

"ပဿျားရေ"

"ဝေး"

သူ့မျက်စိရှေ့မှာပင် နောက်ဖေးဘက်မှ သူမပြေးထွက်လာလေ၏။ ထို့နောက် ဘာအဓိပ္ပာယ်မှန်းမသိ။ ကွိစိကွစ စကားတွေရေရွတ်ကာ နှစ်ယောက်သားတစ်လှည့်စီလက်ဖြန့်၊ တစ်ယောက်က အပေါ်က ခုတ်ချသလိုရိုက်၊ နှစ်ယောက်စလုံးအလှည့်ပြီးတော့ မိုးပေါ်စုံထောင်ကာ ဖြောင်းခနဲရိုက်လိုက်ပြန်လေ၏။

"ဟေ့ကောင်! တို့ဝိုင်း မနှစ်ကထက် လူပိုစုံသွားပြီကွ"

"ဟုတ်လား"

"အေး. . . ငါတို့ဝိုင်းရှိုးနေတဲ့ ဂေါ်လီလေးကလည်း တက်မှာတဲ့"

"ဟာဟ. . . ပွတာပဲ"

"အံမာ! ဘာပွတာလဲ။ မင်း, ငါ့မမကိုပဲချစ်မှာလို့ ကတိပေး





ထားတယ်လေ"

"မမက အတည်လေကွာ ကဖြူး,ကလည်း"

"ဘာအတည်တွေအနောက်တွေလျှောက်ပြောမနေနဲ့။ လောလောဆယ် အန်တီလေးက မနက်ကိုးနာရီ သတ်မှတ်ပေးထားတယ်။ ကျောင်းတွေဖွင့်ရင်တော့ ညနေလေးနာရီပေါ့"

"စာတွေသင်ရမှာများရင် မှောင်မှာပေါ့နော်"

"ဒါပေါ့"

"ဒါဆို ဂေါ်လီလေးကိုလိုက်ပို့ဖို့ Ok ပေါ့"

တဟိဟိနှင့်ကျိတ်ရယ်သံတွေ ထွက်လာပြန်၏။ အလိုလေး! သူမကိုယ်သူမ ဘာထင်နေသည်မသိ။ ပြောနေပုံက ကောင်မလေးကို ဝိုင်းပိုးဦးမယ့်ပုံစံနဲ့လေ။ သူ့ Hand Phone မှာ Key-Chain မျှင်မျှင်လေးတပ်နေတာကို ကောင်လေးကမြင်သွားပြီး သူမကို မျက်ခုံးပင့်ပြလေ၏။

"ငါ့ Father ရဲ့ Best Friend ရဲ့သား"

"အမယ်လေး. . . ဆွေမျိုးနီးစပ်ပါလား။ နာမည်ကရော"

"ဦးကောင်းကင်"

"အမ်! ဘာကြီးလဲ"

www.burmeseclassic.com



"အဲဒါကြီးပဲ"

"ကျောင်းလာတက်တာလား"

"အေး. . . ဈေးထဲကငါးသည်တွေက ငါးပဲဖိုက်ခွဲရတာ၊ သူ ... လုပ်ခဲ့ရတဲ့ကျောင်းသား"

"ဟာ! ဆေးပဲပေါ့။ မမနဲ့"

"ရှူး"

သူမက ကောင်လေးပါးစပ်ကိုအတင်းပိတ်လိုက်သဖြင့် ဝူး ခနဲအသံထွက်ကာ ရယ်လိုက်ကြပြန်၏။ တစ်စက်ကလေးမှ ကြွေ မရပါလားနော်။

"ဟယ်. . . ဖြိုးရောက်နေတာလား။ အိမ်ထဲခေါ်လေ သွား ရယ်"

"နေပါစေမမရဲ့။ ကျွန်တော် အခုပဲပြန်တော့မှာ"

"ဝင်ပါဦး. . . ဖြိုးရဲ့။ ဒီညနေ ကြာဆံချက်,ချက်စားလို့ စား သွားပါဦး။ ငါ့မောင်လေးပဲကြိုက်တယ်ဆို"

"ဟင်. . . ကြာဆံချက်လား"

"အာ. . . မမကလည်း ဘာလို့ပြောလိုက်တာလဲ။ ဒီကောင် စားရင် သျှားကြိုက်တဲ့ငါးဆုပ်တွေရော၊ ကြက်သားတွေပါကုန်သွား





မှာပေါ့"

"ဟယ်. . . သူငယ်ချင်းပေါ် စိတ်ပုပ်ပြန်ပြီ။ လာ. . . ဖြိုး"

"ပသျှား. . . စိတ်ပုပ်။ ငါဝိုက်ပြီဟေ့"

"ဟေ့ကောင်"

ကောင်လေးက သျှီ့နောက်ပြေးလိုက်သွားရာ သူမပါနောက် မှ အော်ဟစ်ရင်းပါသွားလေ၏။ ထမင်းစားပွဲမှာလူက အတော်စုံ နေပေပြီ။ အန်တီနှင်းက ကြာဆံချက်ပြင်ပေးရင်းမှ သူ့ကိုပါလှမ်း ခေါ်လေ၏။ သားဦးကို သျှီကခွံ့ကျွေးရင် စားနေပါသည်။

"မောင်သန့်ရေ. . . ပုတုန်းလေး တစ်ခါတည်းစားလိုက်ပါ သား သား"

"လာပါပြီ အန်တီ"

သူ ခုံမှာဝင်ထိုင်တော့ သူမနှင့်ရွှေ့တည့်တည့်ဖြစ်သွားပါ ၏။ သူမနှင့်ကောင်လေးက လိုက်ပွဲပန်းကန်ထဲမှ အသားဖတ်တွေ၊ ငါးဥတွေ လုဆယ်နေလေသည်။

"ဟွဲ! ဒီနှစ်ကောင်ဟာလေ, ဘယ်တော့မဆို စားမာန်ခုတ် နေတာပဲ"

"ကျွန်တော်က မလုချင်ပါဘူးအန်တီရဲ့။ ပသျှား စိတ်ပုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



တမင်လုနေရတာ"

"အံမာ! ငါ့အိမ်လာပြီး ဗိုလ်လာကျလို့ရမလား"

"နင့်အိမ်မှမဟုတ်ဘဲ. . . ဒါ ဦးငယ်အိမ်။ နင်ဒီကိုမရောက်ခင်ကတည်းက ဒီအိမ်မှာ ငါက ဝင်ထွက်စားသောက်ခဲ့တာကြာလှပြီ။ ငါက ဦးငယ်ရဲ့သား အရင်ဖြစ်တာနော်. . . ဦးငယ်နော်"

"အင်းပါကွာ။ ကောင်းကောင်းစားကြ. . . မောင်သန့်ကို အားနာစရာ"

"အားနာဖို့မလိုပါဘူးဗျာ။ ကျွန်တော့်အစ်ကိုပဲဟာနော်"

"ဟော့ကောင်! မမကို ငါယူမှာနော်။ မင်း. . . တွေ့ကရာလူ အဖာင်းလိုက်ထိုးမပေးချင်နဲ့"

ဖြိုးက ပြောင်စပ်စပ်မျက်နှာဖြင့် ကြာဆံချက်ကိုစားနေလေ၏။ ဒီကောင်တော့ မမကိုချစ်စနိုးဖြစ်နေတာနှင့် ဖြိုးပြောတဲ့စကား အဓိပ္ပာယ်ကိုတောင် သေချာမရိပ်မိတော့ပါလား။ ဖြိုးနဲ့သျှားတအတန်းတိုင်း အဆင့်(၁)ကို လုကြသလို ရည်မှန်းချက်ကလည်း တူကြတာပင်။ ဒီနှစ်ထဲမှာ ဖြိုးက, ထားတာကို သိပ်မမက်တော့ဘဲ စာသာများများဖတ်ဖြစ်၏။ သျှားကတော့ သားဦးနှင့်ပေါင်းပြီး ဆော့တုန်းပဲကိုး။





အရွယ်လေးရောက်လာတာမို့ ဖြိုးတို့ လှချင်ပချင်စိတ်ဝင်သော်လည်း သျှားက ခုထိ ဂျစ်တူးမ ဖြစ်နေဆဲ။ ရေချိုးဖို့ကို အားလုံးကဝိုင်းပြောနေကြရတုန်း။ ဒါပေမဲ့. . . ဒီဂျစ်ပေပေနေတတ်တာလေးကိုပဲ ဖြိုးက နှစ်သက်ပါ၏။ ကျူရှင်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ် လှတပတကောင်မလေးတွေကို မျက်နှာတစ်ခုချင်း၊ ကိုယ်လုံးကိုယ်ပေါက်ကအစ ပျစ်ပျစ်နှစ်နှစ်လေး ချိုးမွမ်းရှုစားတတ်သည့် သျှားက တစတစဖူးပွင့်လာသည့်သူမအလှကိုဖြင့် ဂရုမထားမိလေခဲ့။

ဒါကြောင့်လည်း ဘော်ဒါတွေက သျှားကိုသူငယ်ချင်းလိုပင် ရိုးရိုးသားသားပြောဆိုဆက်ဆံကြတာ၊ သျှားအလှကိုမမြင်၍သာ တော်တော့သည်။ အိမ်မှာလည်း သျှားကို ဒက်ဒီတို့ကအစ ချစ်ကြတာ၊ ဖြိုးနှင့်ကျိတ်ပြီးသဘောတူထားကြသည်ကိုး။ အင်မတန်မာနကြီးလှသည့်မမတောင် ဖြိုးကြောင့် သျှားကိုအလိုက်သင့်လေးပြန်ပြောဆိုနေတာ။ ဒါကိုအဟုတ်ကြီးမှတ်ပြီး ဒီကောင်က မမကိုလစ်ရင်လစ်သလို ရွတ်ခနဲနမ်းပြီး အခွင့်အရေးလည်းယူတတ်သေးသည်လေ။

"ကျောင်းတက်ရင် ကားလမ်းကိုကြည့်ပြီး စက်ဘီးစီးဦးနော်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးလည်း သွားကိုကြည့်ထိန်းပေးပါဦး။ သားသူငယ်ချင်းက စတန့်ကလည်းထွင်ချင်၊ ထစ်ခနဲရှိ စိတ်က လက်တစ်ဆစ်ရယ်"

"ကျွန်တော်သိပါတယ် ဦးငယ်ရဲ့။ ဘော်ဒါငါးယောက်လုံးက ပသျှားကို စောင့်ရှောက်ကြပါတယ်"

"အစကတော့ ကလေးမို့ ကိစ္စမရှိဘူး ဖြိုးရဲ့။ ဒင်းက အရွယ်ရောက်တဲ့အထိ အဆော့မက်တုန်း။ ဒီလောက်အကောင်ထွားလာပြီ၊ သူများတွေစချင်အောင်နေတော့လည်း အစကမခံချင်ပြန်ဘူး။ မဆော့နဲ့ပြောပြန်ရင်လည်း လူကြီးစိတ်အတင်းသွင်းတယ်လို့ ထင်မှာလည်း စိုးရသေးတယ်။ အန္တရာယ်ကိုမသိ"

"အာ. . . ဦးငယ်, ဘာတွေလျှောက်ပြောနေတာလဲ"

"မှန်တာတွေပြောနေတာလေ။ ညည်းအသက် (၁၆)နှစ်ရှိပြီ မငယ်တော့ဘူး။ ဆော့တာ ရပ်သင့်ပြီမဟုတ်လား"

အန်တီလေး ဝင်ပြောလိုက်တော့ သူမမျက်နှာ ရဲခနဲဖြစ်သွားပါ၏။ ဖြိုးပြုံးစိစိဖြစ်သွား၍ သျှားက ဖြိုးခြေထောက်ကို ဆတ်ခနဲကန်လိုက်ရာ ရှေ့တည့်တည့်ချထားသည့်သူ့ခြေဖျားကိုပါ ခတ်မိသွားလေသည်။ သူက သူမကိုတစ်ချက်ကြည့်တော့ မျက်စောင်းခဲကာ အကြည့်လွှဲသွားပါ၏။





"ပြောလိုက်ရင် ဒင်းအချိုးက ပြင်ကိုမပြင်ဘူး"

"ဖြိုးရဲ့မမနဲ့ သားက တစ်တန်းတည်းဖြစ်မယ်ထင်တယ်။ အကြည်လေး, ဖယ်ရီပဲစီးသလား,ဖြိုး"

"ဟင့်အင်းအန်တီ။ အိမ်က ကြိုပို့လုပ်ပေးတာပါ"

"သားကို ကားဝယ်ပေးရမလား"

"နေပါစေ. . . ဦးငယ်။ ကျောင်းနဲ့သိပ်မှမဝေးဘဲ"

"အိမ်ကကားနဲ့လိုက်လို့လည်း ဖြစ်ပါတယ်ဦးငယ်ရဲ့"

ဒီတစ်ခါတော့ ဖြိုးခြေထောက်ကို သူမဆောင့်နင်းချလိုက်ရာ သူ့ခြေမကိုပါ နင်းမိသွားတာမို့ ခြေထောက်ကို နောက်သို့ဖျတ်ခနဲ ဆုတ်လိုက်ပြီး ပြောလိုက်မိပါ၏။

"သျှားနော်. . . ယောကျာ်းလေးကို ခြေထောက်နဲ့ကန်စရာလား။ မင်းငရဲကြီးမယ်"

"မကြောက်ဘူး"

"ဟွန့်! ပြောနေတဲ့ကြားက. . . မိသျှားရယ်"

"အစ်ကိုလိုက်ခဲ့နော်၊ လမ်းကြုံတဲ့ဟာပဲ။ မမလည်း သူငယ်ချင်းအသစ်ရတာပေါ့"

"ဖြိုးမမနာမည်က အကြည်လေးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း. . . မဟုတ်ပါဘူး။ အကြည်လေးဆိုတာ မမဟာ မမသုံးတဲ့နာမည်။ မိုးသောက်ကြည်တဲ့"

ဘုရားရေ. . . မိုးသောက်ကြည်ဆိုပါလား။ အကြည်လေးလို့ သုံးတတ်တယ်တဲ့။ ဘယ်လောက်များ ချစ်စဖွယ်ဖြစ်လိုက်တဲ့နာမည်လေးပါလဲ။

"သားကိုကိုနာမည်က. . . မိုးသန့်ဖြူလေ"

"ဟင်! ပဿျားပြောတော့ ဦးကောင်းကင်ဆိုလား. . . အား"

ပေါင်ကိုလိမ်ဆွဲခံလိုက်ရတာမို့ ဖြုံးလန့်အော်တော့ ဒီတစ်ခါ ပြုံးလိုက်မိသူက သူဖြစ်သွားပါ၏။ ဒီကောင်မလေးဟာ လုပ်လိုက်ရင် အဆန်းတကြယ်ပဲကိုး။

"သျှားနော်"

"အိမ်သော့က သုံးချောင်းပဲရှိတာဆိုတော့ သားတစ်ချောင်းယူထားလိုက်ပါ။ မနက်ကျောင်းသွားရင် သျှားက ကားဂိတ်ထိလမ်းကြုံ စက်ဘီးနဲ့ခေါ်သွားပေး"

"အာ. . . သူ့ကိုယ်လုံးကြီး သျှားဘယ်လိုတင်နင်းနိုင်မှာလဲ ဦးငယ်ရ"

"သားနင်းမှာပေါ့သမီးငယ်ရဲ့။ ကပ်သပ်ပြီး မပြောချင်နဲ့။





မောင်နှမအချင်းချင်း ချစ်ချစ်ခင်ခင်နေရပါမယ်ဆို၊ ခုထိ ရန်စောင်နေတုန်း"

"နေပါစေ ဦးငယ်။ ကျွန်တော် လမ်းပဲလျှောက်သွားပါ့မယ်"

"မဟုတ်တာ။ သမီးငယ်နဲ့အတူတူသွားမှ မြန်မှာပေါ့သားရဲ့။ လမ်းကအတော်လေးရှည်တာ သိရဲ့သားနဲ့"

သူ့ဘာမှမပြောတော့ပေမယ့် သူမက မျက်မှောင်ကြုတ်လျက် စဉ်းစားနေမှန်း မြင်နေရပါ၏။ ဘာတွေကြံစည်နေပြန်ပါလိမ့်။ ဒင်းလေးခေါင်းထဲမှာ သူ့ကို မကောင်းတာတစ်ခုပြီးတစ်ခု လုပ်ကြံဖို့သာ အမြဲမဟုတ်လား။

အကြည်လေးရေ. . . ကိုယ့်မင်းနဲ့ရင်းနှီးဖို့ကိစ္စမှာ ဒီချာတိတ်မလေးက မဟာတံတိုင်းကြီးအဖြစ် ကာဆီးနေတာတော့ အသေအချာပါပဲ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



# ညီမလေးတဲ့လားကွယ်

## အခန်း ( ၅ )

ကျွတ်! မိနပ်ထဲမှာ ခြေစွပ်ထည့်ထားပါလျက် မရှိတော့တာ ခင်းလက်ချက်ပဲထင်ပါရဲ့။ သျှီက လာကြိုသည့်ဖယ်ရီဖြင့် ထွက်သွားပြီဖြစ်သလို ဦးငယ်နှင့်အန်တီတို့လည်း ကုမ္ပဏီထွက်သွားချေပြီ။ အန်တီက ကလေးတွေ ကျောင်းအပ်လက်ခံရမှာမို့ စောထွက်တာဖြစ်ပြီး သားဦးကိုလည်း ကျူရှင်တစ်ခါတည်းဝင်ပို့ပေးတာပင်။ ခုအိမ်မှာ သူနှင့်သူမနှစ်ဦးသာ ကျန်တာမဟုတ်လား။

"ဟေ့! သျှား"

သူမ ခါးပတ်ကိုပတ်ရင်း ကျိတ်ပြုံးလိုက်ပါ၏။ ခင်းနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



မသွားချင်လို့ Lesson စပေးတာ ခံရပြီကိုး။ ဟုနှင့်တစ်ကျောင်းတည်းဖြစ်တော့မှာမို့ မနာလိုတွေဖြစ်လိုက်တာ မပြောပါနှင့်တော့။ သျှားရဲ့အချစ်တော်လေးကို သူ့မကြိုက်ဘူးလို့ အာမခံလို့မှမရဘဲ။ ဒီကြားထဲ ဟိုငဖြိုးကလည်း သူ့ဘက်ကိုခပ်ပါပါရယ်။ အစ်မကို မတွန့်တိုတဲ့ကောင်ဆိုလို့ ဒင်းတစ်ယောက်ပဲတွေ့ဖူးပါသေးရဲ့။

"ဒုန်း!. . . ဒုန်း! "

"ဟော့! ထွက်မလာသေးဘူးလား"

တံခါးကိုလာထုနေပြီမို့ မထွက်လို့မဖြစ်တော့။ ကျောပိုးအိတ်ကိုကောက်လွယ်၍ ဆံပင်ကိုလက်ငါးချောင်းဖြင့် ထိုးဖွကာ lock ကိုဖွင့်လိုက်၏။

"ဘယ်လိုဖြစ်နေတာလဲဗျ"

"ဘာဖြစ်ရမှာလဲ။ မင်း ငါ့ခြေစွပ် ဝှက်ထားပြီမဟုတ်လား"

"ဘာကိစ္စဝှက်ရမှာလဲဗျ"

"မင်းတမင်ညစ်ပြီမှန်း ငါသိတယ်နော်"

"ဘာဆိုင်လို့လဲဗျ။ ကျွန်တော်က ခင်ဗျားခြေစွပ်ကိုဝှက်လို့ ဘာအကျိုးရှိမှာလဲ"

"မင်းစိတ်ပုပ်တာ ငါသိပြီးသားပဲ, သျှား။ အကြည်လေးနဲ့ ငါ မရင်းနှီးမှာ ပူမနေနဲ့။ ဆေးကျောင်းမှာ ကျောင်းသားကျောင်းသူ ရယ်လို့ လက်ချိုးရေတွက်လို့ရတာ မင်းမသိဘဲနဲ့များ။ ကျောင်းသွားကျောင်းပြန်တူတော့ ပိုတောင်မှရင်းနှီးဖို့လွယ်ကူသေးတယ်"

ကြည့်စမ်း. . . ကြည့်စမ်း။ အခုကတည်းက သျှားမမကိုများ အကြည်လေး၊ အကြည်လေးနဲ့ဖြစ်နေလိုက်တာနော်။ ဘယ်လောက် အမြင်ကပ်ဖို့ကောင်းလိုက်သလဲ။ ကျောင်းစတက်တဲ့ပုံကများ, ကော့နေတာပဲ။ ကျောင်းမှာသူ့ကိုယ်သူ အစွံထုတ်တော့မယ့်ပုံစံမျိုး၊ အချိုးနဲ့။ မမလိုမာနကြီးတဲ့ကောင်မလေးကို လွယ်လွယ်နဲ့ရလိမ့်မယ် ယူဆထားတယ်ထင်ပါရဲ့။ မှားသွားမှာပေါ့. . . ဦးကောင်းကင်ရယ်။

"ပေး"

"ဘာပေးရမှာလဲ"

"မင်းဝှက်ထားတဲ့ ငါ့ခြေစွပ်လေ"

"ခင်ဗျားနော်"

"မင်းမပေးရင် ကျွန်ုပ်ရှင်သွားရလိမ့်မယ်မထင်နဲ့နော်။ ငါ တံခါး သော့ခတ်ပြီး ထားခဲ့မှာ"

"ဟာဟ. . . ခတ်ပေါ့။ သျှားတို့က သော့ပိုတစ်ချောင်းရှိထားပြီးသား။ ပျင်းတောင်ပျင်းသေးတယ်"







www.burmeseclassic.com

www.burmeseclassic.com



"မင်းနော်. . . ကျောင်းစတက်ရမယ့်နေ့ ကိုဒေါသကွက် အောင်လုပ်မယ်မကြံနဲ့"

သူမက မဲ့ပြုံးပြုံးလိုက်ကာ အိမ်ရှေ့ကိုထွက်လာခဲ့ပါ၏။ စက်ဘီးသော့နေရာကိုလက်လှမ်းလိုက်စဉ် သော့က ချိတ်မှာ ရှိမနေပါချေ။ ဟိုက်! ဘယ်ကိုရောက်သွားပါလိမ့်။ သူမ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ သူ့လက်ညှိုးထဲမှာ ဆော့ကစားနေသည့်သော့ချိတ်လေးက တဝဲလည်လည်ဖြစ်နေလေသည်။

"ဟာ! အဲဒါဘာလုပ်တာလဲဗျ"

"Action ရှိရင် Reaction ရှိတယ်ဆိုတာ မင်းကြားဖူးတယ် မဟုတ်လား။ ငါ့ခြေစွပ်ပြန်ထုတ်ပေးရင် မင်းသော့ပြန်ရမယ်။ ဒါပဲ"

သူမနှုတ်ခမ်းကိုသွားဖြင့် ကိုက်ထားလိုက်မိ၏။ ဩော်! သူ တောင် သွားကို ကလိမ်ကကျစ်ဉာဏ်တွေ ထုတ်တတ်နေပါရောလား။ မကြည်သလိုတစ်ချက်ကြည့်လိုက်ပြီး စင်ပေါ်မှဖိနပ်ကို ယူစီးလိုက်ပါ၏။

"သော့ပေးရင် ပြောမယ်"

"ရမလားကွ။ မင်းလည်ဒလောက်တော့ ငါက ပျင်းတောင် ပျင်းသေးတယ်"





"ခင်ဗျားခြေစွပ်က ဦးငယ် shoe ထဲမှာ"

တတ်လည်းတတ်နိုင်တဲ့ဟာလေးပါလား။ သူ့, ဖိနပ်စင်မှ ဦးငယ် shoe အနက်ကိုယူ၍ နှိုက်လိုက်မှ သူ့ခြေစွပ်အဖြူရောင် ထွက်လာလေ၏။

"ပေးလေ"

"ငါနင်းမှာပဲ. . . စောင့်ပေါ့"

"ဟာ. . . ကျွန်တော်နင်းမှာ"

"ငါ, မိန်းကလေးတစ်ယောက်နင်းတဲ့ဘီးကို လိုက်မစီးဘူး"

"မစီးချင်ရင် ကိုယ့်ဟာကိုယ် လမ်းလျှောက်ပေါ့ဗျ။ သက်တောင်သက်သာသေးတယ်"

သူက ညစ်ကျယ်ကျယ်ပြုံးကာ ရှူးဖိနပ်ကြိုးကို သေချာချည်လိုက်ပါ၏။ စက်ဘီးသော့ကိုဖွင့်စဉ် သူမက ဘီးလက်ကိုင်ကိုလာလုလေသည်။

"ငါ, ဦးငယ်နဲ့ပြန်ပြောမှာနော်"

"တိုင်ပေါ့။ ခင်ဗျားက ချွန်တွန်းကြီးပဲဟာ. . . မပြုံပေါင်"

သူက သူမလက်ထဲမှစက်ဘီးကို ဆတ်ခနဲဆွဲယူကာ တက်လိုက်ပါ၏။ သူမက ကယ်ရီယာကိုအတင်းဆွဲထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနော်"

"တက်လေ. . . ခြံတံခါးလည်း ပိတ်ရဦးမှာ။ မင်းတာဝန်မင်း သိပေါ့"

"တောက်! "

သူမက တက်ခေါက်လိုက်ပြီး လမ်းလျှောက်ကာ ခြံတံခါးကို ပိတ်လိုက်ပါ၏။ သူက စက်ဘီးကိုခြေတစ်ဖက်ရပ်၍ ထောက်ထား ပြီးစောင့်နေတာမို့ သူမနောက်ခုံမှာ တက်ထိုင်လိုက်ပါသည်။

"ဖြိုးတို့အိမ်က ဘယ်အိမ်လဲ"

"လမ်းထိပ်က လသာဆောင်အကျယ်ကြီးထုတ်ထားတဲ့ တိုက် ဖြူကြီး။ ခြံတံခါးကို အနီရောင်သုတ်ထားတယ်"

"ပြီးရော"

"မပြီးဘူး။ ဟိုရောက်ရင် ခြံထဲမဝင်နဲ့"

"ဟာ! ဖြိုးက သူတို့အိမ်က ကားလိုက်စီးဖို့ပြောထားတဲ့ဟာ"

"စီးစရာလား။ ခင်ဗျားယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ ကိုယ့် ဟာကိုယ် လိုင်းကားစီးရင်လည်း ရရဲ့သားနဲ့"

"ငါကလည်း သူများခေါ်တင်တာကို အောက်ကျနောက်ကျခံ ပြီး လိုက်မယ့်လူမဟုတ်ဘူးကွ"





"ဒါဆိုလည်း မလိုက်နဲ့ပေါ့"

"မလိုက်ဘူး"

သူက တကယ်ပင် ခြံရှေ့မှာ စက်ဘီးကိုရပ်လိုက်ပြီး ကားဂိတ် သို့ လမ်းလျှောက်ထွက်သွားလေ၏။ သူမ ခြံထဲဝင်လိုက်စဉ် ဖြိုးနှင့် မမကိုတွေ့လိုက်ရလေသည်။

"တစ်ယောက်တည်းလား. . . အစ်ကိုရော"

"သွားပြီ"

"နင်ခေါ်မလာဘူးလား ပသျှားရဲ့။ စိတ်ပုပ်ထားပြန်ပြီ"

"အံမာ! သူ့ဟာသူ ယောကျ်ားမာနနဲ့ သူများကားလိုက်မစီး ဘူးဆိုပြီး သွားတာပါနော်။ တကတည်း. . . ငါ့ကိုပဲ အပြစ်ရှာချင် နေ, ဟွန်း"

နှုတ်ခမ်းစူကာ ရန်တွေ့လိုက်သဖြင့် အကြည်လေးပါ ရယ် လိုက်မိပါသည်။ ဖြိုးချစ်ချင်တာလည်း မပြောပါနဲ့။ အဲဒီသျှားလေး ဟာ အရွယ်တစ်စတစ်စရောက်လာတာနဲ့အမျှ စွဲဆောင်မှုတွေတစ် ခုပြီးတစ်ခု တိုးလာတာမဟုတ်လား။ ဖြိုးနဲ့ ကစားဖော်ဖက်ပေမယ့် အကြည်လေးအပေါ်မှာလည်း အတော့်ကိုချစ်ရှာတာပင်။ ကလေး စိတ်မကုန်ပေမယ့် အဆော့မက်တာထားတော့၊ စာလည်းတော်တာ



www.burmeseclassic.com

www.burmeseclassic.com



လေးကိုက ပို၍ချစ်စနိုးလေးဖြစ်ကြတာမဟုတ်လား။

“မမသွားတော့မှာလား”

“အင်း”

“ဘာလိမ်းထားလဲဟင်”

“နင်နော်. . . ငါ့အစ်မကို ညာတာပါတေးနဲ့ မွှေးတော့မယ် မဟုတ်လား”

“ဘာဖြစ်လဲ။ မမကြည်ဖြူရင်ပြီးတာပဲနော်မမရယ်”

သူမက ပြောပြောဆိုဆိုပင် မမပါးတစ်ဖက်ကို ရွှတ်ခနဲမွှေး လိုက်လေ၏။

“အား! မွှေးလိုက်တာနော်။ ရင်ထဲထိ အေးသွားတာပဲ”

“အေးပါ. . . အေးပါ။ နင့်အလှည့်ဝင်ရှုလည်မှ အာငြကြီးနဲ့ မငိုနဲ့”

“အံမာ! မင်းစကားက ဘာလဲကွ ကဖြိုးရ”

ဖြိုးလက်မောင်းကို လက်သီးဖြင့်ဆတ်ခနဲထိုးလိုက်တော့ ဖြိုးက မျက်နှာရှုံ့လိုက်လေ၏။ မနာကျင်ပေမယ့် ပသျှား ဤသို့လက်ပွန်းတတီးနေတတ်တဲ့အကျင့်လေးကို 'နှစ်ခြိုက်ဈေနပ်မိရသည် ကိုး။





“ကဲ! ရန်ဖြစ်မနေကြနဲ့လေ၊ မမသွားတော့မယ်။ အိမ်ကို ကျွမ်းပြန်အောင် ဆော့မနေနဲ့ဦး”

“စိတ်ချ. . . စောက်ထိုးပဲလုပ်ထားမှာပါမမရဲ့။ ဪ! ခဏ လေးမမရေ။ ကျောင်းမှာ ဦးကောင်းကင်ဆိုတဲ့လူနဲ့တွေ့ရင် မရောမိ စေနဲ့နော်”

“ဟယ်. . . ဘာနာမည်ကြီးလဲ, သျှားရဲ့”

“ပသျှားအစ်ကိုပါမမရာ။ မိုးသန့်ဖြူကို နာမည်ဖျက်ခေါ်နေ တာလေ”

“အဆန်းကလည်းထွင်ပါ့”

အကြည်လေးက ဦးအုန်းရပ်ပေးလိုက်သည့်ကားပေါ်တက် ကာ ကျောင်းသို့ထွက်လာခဲ့လေသည်။ မိုးသန့်ဖြူတဲ့. . . ဒီနာမည် ကြီးကြားဖူးသလိုပဲ။ ဟော! ဒါ, ဟိုနေ့က ချလန်မှားယူတဲ့လူကိုး။

သျှားရဲ့အစ်ကိုတဲ့။ မဟုတ်သေးပါဘူး။ သျှားမှာ cousin ဆိုလို့ သျှိတစ်ယောက်ပဲရှိတာလေ။ ညီအစ်မချင်းအတူတူ သျှိက သျှားလိုမဟုတ်ဘဲ style တစ်ခွဲသားနှင့် မာနကခပ်ကြီးကြီးမို့ သိပ် ရင်းနှီးချင်ပါ။ သူတို့ချမ်းသာသလောက်တော့ အကြည်လေးတို့ လည်း ရှိတာပါပဲ။ ဒါပေမဲ့. . . သျှားကိုက ဘာမာနမှမရှိဘဲ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းစင်လွန်းတာ အသိသာကြီးပါ။ ဟန်မရှိ မာန်မရှိ။ ကျွေးရင် လည်းမငြင်းဘဲ စားတတ်တာလေးကို အကြည်လေးတို့တစ်အိမ်လုံး က ပိုပြီးချစ်ကြတာလေ။

ဒက်ဒီတို့ကလည်း မောင်နှမထဲမှာ အကြီးဖြစ်သည့်အကြည် လေးကို ဆရာဝန်ဖြစ်စေချင်ပြီး အငယ်ဖြစ်သည့်ဖြိုးကို အင်ဂျင် ယာဖြစ်စေချင်သည်။ ရည်မှန်းထားသည့်အတိုင်း အကြည်လေး အခုဆေးကျောင်းသူဖြစ်နေတာမို့ ဖြိုးကို control လုပ်ရန်သာရှိ ဖြိုးကလည်း သူ့ဟာသူကြိုးစားရှာပါသည်။ ဒီကြားထဲ သွားက ဝါသနာတူမို့ ဖြိုးအတွက် အားရှိရသည်ပဲ။

Corrider အုတ်ဘောင်မှာ ခြေဆင်းထိုင်နေသည့်လူ ယောက်ကို မျိုးတို့သုံးယောက်က ကွက်ကြည့်တာ တီးတိုးအ အုပ်နေလေ၏။ ဒီသုံးကောင် အထဲမဝင်ဘဲ ဘာလုပ်နေတာပါလိ

"မျိုးတို့မဝင်သေးဘူးလား"

"ဟယ် . . . အကြည်လေး,လာပြီဟေ့"

သုံးယောက်သား အကြည်လေးရှိရာဆီ အပြေးရောက် သလို မျက်နှာတွေက မချို့ချဉ်ပြုံးစိစိဖြစ်နေကြလေ၏။

"ဘာတွေဖြစ်နေကြသလဲ"





"ငါတို့အခန်းထဲ ဒီနှစ်,လူသစ်တိုးတယ်တဲ့"

"အေးဟယ်, ကောင်လေးက ခပ်မိုမိုလေးသိလား။ မျက်ခုံး အရမ်းလှတယ်"

"ငါသိတယ်"

"ဘယ်လို"

"အေးလေ . . . ဒီနေ့ပဲ ကျောင်းစဖွင့်တာ နင်ကဘယ်လိုသိ နေတာလဲ အကြည်လေးရဲ့"

"ဒီလိုပဲပေါ့ . . . လာ,ဝင်ကြစို့"

သူ့ရှေ့မှဖြတ်လျှောက်သွားသည့်အကြည်လေးတို့အုပ်စုကို သူ မြင်လိုက်ပါ၏။ အဖြူရောင်လေးဝတ်ထားသည့် အကြည်လေးက အုပ်စုထဲမှာ နာမည်နှင့်လိုက်ဖက်အောင်ပင် ကြည်ကြည်လင်လင် လေး လှပလွန်းနေပါသည်။

သူက ဒီနှစ်မှပြောင်းလာတာမို့ သူငယ်ချင်းမရသေးသလို ဗိုက်တည်းကလည်း ခပ်အေးအေးသာနေတတ်လေသဖြင့် တစ် ယောက်တည်း ထိုင်နေမိတာပင်။ အကြည်လေးနှင့်တွဲသည့်သုံး ယောက်က သူ့ကိုသိသိသာသာကြီးကြည့်သွားသဖြင့် အံ့ဩသွား လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ချိန်စေ့ပြီမို့ သူ့အခန်းထဲဝင်ထိုင်တော့ ရှေ့ဆုံးခုံမှာ ထိုင်နေသည့်အကြည်လေးတို့အုပ်စုကို လှမ်းမြင်နေရလေသည်။ သူက နောက်ဆုံးခုံမှာပင် ဝင်ထိုင်လိုက်ပါ၏။

"သူ့နာမည်က မိုးသန့်ဖြူတဲ့"

"ဟယ်. . . လှလိုက်တာ။ နင်ဘယ်လိုသိသလဲ"

"သူက ဖြိုး့ကောင်မလေးရဲ့အိမ်ကနေ ကျောင်းလာတာ တာလေ"

"ဒါဆို နင်နဲ့အိမ်ချင်းနီးတာပေါ့"

"မဟုတ်သေးဘူး။ အဲဒီအိမ်မှာ ညီအစ်မနှစ်ယောက်ရှိတာ မဟုတ်လား။ ဒီကောင်လေးနဲ့ ဘာများတော်စပ်လို့လဲ"

"အာမှတော်ပုံမရပါဘူး"

"ဟယ်! အဲဒီလိုကြီး သွေးမတော်သားမစပ်အိမ်မှာလာနေတယ်။ အံ့ပါရဲ့. . . အဲဒီအိမ်ကလည်း သမီးပျိုလေးတွေရှိတာ လက်ခံထားရတယ်လို့"

"ငါ စိတ်မဝင်စားဘူး သက်ရေ။ ပုံစံကိုကြည့်ကတည်းက မိန်းမတွေပစ်ကျွမယ့်ရုပ်မို့ကို သဘောမကျတာ။ အကြည်လေးက ဒီလောက်ကို စာရင်းထဲထည့်တာမှမဟုတ်ဘဲ"





မျိုးရော၊ သက်ရော၊ နှင်းပါပြုံင်တူ ခေါင်းညိတ်ထောက်ခံကြလေ၏။ စာသင်တော့ ဆရာတွေ၊ ဆရာမတွေသင်ပေးတာကို ဗိုလ်နဲ့၊ ဒေါက်ခနဲပြောနိုင်ဖြေနိုင်သည့်သူ့ကို အားလုံးက တအံ့တသြသည့်ကြည့်ကြလေ၏။

ကြည့်စမ်း. . . ဒီနှစ်မှရောက်လာတဲ့ ကျောင်းသားသစ်တစ်ယောက်က ဘာကြောင့်များ ဒီလောက်ထိတော်နေရတာလဲ။ သေချာတာတစ်ခုကတော့ သူ စာတွေကိုအတော်အလေးပေးလေ့လာထားတယ်ဆိုတာပါပဲ။

ရင်ထဲမှာ ဘာမှန်းမသိတဲ့ ခံစားချက်လေးက တွန်းတိုးထွက်လာလေ၏။ မနာလိုခြင်းလား. . . အကြည်လေးသေချာ မသိနိုင်။ ကိုယ်ကိုယ်တိုင် သိပ်အညံ့စားကြီးမဟုတ်ပေမယ့် အဘက်ဘက်မှာ popular ဖြစ်ချင်တာတော့ အမှန်ပါပဲ။ ရုပ်ရည်၊ ဥစ္စာ၊ ပညာအစဆို လူတိုင်းထက်သာလွန်သည့်မာနဖြင့် သူ့အပေါ် စိတ်တိုင်းမကျသည့်စိတ်က ဖြစ်တည်လေသည်။

ကျောင်းဆင်းတော့ ကားဂိတ်မှာကားစောင့်နေသည့် သူ့ရှေ့ကနေဖြင့်ဖြတ်ရင်း ဒေါသရိပ်ထွက်နေသည့်မျက်ဝန်းတို့ဖြင့် သူ့ကိုစိုက်ကြည့်လိုက်စဉ် အံ့ဩရိပ်သန်းနေသည့်မျက်နှာဖြင့် ကြည့်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့်မျက်ဝန်းနက်တို့နှင့်ဆုံရလေ၏။

ကြည့်စမ်း! အတော့်ကိုစွဲဆောင်မှုရှိတဲ့ မျက်ဝန်းတွေပါလား။ အသိအမှတ်မပြုချင်ပေမယ့် ထိုအကြည့်တွေသိနေရတာက ဘာကြောင့်များပါလဲ။

❁ ❁ ❁



အခန်း ( ၆ )

ရေချိုးခန်းမှထွက်လာသည့် သူနှင့်ထိပ်တိုက်တိုးသဖြင့် မျက်ောင်းခဲကာ မဲ့ပြုံးပြုံးလိုက်မိ၏။ ဘယ့်နှယ်ရှိစ, သွားမမကို ခုထိပ်လို့မရသေးဘူးမဟုတ်လား။ မာနထိပ်ခေါင်တင်နဲ့များ အလွယ်တူရင်းနှီးလို့ရမယ်များ ထင်နေရတယ်လို့ ဦးကောင်းကင်ရယ်။

ခင်ဗျား သွားမမကိုခင်ချင်ရင် သွားကနေတစ်ဆင့် ဆက်ယ်ပေးရင်အလွယ်လေးပါ။ ကျွန်တော်နဲ့တည့်အောင်မပေါင်းချင် Power တွေ သိပ်ပြချင်နေတဲ့ခင်ဗျားကိုမြင်ပြင်းကပ်နေတာမို့ န်တော်ကလည်း မလုပ်ပေးချင်ပေါင်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ. . . ကျွန်တော်နဲ့ဘယ်နှခါများ အဆင်ချော အောင် ခင်ဗျားစကားပြောဖူးလို့လဲ။

အချိုးကျကျ မီးပူထိုးပေးထားသည့်ရှပ်အဖြူကိုဝတ်ကာ သူ ကျေနပ်သွားပါ၏။ အဲဒါပဲ. . . သို့နဲ့သွားကွာတယ်ဆိုတာလေ။ ဟို ချာတိတ်မ ပေါ့ပျက်ပျက်နေတတ်သလောက် သို့က မိန်းကလေး ပီသလွန်းတာမဟုတ်လား။ ကျောပိုးအိတ်ထဲသို့ စာအုပ်တွေထည့်စဉ် သူ့ ball pen တစ်ချောင်းပျောက်နေတာကို သတိထားမိသွားပါ၏။ ခဲရောင်ပြောင်ပြောင်လက်လက် မင်ချောင်းမို့ သူ တော်ရုံမရေးဘဲ ဒီခွက်ထဲပဲထည့်ထားပါလျက် ဘယ်လိုဖြစ်ပြီးပျောက်ရတာလဲ။

"ဒေါက်!. . . ဒေါက်!"

"လာပြီ"

ရေသုတ်လျက်သား မခြောက်တခြောက်မျက်နှာဖြင့် သူ တံခါးဖွင့်တော့ အခန်းရှေ့ရပ်နေသည့်သူ့ကိုမြင်ရလေ၏။ သူက သူမရှေ့မှာ လက်ဝါးဖြန့်လိုက်လေသည်။

"ဘာလဲ"

"ငါ့ဘောပင်"

"ဘာဘောပင်လဲ"





"မင်လက်လက်နဲ့ ဘောပင်အနက်လေ"

"ကျွန်တော်မယူပါဘူး. . . ရာရာစစ"

"မင်းမယူရင် ဘယ်သူယူမှာလဲကွ။ ဒီအောက်ထပ်မှာ မင်းပဲ နေတာ၊ ပြီးတော့ မင်းပဲ ငါ့အခန်းထဲဝင်ရဲတာလေ"

သူမ အံ့သြသွားရလေ၏။ ဘယ့်နှယ်. . . စွဲချက်က အတိ အကျကြီးပါလား။ ဦးငယ်ပြောထားကတည်းက အပေါ်ထပ်ကို လည်းသိပ်မတက်တော့ဘဲ သူမဟာသူမ အောက်ထပ်မှာပဲနေဖြစ်ခဲ့ တာ။ သားဦးနဲ့ဆော့ချင်တာတောင် လှေကားထိပ်က လှမ်းအော် ခေါ်ပြီး အောက်ထပ်ကိုဆင်းစေခဲ့တာလေ။ သူ့အခန်းထဲဝင်ဖို့ဆို ဝေလာဝေး။

"လူဆိုတာ စည်းရှိရတယ်ကွ။ ငါမကြိုက်ဆုံးအလုပ်က ငါ့ပစ္စည်းတွေကိုခွင့်ပြုချက်မရဘဲ လာကိုင်တာပဲ။ ဒီအိမ်မှာ မယုံ သင်္ကာဖြစ်စရာလူမရှိလို့ တော်ရုံနဲ့တံခါးကို lock မချဘဲနေမိတာကို အခွင့်ကောင်းမယူချင်နဲ့"

"ခင်ဗျားနော်. . . ကျွန်တော်မယူပါဘူးလို့ဆို"

"မင်းလိုချင်ရင်တောင်းပါ၊ ငါပေးနိုင်တယ်။ ဒီလိုယူတတ်တာ တော့ အကျင့်မကောင်းရာကျတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာ ရဲသွားရလေ၏။ စော်ကားလိုက်တာ။ ဒီဘောပင်လေးတစ်ချောင်းက ဘယ်လောက်များ တန်ဖိုးရှိလို့လဲ။ ကိုယ်တကယ်မယူပါဘဲ အပြောခံရတာကိုတော့ ရင်နာရပါ၏။ အကျင့်မကောင်းဘူးလို့ သူပြောလိုက်တာ သူ့ားကို သူခိုးလို့စွပ်စွဲလိုက်တာပဲပေါ့။ ဒေါသတွေဖြစ်လာရာမှ သူမ အလိုလိုဝမ်းနည်းလာရလေသည်။

"ခင်ဗျားအရမ်းမစွပ်စွဲနဲ့နော်။ ကျွန်တော်လုံးဝမယူဘူး။ သူများပစ္စည်းယူသုံးရလောက်အောင် ကျွန်တော်က ဆင်းရဲမွဲတေနေတဲ့လူမဟုတ်ဘူး"

"မင်းအဘွားချမ်းသာတာကို မာန်တက်ပြမနေနဲ့။ မကြားဖူးဘူးလား. . . လွယ်ရင်သူကြွယ်တောင် လက်မနှေးဘူးတဲ့။ လိုချင်စိတ်ဖြစ်လာရင် ဘာပစ္စည်းဖြစ်ဖြစ် အလွယ်တကူယူတတ်တာ လူ့သဘာဝပဲ"

"ခင်ဗျား. . . ခင်ဗျား လွန်လွန်းနေပြီနော်။ ခင်ဗျားဘောပင်က ဘယ်လောက်များတန်ဖိုးရှိနေလို့ လူကို မှိုချိုးမျှစ်ချိုးပြောနေရတာလဲ"

သူမပြောပြောဆိုဆိုဖြင့် သူ့ရင်ဘတ်ကိုဆောင့်တွန်းလိုက်စဉ်





ဦးငယ်တို့သားအမိတွေဆင်းလာတာနှင့် ဆုံသွားရလေသည်။

"ဟဲ့! သွား"

"သမီးငယ် ဘာလုပ်တာလဲ"

သူမ, ဦးငယ်မေးတာကိုပြန်မဖြေဘဲ သူ့ကိုစူးစူးရဲရဲဖြင့်စိုက်ကြည့်လိုက်ပါ၏။ သူကဒီလိုလုပ်လိမ့်မည်မထင်သဖြင့် တအံ့တဩနှင့်ပြန်ကြည့်နေမိလေသည်။

"ဦးငယ်မေးတာကို ဖြေဦးလေ"

"ကျွန်တော့်ဘောပင်ယူမိသေးလားလို့မေးတာပါဦးငယ်။ အဲဒါကို"

"ခင်ဗျားကိုပြောပြီးသားနော်၊ ကျွန်တော်မယူဘူးလို့"

"သမီးငယ် ရိုင်းပြန်ပြီလား, ဦးငယ် ဘာပြောထားလဲ။ ယူထားရင်လည်း ပြန်ပေးလိုက်"

"ဦးငယ်. . . သွား,မယူဘူး"

"သမီးငယ်. . . စတာပဲဖြစ်ဖြစ်၊ တမင်ယူတာပဲဖြစ်ဖြစ် ဒါမျိုးလုပ်တာ ဦးငယ် မကြိုက်ဘူးနော်။ သမီးဘွားဘွားသိရင် မကောင်းဘူး"

"ဦးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပေးလိုက်"

သူမ, ဦးငယ်ကိုအထူးအဆန်းသဖွယ်ရှမော့ကြည့်နေမိသည်။ ဒေါသဖြစ်လာသည့်မျက်ဝန်းတို့ဖြင့် စိုက်ကြည့်နေသည့်ဦးငယ်၏ အကြည့်က အထင်သေးသည့်အရိပ်တွေထွက်နေသယောင်။ ဘုရား ရေ. . . ဘာမဟုတ်တဲ့ပစ္စည်းလေးနဲ့ပတ်သက်ပြီး သူမသိက္ခာကျရ ပါရောလား။

"သမီးငယ်. . .ဦးငယ်ပြောတာကြားတယ်နော်"

သူမ အခန်းထဲသို့ ဆတ်ခနဲဝင်၍ ဘီရိုထဲမှာထည့်ထားသည့် ရောင်စုံဘောပင်များထဲမှ မင်နက်လေးကိုယူ၍ သူ့လက်ထဲထည့် ပေးလိုက်ပါ၏။ ဖြိုးဝယ်ပေးထားတာဟု သူ့ကိုမဖြေရှင်းပြတော့ပါ။ သူက ဘာမှဆက်မပြောတော့ဘဲ ဦးငယ်တို့ရှေ့မှာပင် ကျောင်းသို့ ထွက်သွားလေသည်။

"အချိန်မရှိတော့လို့ ဦးငယ်သွားတော့မယ်။ ညနေကျရင် ဦးငယ်, သမီးနဲ့စကားပြောဖို့စောင့်နေမယ်။ ဒါပဲ"

သူမအခန်းထဲမှာ တစ်ယောက်တည်းငြိမ်ထိုင်နေမိ၏။ ဘယ် သူယူသွားတာလဲ။ ဒီဘောပင်လေးပျောက်တာ ဒီလောက်အထိ ပြဿနာတက်စရာတဲ့လား။ သျှား,ပင်ကိုစရိုက်က သူတစ်ပါးကို





ထိတထိကလိပြီး စနောက်တတ်တာတော့ အမှန်ပါပဲ။ ဒါပေမဲ့ သူ့ထင်သလိုမျိုး လူမသိအောင် ခိုးတတ်ဝှက်တတ်တာမျိုးတော့ မရှိ ရပါချေ။ ဒီနေ့မှောင်တဲ့အထိ စာသင်ရမှာမို့ စိတ်မပါတော့သော် သည်း အဝတ်အစားလဲကာ ကျူရှင်သို့ထွက်လာခဲ့၏။

မျက်နှာခပ်နွမ်းနွမ်းဖြင့်ဝင်လာသည့်သူမကို ဖြိုးတို့သတိပြု မိသွားရ၏။ သူတို့အုပ်စု ချစ်စနိုးလေးဖြစ်နေသည့် ဒေါင်းဖန်ဝါက သျှားဘေးမှာထိုင်လျက် လှည့်ကြည့်လိုက်လေသည်။

"ဘာဖြစ်လာလို့လဲဟင်"

"ဟင့်အင်း"

သျှားက ခေါင်းခါပြလျက် မျက်နှာမကောင်းစွာဖြင့် ထိုင်နေ ဘာမို့ ဖြိုး,နေမထိထိုင်မသာဖြစ်လာရ၏။ ဤကောင်မလေးမျက်နှာ သောမယာဖြစ်တာမျိုး တစ်ခါမှမဖြစ်ဖူးလေပဲ။

"ပသျှား"

"ဘာလဲဟာ"

"နင်ဒီလိုကြီးမနေနဲ့လေဟာ။ ငါမနေတတ်ဘူးကွ။ လာ. . . အပြင်မှာထွက်ပြောရအောင်. . . ဒေါင်း,ခဏနော်"

ဒေါင်းဖန်ဝါက ခပ်ပြုံးပြုံးဖြင့် ခေါင်းညိတ်ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုး, ပသျှားလက်ကိုဆွဲ၍ တိုက်ပြင်ကိုခေါ်ထုတ်လာခဲ့သည်။

"ဘာဖြစ်တာလဲ,ပြော။ ဒါမှ နှင့်စိတ်ထဲ ဘဝင်ကျသွားမှာ"

"လူတွေက ငါ့ဆို ဘာဖြစ်လို့အပြစ်မြင်နေကြရတာလဲ"

"ဟာ! အဲဒီထဲမှာ ငါနဲ့မမရော၊ ငါတို့မိသားစုမပါဘူးလေ"

"ငါစိတ်မကောင်းဖြစ်လာခဲ့ရတယ် ကဖြိုး။ အထူးသဖြင့် ဦးငယ်အထင်သေးတာကို ငါမခံချင်တာ။ သူ ဒီကိုစရောက်ကတည်းက ငါအဆူမခံရတဲ့နေ့ရယ်လို့ မရှိသလောက်ပဲ။ အရင်က တော်ရုံလေသံမာလေးနဲ့သာ ဦးငယ်က ငါ့ကိုပြောခဲ့တာမျိုးပဲရှိခဲ့တာလေ။ တစ်ခါမှ ဆူငေါက်တာမျိုးမရှိခဲ့ဘူး။ ခုကျမှ"

"နှင် သူနဲ့ဘာပြဿနာတက်ကြလို့လဲ"

"သူ့ဘောပင်ပျောက်သွားတာကို ငါယူလို့တဲ့"

"ဘာဘောပင်လဲ"

"နှင်လက်ဆောင်ပေးတဲ့ဟာမျိုး"

"နှင်မငြင်းဘူးလား ပသျှားရဲ့"

သူမမျက်ရည်တွေ ဝေ့ဝဲသွားရလေ၏။ ငြင်းတာကို သူမှမယုံကြည်ခဲ့တာလေ။

"သူက တပ်အပ်စွပ်စွဲခဲ့တာပါ။ ငါ ဘယ်လိုမှငြင်းလို့မရဘူး။ ငါ. . . ငါ. . . ဒီလိုအကျင့်ပျက်တဲ့လူမှမဟုတ်ဘဲ,ဖြိုးရဲ့။ ငါအရမ်းဝမ်းနည်းတယ်။ ညနေကျရင် ဦးငယ်ဆုံးမတာကို နားပူအောင်ခံရဦးမှာ"

"သေချာရှင်းရင်ရမှာပါ ပသျှားရာ"

"ငါ, နှင်ပေးထားတဲ့အထဲက တစ်ချောင်းပေးလိုက်တယ်"

"ငါထပ်ဝယ်ပေးမှာပေါ့။ ပြီးတော့ ငါလိုက်ရှင်းပြပါ့မယ်"

"နေပါစေတော့. . . နှင်ရှင်းမှ ပိုရှုပ်ကုန်မယ်။ အင်းပေါ့လေ ငါက သူ့ကိုနဂိုကတည်းက နှောင့်ယှက်ခဲ့ဖူးတာဆိုတော့ သူ့သံသယပိုခိုင်သွားရတာပေါ့။ ငါ့အပြစ်တွေလည်း ပါတာပါပဲ"

❁

နားထဲမှာ သူပြောလိုက်သည့်စကားသံတို့ကိုကြားယောင်နေမိ၏။ 'ကျွန်တော်က ခင်ဗျားလိုစကားလုံးတွေမကြွယ်ဝဘူး ဦးကောင်းကင်။ ပြီးတော့ လူတစ်ဖက်သား နားဝင်ချိုအောင်လည်း တဖွဖွတနွဲ့နွဲ့မပြောပြတတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်က ခင်ဗျားလိုသလိုမျိုးမလုပ်ရတာတော့ တကယ်ပါဗျာ'။







www.burmeseclassic.com

www.burmeseclassic.com



စာသင်နေစဉ် အရေးကြီးသည့်စကားလုံးတွေကို မျဉ်းသားရန် ဘောပင်ကိုထုတ်ယူလိုက်၏။ ပြဿနာဖြစ်ခဲ့ရသည့်ဘောပင်လေးကို သူလှည့်ပတ်ကြည့်နေမိသည်။ သူလွန်သွားပြီလား။ ဘာမဟုတ်သည့်ပစ္စည်းလေးဖြင့် ဤမျှအထိ သူပြောလိုက်မိသည်ကိုး။

ဘောပင်ကိုသေချာကြည့်တော့ မင်ကလုံးဝမသုံးရသေးသည့် အသစ်ဖြစ်နေလေ၏။ ဘုရားရေ . . . ဒါ, သူ့ဘောပင်ဘယ်ဖြစ်နိုင်ပါတော့မလဲ။ သူ့ဘောပင်က သုံးထားတာမို့ လက်တစ်ဆစ်ခန့် လျော့နေတာလေ။ ဒုက္ခပါပဲ. . . သူနဲ့သူမကြားမှာ ပြေရှင်းဖို့ကိစ္စတွေတော့ ရှိကုန်ပါရောလား။ ဘာဖြစ်လို့များ ရှုပ်ကုန်ရတာလဲ ချာတိတ်ရယ်။

"ခုထိ ပြန်မရောက်သေးဘူးလား။ မှောင်တောင် မှောင်နေပြီ"

ထမင်းဝိုင်းမှာဝင်ထိုင်စဉ် ဦးငယ်ပြောလိုက်တာမို့ သူမပြန်မရောက်သေးမှန်း သူသိလိုက်ပါ၏။ ဘာများဖြစ်နေလို့ပါလိမ့်။

"နည်းနည်းမှောင်မယ်လို့တော့ သမီးကိုပြောသွားပါတယ်။ ဒီနေ့ ဘာသာစုံတက်ရမှာတဲ့"

သျှီက ဟင်းပွဲတွေပြင်ပေးပြီး ခုံမှာဝင်ထိုင်ကာ ပြောလိုက်မှ





ဦးငယ် သက်ပြင်းချ၏။ နာရီက ရှစ်နာရီပင်ကျော်နေလေပြီ။

"ခါတိုင်း ဒီလောက်ထိ နောက်မကျပါဘူး။ (၇)နာရီအလွန်ဆုံးပဲဟာ။ ကိုအောင်ဆူမှာကြောက်ပြီးများ ပြန်မလာသေးတာလား ဗျို့"

"သူလား ကြောက်မယ့်ရုပ်, ပြောလိုက်ရင် မထုံတက်တေးနဲ့ ဆိပ်ဖျစ်တိုက်တတ်တာပဲ။ အဲဒါ ကိုလှတ်နဲ့ချွတ်စွပ်တူတာ . . . ဒါကြောင့် မေမေက သည်းသည်းလှုပ်ချစ်ပြီး အလိုလိုက်လွန်းလို့ ဒီလိုဖြစ်နေတာပေါ့"

"ကောင်းကောင်းပဲပြောပါကိုအောင်ရယ်။ ကလေးက ငယ်ပါသေးတယ်။ တော်ကြာ သူ့မြေး ဒီမှာနေရတာ စိတ်ဆင်းရဲတယ် သတင်းကြားပြီး ဟိုကနေ မေမေသွေးတက်နေပါဦးမယ်"

"မနက်က ဘာပြဿနာဖြစ်လို့လဲဟင်"

သျှီက ထမင်းစားလျက် မေးလိုက်မိ၏။ အငယ်မက အမြဲပြဿနာရှာတတ်တဲ့လူကိုး။

"သားဘောပင်ကို ယူထားတာလေ။ မေးလိုက်ရင် ဘူးချည်းခံတယ်။ နောက်တော့ သူပဲတရားခံ"

"ဘာဘောပင်မို့လဲ ဦးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်စိုအရောင်လက်ကလေးပါ။ ဒါပေမဲ့ ဦးငယ်တော့ အဲဒီလိုလုပ်တာ သဘောမကျဘူး။ နောက်တာပဲဖြစ်ဖြစ် သူ့စည်းကိုယ့်စည်းတော့ထားရမှာပေါ့။ အခန်းထဲထိ ဝင်ယူရဲတာတော့ လွန်လွန်းတယ်"

သို့မျက်နှာ နွေးခနဲဖြစ်သွားရ၏။ မနက်က ကိုသန့်အကျႌ မီးပူထိုးပြီးသားတွေ သွားထည့်ပေးပြီး ဒိုင်ယာရီရေးလက်စ မင်ကုန်သွားတာမို့ ယူရေးလိုက်မိတာပါ။ ငါးကြောင်းလောက်သာရေးပြီး ပြန်ထားပေးဖို့မေ့သွားစဉ် ဒီပြဿနာဖြစ်သွားရတာပါရောလား။ အရောင်စုံ လေးငါးချောက်ချောင်းရှိနေတာမို့ ဘာမှမဖြစ်လောက်ဘူးထင်ပြီး ယူသုံးမိတာမှားများသွားပြီလား။ အိုလေ. . . ခုချိန်ပြန်သွားပြန်ထားမိရင် ပြဿနာကပိုပြီးရှုပ်သွားမှာပေါ့။

"တစ်ချိတစ်ခါတော့ မှတ်သွားအောင်ပြောဦးမှပါပဲ။ ဒါမှ အမှတ်သည်းခြေရှိသွားမှာ။ နို့မို့ ဒီကလေးမ, သားအပေါ် သိပ်နိုင်စားလွန်းနေပြီ။ အစ်ကိုတစ်ယောက်ထက်ပိုပြီး အခွင့်ကောင်းယူတာတော့ ဘယ်ကောင်းမှာလဲ။ ကိုသက်တို့နဲ့ မျက်နှာပူစရာတွေဖြစ်ကုန်မှာလေ"

"ဖေဖေတို့က သျှားအကြောင်းကို အစောကြီးကတည်းက





သိထားပြီးသားပါ ဦးငယ်"

"အင်း. . . ဦးငယ်တို့အမျိုးထဲမှာလည်း သမီးမိန်းကလေးက သိပ်ရှားလွန်းတယ်လေ။ ကိုလတ်, သျှားကိုမွေးတော့ တစ်ဆွေမျိုးလုံးက ဝိုင်းပြုပြီးချစ်ကြတာ။ လက်ထဲက မချတဲ့အထိ။ ကိုလတ်တို့ ဦးငယ်တို့ကုတ်ပေါ်က မဆင်းတဲ့အထိ မျောက်ရှုံးအောင်လည်း ဆော့တတ်တော့ စုပုံပြီးချစ်တာဆန်းမလား။ သို့ကိုက နောက်မှ မွေးခေါ်တာဆိုတော့ သျှားလောက် ဘယ်သူမှသိပ်မတွယ်တာကြဘူးလေ။ ပြီးတော့. . . သိတဲ့အတိုင်းပဲ၊ လူတိုင်းက ဆိုးတဲ့ကလေးကိုပဲ ဝိုင်းချစ်ကြတာ ဓမ္မတာကိုး။ ဒီတော့ ဒီလောက်ဝိုင်းချစ်တာ ခံရတဲ့ကလေး ဒီလောက်လေးပဲဆိုးတာကို ကျေးဇူးတင်ရမှာ"

သို့က မျက်ရည်ဝဲလာသဖြင့် မျက်တောင်ကိုတဖျပ်ဖျပ်ခတ်သိမ်း၍ ထမင်းစားတာကိုရပ်လိုက်ပါ၏။ စားပြီးတာတွေကို အန်တီနှင်းနှင့်ဝိုင်းကူသိမ်းပေးရင်း ရင်ထဲမှာ ဝမ်းနည်းလာသလိုခံစားနေမိသည်။

ဟုတ်တယ်။ ဆွေမျိုးအားလုံးရဲ့အချစ်တွေဟာ သျှားအပေါ်မှာပဲ ပုံနေခဲ့တာလေ။ ဘွားဘွားရဲ့မြေးဦးအဖြစ် ဒီလောကထဲသို့အရင်ရောက်ခဲ့ပါလျက် ဘွားဘွား၏လက်ထဲသို့ ဦးစွာပထမ



www.burmeseclassic.com

www.burmeseclassic.com



မရောက်ရအောင် ကံကြမ္မာက လုပ်ရက်ခဲ့သည်ပဲ။

ဘွားအိမ်ကိုရောက်တော့ သျှီ့အသက်(၆)နှစ်ရှိနေလေပြီ။ ဘွားပေါင်ပေါ်မှာထိုင်ပြီး သျှီ့ကိုခပ်တည်တည်စိုက်ကြည့်နေခဲ့သည့် မျက်လုံးလေးတစ်စုံကို မနာလိုဖြစ်လိုက်တာ မပြောပါနှင့်။ ဝမ်းကွဲညီအစ်မအဖြစ် သွေးသားတော်စပ်ပါလျက် ရှိသင့်ရှိထိုက်သည့်ချစ်ခင်ကြင်နာယုယမှုမျိုး သျှီနှင့်သျှားကြားမှာ ရှိမနေပါချေ။ ကျောင်းစနေသည့်အရွယ်၊ ကျောင်းမှာလည်း ဘွား၏မြေးအရင်းဖြစ် ကျော်ကြားခဲ့သူဟာ သျှားတစ်ယောက်ပင်ဖြစ်သည်လေ။

ဒီကြားထဲ သျှားက လူချစ်လူခင်ပေါများလွန်းလှလေ၏။ စာကလည်းတော်ကာ ပညာရေးမှာ ချွန်ပြန်သည်။ နှစ်စဉ်ထူးချွန်ဆုတွေ တက်ယူတိုင်း ဘွားမျက်နှာမှာ တပြုံးပြုံး။ မြေးချင်းတူပါလျက် သျှီ့ကိုပေးသည်က အနည်းအကျဉ်းမျှသာ။ ငါ့မြေးအတွက်ဆိုပြီး သျှားကိုသာ အများဆုံးပေးတတ်တာလေ။ ဘာအတွက်၊ ဘာကြောင့်ဆိုပြီး တစ်ခါတစ်မျိုး မရိုးရလေအောင် အမြဲတမ်းပေးခဲ့တာလေ။ ရွှေငွေကျောက်သံပတ္တမြားဆိုတာတွေက ရေတွက်လို့မရနိုင်အောင်ပါပဲ။

ပေါလွန်းလို့ပဲလား။ ဒါမှမဟုတ် သျှားကိုယ်တိုင် မနှစ်ခြိုက်တာပဲလားမသိ။ သျှားကိုယ်တိုင်က ဘာမဆိုတန်ဖိုးမထား၊ မမက်မောတတ်ပါချေ။ ပစ်စလက်ခတ်ထားတတ်သည့်ပစ္စည်းတွေကို သျှီ့ ဒါမဟုတ် မေမေက ကောက်ယူသိမ်းဆည်းပေးခဲ့ရသည်ချည်း။ အရွယ်ရောက်နေသည့်မိန်းကလေးမို့ မက်မောစိတ်ဖြစ်မိသော်လည်း ယူမထားဝံ့ပါချေ။ ဘွားအရိပ်မှာခိုလှုံနေရသူမို့ ဘွားစိတ်အနှောင့်အယှက်ဖြစ်စေမည့် အကျင့်စရိုက်အပြုအမူမျိုး သျှီ့ မပြုရဲပါလေ။

ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သည်ဟုဆိုသော်လည်း ပျော့ပျော့လေးသာ။ ဤရန်ကုန်ကိုလွှတ်လိုက်တာလည်း သျှားကိုဟိုမှာနာမည်ဖျက်သည့်လူတွေကြောင့် သျှားစိတ်ရှုပ်ရသည်ဟုဆိုပြီး လွှတ်လိုက်ခြင်းသာဖြစ်လေ၏။ သျှားကိုထိန်းဖို့၊ သျှားကိုပြုစုစောင့်ရှောက်ဖို့၊ သျှား၏ဝေယျာဝစ္စတွေကိုလုပ်ဆောင်ဖို့အတွက် သျှီက အဖြည့်ခံသက်သက်လိုက်လာခဲ့ရတာမဟုတ်လား။

လူ့ဘဝကိုရောက်လာသည့်လူချင်းတူပါလျက် ဒီလိုဆွေကြီးမျိုးကြီးထဲမှာ ဝင်စားခဲ့တာမှန်ပါလျက် ကုသိုလ်ကံက ဘာကြောင့်ဒီလောက်ထိကွာဟနေခဲ့တာပါလိမ့်။ မေမေကိုယ်တိုင် အိမ်အလုပ်တွေကိုခေါက်ရိုးကျိုးအောင် လုပ်တတ်ခဲ့ရလေတော့ မမေ့သင်းဖြစ်







www.burmeseclassic.com

www.burmeseclassic.com



သည့်သို့က ဘာမဆို မေမေ့လက်ထွက်ပီပီ အကုန်လုပ်တတ်နေတာကို ဒီနေ့ဒီအချိန်ထိ ချီးမွမ်းခြင်းတစ်ခုမှမရှိခဲ့။ ဘွားသဘောမတူတဲ့မေမေ့ကိုလက်ထပ်ခဲ့တဲ့ဖေဖေ့ကို ခွင့်မလွှတ်နိုင်တဲ့အရိပ်ဟာ သို့အထိ မိုးနေတုန်းပဲလား။

"ကျွန်တော်သွားခေါ်လိုက်မယ် ဦးငယ်"

သူ, ညမှောင်မှောင်မှာ လမ်းထိပ်သို့လျှောက်လာခဲ့၏။ ခြံထဲမှ စက်ဘီးနှစ်စီးထွက်လာတာနှင့် တန်းတိုးလေသည်။

"ဟော! အစ်ကိုလာကြိုတာလား"

"ဟုတ်တယ်"

"ကျွန်တော်လိုက်ပို့ပေးမှာပေါ့အစ်ကိုရာ။ တကူးတကကြီး"

"ဦးငယ်စိတ်ပူနေလို့ လာကြိုတာပါ ဖြိုးရဲ့။ နေပါစေတော့ ကိုယ်ပဲခေါ်သွားလိုက်ပါ့မယ်"

ကောင်လေးက သူမကိုလက်ထောင်ပြလိုက်ပြီး ခြံတံခါး စေ့ပိတ်လိုက်လေ၏။ ဘယ်သူမှမတွေ့ရပါလား။ ကျန်တဲ့ကလေး တွေပြန်ကုန်ပြီး သူမဘာကြောင့်မပြန်သေးတာပါလိမ့်။

"ကိုယ်နင်းမယ်"

သူ, စက်ဘီးကိုကိုင်လိုက်တော့ သူမက ပြန်မလုဘဲ အသာ





လွှတ်ပေးလိုက်လေ၏။ စက်ဘီးကို ရပ်ပေးထားပါသော်လည်း နောက်မှမတက်ဘဲ ကျောပိုးအိတ်တစ်လုံးနှင့်လမ်းလျှောက်သွားနေတာမို့ သူသက်ပြင်းရှိုက်မိလိုက်သည်။

"သျှား"

". . ."

"သျှား, ကိုယ်တောင်းပန်ပါတယ်။ မနက်ကကိစ္စ ကိုယ်တော်တော်လွန်သွားတာအမှန်ပါ။ ဒါပေမဲ့ ကိုယ့်ဘောပင် ပျောက်သွားတာလည်း တကယ်ပါ၊ မညာပါဘူး"

သူမ ဖျတ်ခနဲလှည့်ကြည့်စဉ် မဲ့ပြုံးပြုံးလိုက်တာကို မြင်လိုက်ရ၏။ ဝိုးတဝါးလရောင်အောက်မှာ ခပ်မို့မို့လေးဖြစ်နေသည့်မျက်ခွံတို့ကိုသတိထားမိသွားသည်။ ဘုရားရေ! သူမငိုထားလေသလား။

"သျှား"

"ခင်ဗျားနဲ့ကျွန်တော့်ကြားမှာ နောက်ထပ်ဘာစကားမှပြောစရာမရှိတော့ပါဘူး။ ဒါပဲ"

အေးစက်စက်စကားသံက သူ့ရင်ထဲ ကျဉ်ခနဲဖြစ်သွားစေလေ၏။ စိတ်ဆိုးတာလေလား။ ဘယ်လိုဖြေရှင်းပြရမည်မှန်း တွေးမရဘဲ လမ်းလျှောက်ခဲ့စဉ် ခြံရှေ့သို့ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘောပင် ကိုယ်ပြန်ပေးပါမယ်"

"မလိုဘူး။ ခင်ဗျားသိထားဖို့က သျှားဟာ ဆိုးသွမ်းတာမှန်ေ
မယ့် အကျင့်စာရိတ္တပျက်နေတဲ့မိန်းကလေးမဟုတ်ဘူးဆိုတာပါဲ
သူတစ်ပါးပစ္စည်းကို အပ်တိုတစ်ချောင်းတောင်မှ လိုချင်မျက်စိမ
ခဲ့ဖူးဘူး။ လောကမှာ ကျွန်တော်အမြတ်တနိုးတန်ဖိုးထားတဲ့အရ
ဘာတစ်ခုမှ မရှိသေးဘူး ကိုမိုးသန့်ဖြူ။ ဒါကိုခင်ဗျားသိထားဖို့ပါဲ

သူမက ဖိနပ်ချွတ်ကာ အိမ်ထဲဝင်သွားပါ၏။ ရေမိုးချိုးပြ
တော့ ဦးငယ်ခေါ်ထားသဖြင့် အပေါ်ထပ်သို့တက်သွားလေသည်
သူ အခန်းထဲမှာ စာမကြည့်နိုင်သေးဘဲ ခုံမှာပင်ထိုင်နေမိ၏။

လောကမှာ သူမအမြတ်တနိုးတန်ဖိုးထားတဲ့အရာ ဘာတ
မှမရှိသေးဘူးဆိုပါလား။ ပေါ့ပျက်ပျက်နေတတ်သည့် ချာတိ
လေးထံမှ ဤသို့လေးနက်သည့်စကားမျိုး ထွက်လာသတဲ့လေ။ သူ
တော့ ဘာတန်ဖိုးမှမရှိသည့် ဒီလိုဘောပင်လေးကို မက်မောတွ
တာနေတယ်လို့ ဆိုလိုလိုက်တာပေါ့။ ရှက်ဖို့ကောင်းလိုက်တာ၊ ဘ
မဟုတ်တဲ့ကောင်မလေးရဲ့ခနဲ့စကားက သူ့ကိုမှ တိုက်ရိုက်လာ
တယ်လို့။

စိတ်တွေရှုပ်ထွေးလာသဖြင့် ဖေဖေ့ထံစာကောက်ရေးလို





မိလေသည်။ သူမနှင့်ပတ်သက်ပြီး သူဒီလိုခံစားရတာကို မေမေသိလျှင် ဘာပြောလိမ့်မလဲ။ ဘာပဲဖြစ်ဖြစ် ဖေဖေကတော့ နားလည်ပေးမှာပါလေ။ ပြီးတော့ သူမနှင့်လည်း ရင်းနှီးပြီးသားဆိုတော့ သူ့ကိုယ်စား သူမကိုပြေလည်အောင် ရှင်းပေးနိုင်လိမ့်မည်ဟု သူ ယုံကြည်ပါ၏။

စာကိုပိတ်ပြီးမှ နေသာထိုင်သာရှိသွားပြီး စာကျက်ရန် စာအုပ်ဖွင့်စဉ် တစ်ဖက်ခန်းမှ တိတ်တဆိတ်ငိုရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရလေ၏။ သျှား ဘာဖြစ်လို့ငိုရပြန်ပြီလဲ။ မင်းနဲ့ကိုယ့်ကြားမှာ ဘာမဟုတ်တဲ့ကိစ္စလေးကစပြီး ဖြေရှင်းလို့မရတဲ့ပြဿနာတွေ မဖြစ်ပါရစေနဲ့တော့လို့ ကိုယ်ဆုတောင်းနေပါတယ်နော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



# ညီမလေးတဲ့လားကွယ်

*There is no life without hope.*

မျှော်လင့်ချက်ကင်းမဲ့တဲ့ဘဝရယ်လို့ မရှိပါဘူးလေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညိုမလေးတဲ့လားကွယ်

အခန်း ( ၇ )

Breakfast စားချိန်မှာ သူမရော,သားဦးပါ မရှိပါချေ။ မေးလိုက်ချင်သော်လည်း သူဖွင့်မမေးရဲ။ ပြဿနာက ပြီးသွားပေမယ့် စိတ်ခုနေသေးတာမဟုတ်လား။ ဦးငယ်နှင့်အန်တီနှင်းကတော့ သူ့ကို မှုန်ပင်ဆက်ဆံကြပါသည်။ သို့ကလည်း နဂိုကတည်းက ခပ်အေးအေးကင်းကင်းနေတတ်သူမို့ သူနှင့်စကားသိပ်မပြောဖြစ်ပါချေ။

"သမီးငယ် ပြန်မလာသေးဘူးလား"

"သားဦး ဖယ်ရီမလာသေးလို့ စောင့်နေတာဖြစ်မှာပေါ့"

"သူ ကျောင်းနောက်ကျနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးတို့ကားနဲ့သွားမှာပဲဟာ, ကိစ္စမရှိဘူး"

သူတို့ကော်ဖီသောက်ပြီးသွားချိန်မှာ သူမ စက်ဘီးဖြင့်အပြေး အလွှားရောက်လာ၏။ အခန်းထဲမှာ အဝတ်လဲပြီး မီးဖိုခန်းထဲမှာ သို့အဆင်သင့်ထည့်ထားပေးသည့်ထမင်းချိုင့်ကို သွားယူလေသည်။

"သမီးငယ် လက်ဖက်ရည်သောက်သွားဦးလေ"

"မသောက်တော့ဘူး ဦးငယ်။ ကျောင်းချိန်နီးနေပြီ"

"ကျောင်းမှာ ဆာနေမှာပေါ့"

"ဖြိုးတို့အိမ်မှာ မုန့်တစ်ခုခုဝင်စားမှာပေါ့ဦးငယ်ရဲ့"

သူမ ပြောလည်းပြော၊ ပြေးလည်းပြေးသဘောဖြင့် အိမ်ထဲမှ ထွက်သွားလေ၏။ ကျောင်းဝတ်စုံဖြင့် တစ်ခါမှမတွေ့ဖူးတာမို့ သူ ဖျတ်ခနဲသာကြည့်ဖြစ်လိုက်ပါသည်။ ရင်ဖုံးအင်္ကျီနှင့်လုံချည်က သူ့ အရပ်ကိုပို၍ရှည်စေပေမယ့် ငယ်နုသည့်ရုပ်ကလေးကိုတော့ ရှင်း မသွားစေပါလေ။

"သားက ဖြိုးခေါ်တာ လိုက်မသွားဘူးဆို"

"နေပါစေ ဦးငယ်။ ကျွန်တော် လိုင်းကားနဲ့သွားတာ အဆင် ပြေပါတယ်"

"တော်ကြာ ကိုကျော်က သားအဆင်ပြေအောင်မလုပ်ပေးလို့





ဆိုပြီး ဦးငယ်ကိုအပြစ်တင်နေပါဦးမယ်"

"မတင်ပါဘူးဦးငယ်။ မေမေက ကားဝယ်ပေးမယ်လို့ပြော တာတောင် ကျွန်တော်က လက်မခံခဲ့တာပါ"

"အေးလေ. . . သားအဆင်ပြေရင်ပြီးတာပါပဲ။ ကျောင်းတွေ ဖွင့်ပြီဆိုတော့ အငယ်မကျူရှင်ပြန်တာ နေ့တိုင်းမိုးချုပ်တော့မှာ။ အဲဒါ သားသွားကြိုပေးနိုင်မလား။ အချိန်မရရင်လည်း ဖြိုးကိုပဲ လိုက်ပို့ခိုင်းလိုက်ပါမယ်"

"ကျွန်တော်သွားကြိုပေးပါ့မယ် ဦးငယ်"

"မောင်သန့် စာကျက်ပျက်ပါ့မယ်,ကိုအောင်ရယ်။ နေနေ သား၊ ဖြိုးပဲလိုက်ပို့ပေးလိမ့်မယ်"

သူ ဘာမှထပ်မပြောတော့ဘဲ ငြိမ်နေလိုက်ပါ၏။ သူမနှင့် စကားမပြောဖြစ်တာ အတော်ကြာပြီပဲ။ ဆုံလိုက်တိုင်း ဖျတ်ခနဲလွှဲ သွားတတ်တဲ့မျက်ဝန်းတွေက သူ့ကိုမထီမဲ့မြင်မဟုတ်သည့်မသိချင် ယောင်ဆောင်သောအကြည့်များသာဖြစ်နေ၏။

တစ်အိမ်တည်းအတူနေပြီး စကားမပြောသလိုဖြစ်နေသဖြင့် သူ့စိတ်ထဲတစ်မျိုးကြီးဖြစ်ရလေသည်။ တကယ်ဆို သူမနှင့်အရင်လို စကားများ ရန်မဖြစ်ရတော့တာ သူ့အတွက်ပိုပြီးစိတ်ချမ်းသာရတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။ ခုတော့ ထိုသို့မဟုတ်ပါဘဲ စိတ်ညစ်နေရတယ်လို့။

ကျောင်းသွားရန်ပြင်နေစဉ် သူ့ Hand Phone မှ အသံမြည်လာလေ၏။ ကျောင်းမှာ သူနှင့်တွဲသည့်သူငယ်ချင်းနှစ်ဦးသာရှိသေးတာမို့ ဒီကောင်တွေဆက်တာပေပဲလား။ Phone နံပါတ်ကိုကြည့်လိုက်မှ ဖေဖေဆက်မှန်းသိရလေသည်။

"ဟဲလို! ဖေဖေလား"

"အေး၊သားဘယ်လိုလဲကွ။ စာလိုက်နိုင်ရဲ့လား၊ နေရတာရောအဆင်ပြေလား"

"ဟုတ်ကဲ့. . . စာကတော့ လိုက်နိုင်ပါတယ်ဖေဖေ။ သိပ်နားမရှင်းရင်လည်း ဆရာဆရာမတွေကိုမေးလို့ရပါတယ်။ နေရတာလည်း အင်း. . . အဆင်ပြေပါတယ်"

"သားရေးလိုက်တဲ့စာ ဖေဖေရပြီ"

"ဟုတ်လား"

"အေး. . . ဘယ့်နှယ်၊ ဘွားအိမ်စည်မြေးနဲ့မှ တည့်အောင်မနေရတာလဲသားရာ"

"ဖေဖေ့ချာတိတ်က ဆိုးကိုဆိုးတာပါဗျာ။ ကျွန်တော့်အခန်းထဲ စွပ်ကယ်စွပ်ကယ်ဝင်ဝင်ပြီး ပစ္စည်းတွေကို ခဏခဏဖွတ်သေး





တယ်။ စာမေးပွဲဖြေဖို့ စာအုပ်ပျောက်သွားတုန်းက ကျွန်တော့်မှာ ခေါင်းမီးတောက်ရပါရော. . . အဲဒီလိုဟာလေး"

"ဟင်းဟင်း. . . သူက အစကတည်းက အငြိမ်မနေတတ်တဲ့ ကလေးပဲဟာ. . . သားရေ။ ဒီလိုဆော့တတ်တာလေးကိုက သူ့အပြစ်ကင်းစင်ပြီး ဖြူစင်တာကိုပြနေတာ။ မိန်းမမာယာ လုံးဝမရှိတဲ့ ကတိအဖြူထည်လေးကို သားအပြစ်မမြင်ပါနဲ့"

ဖေဖေကတော့ မင်းကို ငယ်ငယ်ကထိန်းခဲ့တဲ့သံယောဇဉ်နဲ့ တ်ကိုချီးမွမ်းနေပြီ သွားရေ။ ကိုယ်ကတော့ မင်းဘာများထပ်လုပ်ဦးမလဲဆိုပြီး အလိုလိုလန့်နေမိတာပါ။ ဒါပေမဲ့ အခုလို ကိုယ့်ကို မျက်နှာမပေးဘဲ ဥပေက္ခာပြုထားပြန်တော့လည်း ကိုယ်မနေတတ်သလို ဖြစ်နေရပြန်ပါရော။

"အခုရော ပြန်ခေါ်ပြီလား"

"ဟင့်အင်း"

"ဟ! မင်းက အကြီးပဲလေ။ အငယ်ကိုခွင့်လွှတ်ပေးရမှာပေါ့။ ဘယ့်နှယ် ကလေးနဲ့ပြိုင်ပြီးစိတ်ကောက်နေရတာလဲ"

"သူက မခေါ်တာပါဖေဖေရ"

"မင်းက ချော့ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . ဖေဖေ့စကားကြီးကလည်း"

Phone ထဲမှာမို့တော်ပါသေး၏။ သူမျက်နှာ နွေးခနဲဖြစ်သွားတာ ဖေဖေမမြင်ရ၍ကိုး။ ဒုက္ခပါပဲ။ ဘယ်လိုလုပ်ပြီး သူမကိုချော့ရမှာလဲ။ သူက နဂိုအနေအေးတဲ့လူပါဆိုနေမှ။

"ဖေဖေကြိုပြောထားပါရဲ့ သားရေ။ ဘွားအိမ်စည်မြေးနဲ့တော့ သင့်လျော်အောင် ပေါင်းသင်းဆက်ဆံပါ။ ဖေဖေ, မေမေစည်နဲ့ပြဿနာမတက်ချင်ဘူး။ ပြီးတော့ မေမေစည်က ခုကတည်းက သူ့မြေးအတွက် မြေးသမက်ရှာနေပြီကွ။ ဖေဖေ့သားကို senior (1) ကနေ တန်းစီစေချင်ပါတယ်"

"ဟာ! ဖေဖေအရမ်းမလုပ်နဲ့နော်။ ကျွန်တော် သူနဲ့မဖြစ်ဘူး"

"ဟင်းဟင်းဟင်း. . . ဖေဖေက သားကိုအတင်းအကျပ်ကြီး မပြောပါဘူး။ သားမေမေကိုယ်တိုင်က သျှားလေးကို ချွေးမ, မတော်ချင်မှန်း ဖေဖေသိထားပြီးသားပါ။ မေမေစည်ကတော့ သူ့မြေးကို သူ့စိတ်တိုင်းကျ မြေးသမက်နဲ့ပေးစားမှာပဲ။ သူဘယ်လောက်ပဲအလိုလိုက်ခဲ့ပါစေ. . . ဒီကိစ္စနဲ့ပတ်သက်ရင်တော့ အလိုလုံးဝလိုက်မှာမဟုတ်ဘူးလေ။ ကဲ! ဘယ်လောက်ကောင်းတဲ့မြေးသမက်နေရာ





လဲ. . . စဉ်းစားကြည့်"

"သူ့မြေးက ပြောလို့ရမှာတဲ့လား"

"သျှားလေးဆီမှာ မမြင်နိုင်တဲ့ချစ်စရာအမူအကျင့်လေးတွေ ရှိနေတာ သားမသိသေးပါဘူးကွာ"

ဖေဖေက အလာကြီးပါလား။ မေမေစိုးရိမ်ကန့်ကွက်နေပါလျက် အချစ်တော်လေးကို သူနဲ့တော်တော်သဘောတူနေပုံပါပဲ။ သူ့နှာခေါင်းရှုံ့ကာ ပြုံးစိစိဖြစ်သွားရပါ၏။ ပိစိညှောင့်တောင့်မြေးမလေးအတွက် ကြိုတင်စီစဉ်နေသည့်ဘွားအိမ်စည်ကိုလည်း ရယ်ချင်သွားပါသည်။ ဟုတ်တယ်လေ။ သူ့မြေးမကဖြင့် ခုထိကလေးစိတ်မကုန်သေးဘဲ မျောက်ရှုံးအောင်ဆော့တုန်းကိုး။ အခုတလော စာတွေပိနေလို့သာ ဆော့တာကိုသိပ်မတွေ့ရတော့တာလေ။

"ကျွန်တော်ကတော့ မေမေနဲ့ထပ်တူပဲ"

"စကားကိုအကုန်မပြောပါနဲ့ သားရ"

"အဟုတ်ပြောတာ ဖေဖေရ။ အခု ကျောင်းမှာ ကျွန်တော်ချက်စိကျနေတဲ့ကောင်မလေးတစ်ယောက်တွေ့ထားတယ်"

"ဟော! သွက်လှချည်လားကွ. . . နာမည်ကရော"

"အကြည်လေးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာနာမည်ကြီးလဲကွ"

"နာမည်ရင်းက မိုးသောက်ကြည်ပါ ဖေဖေရာ"

"ဆေးကျောင်းကပဲပေါ့လေ"

"ဟုတ်"

"ကြည့်လုပ်ဦး သားရေ. . . ဆေးကျောင်းသူဆိုတာတွေက မာနခပ်ကြီးကြီးရယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ထက်ငယ်တဲ့သူကိုရှာမှ ကိုယ့်ဩဇာတည်မှာလေ. . . ပညာသိပ်တတ်လွန်းတဲ့မိန်းမတွေက ယောကျ်ားတွေထက်ပိုပြီးထက်တယ်ဆိုပြီး သူတို့ကိုယ်သူတို့ သိပ်အထင်ကြီးလွန်းတတ်တယ်။ ကဲ. . . စကားပြောတာလည်းကြာပြီ။ သားကျောင်းနောက်ကျနေဦးမယ်။ ဖေဖေ, သျှားလေးဆီစာရေးလိုက်မယ်။ ဟုတ်ပြီလား. . . ဒါပဲနော်"

သူ ကျောင်းကိုထွက်လာခဲ့ပါ၏။ မျက်နှာပူစရာကြီးပါလား။ သူနှင့်သူမကို ဘွားက သဘောတူထားတာတဲ့။ ငယ်စဉ်တုန်းကသာ မြင်ဖူးပါလျက် ဘွားက ဒီလိုပြောသတဲ့လေ။ ဒီလောက်ကျိကျိတက်ချမ်းသာတဲ့လူတွေရဲ့သားသမီးတွေ အများကြီးရှိပါလျက် သူ့ကို senior (1) ထားတာဟာ ဖေဖေ့သားဖြစ်နေလို့ပါပဲ။ ဖေဖေက ဘွားအချစ်ဆုံးသားရဲ့သူငယ်ချင်းဖြစ်နေတာကိုး။





ငါ ဘာတွေတွေးနေမိတာပါလိမ့်။ ဖေဖေ စနောက်တာလည်း ဖြစ်ချင်ဖြစ်နေမှာပါလေ။ ဒါပေမဲ့ စိတ်ထဲမှာကျေနပ်သလိုဖြစ်နေတာတော့အမှန်ပါပဲ။

"ချွတ်. . . ချွတ်"

နောက်မှခေါ်သလိုမို့ သူ ဖျတ်ခနဲကြည့်လိုက်စဉ် အကြည်လေးတို့အုပ်စုဖြစ်နေလေ၏။ ဆံပင်လေးတစ်ချောင်းနှစ်ချောင်းသေိမသာဆိုးထားသည့်ကောင်မလေးက သူ့ကိုလက်ယပ်လှမ်းခေါ်နေသဖြင့် သူလှည့်လာခဲ့ပါသည်။

"ကျွန်တော့်ကိုခေါ်တာလား"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့လဲ"

"အပြောကလည်း မညက်လိုက်တာဟယ်, ဘယ်လိုကြီးလဲ။ နို့တို့အုပ်စုဆို ခင်ချင်တဲ့သူတွေအများကြီးရှိတာပါ မိုးသန့်ရဲ့။ ယူဘော်ဒါနှစ်ယောက်ကအစပေါ့"

"သန့်ဇင်နဲ့ချမ်းမြေ့က ကျွန်တော်နဲ့မှမတူတာပဲဗျ"

"ဒါဖြင့် ယူက ဘာများထူးခြားနေလို့လဲ"

သူစိတ်ရှုပ်သွားရပါ၏။ လိုရင်းမရောက်ဘဲ ဝေ့ဝိုက်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ကောင်မလေးကြောင့် မျက်မှောင်က အလိုလိုကြုတ်သွားရလေသည်။

"လိုရင်းသာပြောပါဗျာ"

"ဟင်းဟင်း. . . ယူ့ကိုစာမေးရင် ပြောနိုင်မလားလို့ မေးချင်တာပါ"

"ကျွန်တော်လည်း သူလိုကိုယ်လိုလောက်ပဲတတ်တာပါ။ ဒါပေမဲ့ သိသလောက်တော့ ရှင်းပြပေးနိုင်ပါတယ်။ ဒါပဲမဟုတ်လား"

သူက အကြည်လေးကို ဖျတ်ခနဲတစ်ချက်ကြည့်ကာ လှည့်ထွက်သွားလေ၏။ မာနကြီးတာလေလား။ မြင်တာနှင့်ရောချင်သည့်ကောင်လေးတွေနှင့်မတူဘဲ သီးသန့်ဖြစ်နေသည့်သူက အများထဲမှာ တမူထူးခြားနေသည်မှာအမှန်ပင်။

"ဘယ်လိုလေးမှန်းကိုမသိဘူး"

"အေးလေ. . . သူ့ကိုယ်သူဘာထင်နေလဲမသိ"

"သူပြောသွားသားပဲ။ သူက တခြားသူတွေနဲ့မတူပါဘူးဆို"

"နင်, သူ့ကိုဘယ်လိုမြင်လဲအကြည်လေး"

"ဒီလိုထူးခြားတာလေးကိုက သူ့ဆီက ဆွဲဆောင်မှုတစ်ခုပေါ့မျိုးရဲ့။ မိန်းကလေးလှလှမြင်တိုင်း မရောတတ်တာမို့ အကြည်လေး





သူ့ကိုတစ်မှတ်ပေးထားတာ။ စကားကိုအပိုမပြောတတ်လို့ နောက်တစ်မှတ် ထပ်တိုးပေးလိုက်ပြီ"

အာမေဋိတ်သံတွေပြိုင်တူထွက်လာကြလေ၏။ အကြည်လေးကျေနပ်စွာဖြင့်ပြုံးလိုက်ပါသည်။ ဖြိုးအတင်းခေါ်ပါလျက် အကြည်လေးနှင့်အတူ ကားလိုက်မစီးတာ။ အကြည်လေးနှင့်ရင်းနှီးအောင်ဖြိုးကနေတစ်ဆင့် အကူအညီတောင်းလျှင်ရပါလျက် အခွင့်အရေးမတောင်းဆိုတတ်တာတွေကို သူငယ်ချင်းတွေရှေ့ မပြောဖြစ်တော့ပါ။

မာနကြီးပါတယ်ဆိုတဲ့အကြည်လေးကို ဂရုမပြုသလိုနေတတ်တာကိုတော့ စိတ်ထဲမှာ ခုချင်ချင်ဖြစ်မိပါ၏။ သို့သော် အကြည်လေးကိုအသိအမှတ်ပြုသလို ဖျတ်ခနဲကြည့်တတ်သည့် သူ့အကြည့်တွေကိုတော့ ရင်ထဲမှာ လှိုက်ဖိုကျေနပ်နေရသည်မှာအမှန်ပါပဲ။

မိုးသန့်ဖြူရယ်. . . ရှင်ဟာ အကြည်လေးရဲ့မျက်စိရှေ့ကို ပဟေဠိတွေနဲ့ရောက်လာတဲ့လူတစ်ယောက်ဖြစ်နေတာ တကယ်ပါ။ ရှင့်အကြောင်းတွေကိုသိချင်နေပြီ။ ရှင့်နဲ့ရင်းနှီးချင်စိတ်တွေဖြစ်ပေါ်နေတာကို ရှင်သိသွားမှာကိုတော့ အကြည်လေးတစ်ယောက်တည်း ရှက်နေတာပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ဟိုကောင်မလေးကို သူ ညနေတိုင်းလာကြိုသေးလား

"မပြောတတ်ဘူး။ ဖြိုးပြန်ပို့ပေးတယ်ထင်တာပဲ"

"ဖြိုးနဲ့ရော Ok ပြီလား"

"ဘာကိုပြောတာလဲ"

"နင့်ယောက်မနဲ့မေးတာ"

"ဖြိုးက ဘယ်ဖွင့်ပြောမှာလဲ။ စာမေးပွဲကြီးပြီးမှ ဒက်ဒီတို့ လည်းပြောခိုင်းမယ်၊ သူလည်းပြောမှာတဲ့။ အပေးအယူလုပ်ထား ပြီးသား. . . ပူမနေနဲ့"

"ဟဲ့! တော်ကြာ တစ်အိမ်တည်းအတူနေကြတဲ့ ညီအစ်မတေ ယောက်ယောက်နဲ့ သူငြိသွားမှ ဟုတ်ပေ့ဖြစ်နေမှာနော်. . . ဖြိုး အတွက် စိုးရိမ်ပြီးပြောနေတာ"

"သူက ရွှေဦးမှာကိုး. . . မျိုးရဲ့"

နွတ်က ဆင်ခြေပေးလိုက်မိပါသော်လည်း ရင်ထဲမှာ ထိတ် ခနဲဖြစ်သွားတာကတော့ အသေအချာပါပဲ။ တစ်အိမ်တည်းအတူ နေတာ စကားမပြောဘဲနေမည်မဟုတ်။ သျှားကတော့ ထားပါ တော့။ ကလေးစိတ်မကုန်သေးတာမို့ စိုးရိမ်စရာမရှိသေးပါလေ သျှိုကိုတော့ ထည့်တွက်ကြည့်ရမှာပါပဲ။ မိန်းကလေးတို့တတ်သင့်တ





ပညာတွေအားလုံး သျှိုထံမှာရှိနေသလို ယောက်ျားလေးအများစု ရင်ခုန်လေ့ရှိတဲ့ ဆံနွယ်ရှည်တွေကို ပိုင်ဆိုင်ထားတာမဟုတ်တာ။ ပြီးတော့. . . သပ်သပ်ရပ်ရပ်နဲ့ အမြဲကြည့်ကောင်းအောင် သျှိုက ပြင်ဆင်ပြီးနေတတ်သည်လေ။

အို! အကြည်လေး ဘာကြောင့်စိုးရိမ်နေရတာလဲ။ တကယ်ဆို သူနဲ့အကြည်လေးက ခုချိန်ထိ စကားတစ်ခွန်းမှမပြောဖူးသေးတဲ့ သူစိမ်းသက်သက်ပါလေ။

✿

ည(၈)နာရီကျော်ကျော်မှာ သူလမ်းထိပ်သို့ထွက်လာခဲ့ပါ၏။ ခြံရှေ့မှာစောင့်နေစဉ် ခြံထဲမှချာတိတ်တစ်အုပ်ထွက်လာလေသည်။ ခပ်မိမိကောင်မလေးတစ်ယောက်ကို လက်ဆွဲလျက်ထွက်လာသည့် သူမက သူ့ကိုတွေ့တော့ ခပ်မိုက်မိုက်အကြည့်ဖြင့်ကြည့်လိုက်လေ၏။

"ဟော! အစ်ကိုလာကြိုပြီ။ ဒေါင်းကို ငါပဲလိုက်ပို့ပေးလိုက် မယ် ပသျှား"

"ငါလည်းပို့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ သွားရဲ့။ ဖြိုးပဲလိုက်ပို့ရင် ဖြစ်ပါတယ်။ ကိုကို့ကို အားနာစရာကြီး"

သူမက ဒေါင်းကိုမျက်မှောင်ကြုတ်၍ကြည့်လိုက်ပါ၏။ သူ့ကို များ ကိုကိုလို့ခေါ်ရတယ်လို့ မတန်မရာ.. ဒေါင်းရယ်။

"မနက်ဖြန် ကျောင်းမှာ စာထွက်တွက်ပြရမှာနော် သွား။ ဖြိုးတို့ထက် ပိုပြီးတော်ရမယ်နော်"

"အင်းပါ"

"အံမယ်! ဒီအတိုင်းရမလား။ ငါတို့ယောက်ျားလေးဘက်က နိုင်ရင် နင်တို့မိန်းကလေးတွေဘက်က မုန့်ဝယ်ကျွေးကြေးပေါ့"

"စိန်လိုက်လေ ကဖြိုးရဲ့။ နင်တို့နိုင်မလား ငါတို့နိုင်မလား ဆိုတာ စောင့်ကြည့်လိုက်။ ဒေါင်းရေ.. ငါပြန်ပြီ"

"အင်း"

စက်ဘီးယူမလာတာမို့ သူမနှင့်သူ ဒီအတိုင်းလမ်းလျှောက် ပြန်လာခဲ့လေ၏။ ဘယ်ကစပြီး စကားပြောရမှန်းမသိဖြစ်နေစဉ် သူမက သူ့ကိုဖျတ်ခနဲကြည့်လာလေသည်။

"ကိုမိုးသန့်ဖြူ"

"ဟင်"





"နောက်ကို ကျွန်တော့်ကိုလာမကြိုပါနဲ့.. ကျွန်တော့်ဟာ ကျွန်တော်ပြန်ရပါတယ်"

"ကိုယ်, ဦးငယ်လာကြိုခိုင်းလို့လာခဲ့တာ မဟုတ်ပါဘူး"

"ရပါတယ်။ အန်တီကြိုခိုင်းလည်းမကြိုပါနဲ့"

"အန်တီလည်းမဟုတ်ဘူး"

"မမတော့ မဖြစ်နိုင်ပါဘူး"

သူမတီးတိုးရွတ်တော့ သူပြုံးလိုက်မိသည်။ ခုလိုဆိုတော့လည်း စကားပြောတာ အဆင်ချောလို့ပါလား။

"ဖေဖေကြိုခိုင်းတာ"

"ဟင်! လေးလေး လာလည်လို့လား"

"မဟုတ်ပါဘူး။ Phone နဲ့ပြောတာပါ"

"ဪ"

"ကိုယ့်ကိုကလေးနဲ့အပြိုင်စိတ်ကောက်ရလားဆိုပြီး ဆူလို့ပါ"

"အစ်ကိုက ပြန်မရှင်းပြဘူးလား"

ကြည့်စမ်း! အစ်ကိုဆိုပါလား။ တကယ့်ကို လိုလိုချင်ချင်နဲ့ခေါ်ပါလားလေ။

သွား၊ မင်းစိတ်တွေ တကယ်ပဲပြေသွားတာလားဟင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းတော့ရှင်းတာပဲ။ ဒါပေမဲ့ ကိုယ်ပဲဇာတ်ပြစအပြောခံရတာပေါ့"

"ကျွန်တော့်စိတ်ထဲ ဘာမှမထားတတ်ပါဘူး အစ်ကိုရာ. . . နောက်နေ့ကစပြီး လာမကြိုပါနဲ့။ ကျွန်တော့်ကိုလာကြိုနေတော့ အစ်ကို့စာကျက်ချိန်တွေ လျော့ကုန်တာပေါ့။ ကျွန်တော်နားလည်ပါတယ်။ ကျွန်တော့်အတွက် ဘာအန္တရာယ်မှမရှိပါဘူး"

သူမက ခြံတံခါးကိုပိတ်ကာ အိမ်ထဲသို့အရင်ဆုံးဝင်လိုက်ပါ၏။ ကျောပိုးအိတ်ကိုအခန်းထဲဝင်ထားကာ ထမင်းစားခန်းထဲအမြန်လျှောက်ခဲ့သည်။ သျှိအုပ်ဆောင်းအုပ်ထားပေးသည့်ထမင်းပွဲကိုခပ်မြန်မြန်စား၍ မနက်ဖြန်အတွက် စာတွေကိုကြိုးစားပမ်းစားကြည့်ရလေ၏။

တစ်ဖက်ခန်းမှ မီးလင်းနေသည်မို့ သူလည်း မအိပ်သေးဘဲစာကျက်နေမှန်းသိလိုက်ပါသည်။ ခင်ဗျားနဲ့ဖြိုးမမရင်းနှီးနေပြီလား အခုတလော ကျောင်းမသွားခင် မမကိုမြင်လိုက်တိုင်း အလှတွေမသိမသာပြင်လာတာ ကျွန်တော်တွေ့နေရတယ်လေ။

✿ ✿ ✿



အခန်း ( ၈ )

သားဦးကို ဖယ်ရီပေါ်တင်ပေးလိုက်ပြီး စက်ဘီးဖြင့်ပြန်ခဲ့စဉ် ခြံရှေ့ထွက်စောင့်နေသည့် မမမိုးသောက်ကြည်ကိုတွေ့လိုက်ရလေသည်။

"သွားတော့မလို့လားမမ"

"အင်း. . . သျှားရဲ့ကိုကိုကို ဒီနေ့ကစပြီး မမရဲ့ကားနဲ့လိုက်ခဲ့ဖို့ မှာချင်လို့ပါ"

"ကိုကို"

"အင်းလေ. . . မိုးသန့်ဖြူကိုပြောတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ကျွန်တော်တောင် ကြောင်သွားတာပဲ။ ဘယ်သူ့ကိုပြောတာလဲလို့။ ပြောလိုက်မယ်မမ, သွားပြီနော်"

သူမ စက်ဘီးကိုအမြန်နင်း၍ ပြန်ခဲ့တော့ သူနှင့်ခြံဝမှာတိုးလေ၏။

"အစ်ကို, မမက သူတို့ကားနဲ့လိုက်ခဲ့တဲ့၊ စောင့်နေတယ်"

"ဘယ်က မမလဲ"

"ဖြူးမမကိုပြောတာလေဗျာ"

"နေပါစေ"

"စောင့်နေတာဗျ။ အားနာစရာကြီး"

သူမက အိမ်ထဲအပြေးဝင်သွားတော့သည်။

သူ ခပ်မှန်မှန်ခြေလှမ်းဖြင့် လမ်းထိပ်ထွက်ခဲ့စဉ် ခြံဝမှာရပ်စောင့်နေသည့်အကြည်လေးကို မြင်လိုက်ရလေ၏။

"စောသားပဲ"

"ကျွန်တော်က လိုင်းကားမီမယ့်အချိန် မှန်းထွက်လာတာပါ မမိုးသောက်ကြည်ရဲ့"

"ဟယ်! ဘယ်လိုခေါ်လိုက်တာလဲ။ အကြည်လေးလို့ပဲခေါ်ပါ ကိုသန့်ရယ်"





လာပြန်ပြီတစ်ယောက်. . . သျှီလည်း သူ့ကို ကိုသန့်လို့ခေါ်တာမဟုတ်လား။ ဒါပေမဲ့ သူမခေါ်တတ်တဲ့အစ်ကိုဆိုတာလောက်နားဝင်မချိုလှ။ သူမခေါ်သံလေးထဲမှာ လေးစားမှုရှိသေမှုတွေ ပါဝင်နေတာလေ။ အကြည်လေးက သူ့ကိုလှလှလေးပြုံးပြလိုက်လေသည်။

"လာလေ. . . စောသေးတာပဲ။ တစ်ခုခုစားပါဦးလား"

"ကျွန်တော် အိမ်က, စားလာပြီးပါပြီ"

"ကိုသန့်က အတော်မာနကြီးတာပဲနော်။ သျှားဆို အကြည်လေးတို့အိမ်မှာ ဘာကျွေးကျွေး ငြင်းတယ်လို့မရှိဘူး။ ဟန်ပန်မရှိဝင်စားတာပဲ"

"သူက ကလေးကိုး. . . အကြည်လေးရဲ့"

ညည့်ခန်းမှာ ထိုင်လျက်ပြောတာမို့ အကြည်လေး ပြုံးလိုက်မိပြန်၏။ သျှားကို ကလေးလို့ပဲမြင်လို့တော်ပါသေးရဲ့။ ဒါဖြင့် သျှီနဲ့ရော၊ တော်တော်များခင်နေကြပြီလား။

"သျှားက ကလေးမို့ထားတော့. . . သျှီကရော"

"သျှီက ခပ်အေးအေးနေတဲ့သူလေ။ ကျွန်တော်နဲ့ သျှားက အမြဲပြဿနာတက်နေတာကြာပြီ။ အခုမှပြေလည်ခါစရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . သွားက အစကတည်းက အဲဒီလိုပဲလေ ကိုသန့်ရဲ့။ အဲဒါလေးတွေက သူ့ကိုချစ်ဖို့ကောင်းစေတာလေ။ ကိုသန့်တို့ကို ဘယ်သူရှင်းပေးလိုက်လို့လဲ. . . ဦးငယ်လား"

"မဟုတ်ပါဘူး ဖေဖေပါ"

"ရှင်! ကိုသန့်ဖေဖေဟုတ်လား"

"ဟုတ်တယ်, ဖေဖေနဲ့သွားဖေဖေက သူငယ်ချင်းတွေလေ။ ငယ်ပေါင်းတွေမို့ တော်တော်ချစ်ကြတယ်။ ဘွားကလည်း ဖေဖေ့ကို သားအရင်းလိုပဲသဘောထားခဲ့တာလေ"

ရင်ထဲမှာ တော်တော်ပူသွားရပါ၏။ မိဘချင်းရင်းနှီးကြတာဆိုတော့ သားသမီးတွေကိုသဘောမတူဘူးလို့ပြောနိုင်မလား။ သွားတို့က ကျိုကျိုတက်ချမ်းသာပေမယ့် ကိုသန့်တို့လည်း သူ့ဟာနဲ့သူရှိကြတာပါပဲလေ။

"ဘွားဘွားဒေါ်အိမ်စည်နဲ့ ကိုသန့်နဲ့ရင်းနှီးလား"

"ငယ်ငယ်ကတော့ ဝင်ထွက်ခဲ့တာပဲ။ ကျွန်တော် ရှစ်တန်းရောက်မှ မေမေ့ဇာတိ မော်လမြိုင်မှာ ပြန်နေဖြစ်တော့ အဲဒီတုန်းက ဘွားနဲ့အဆက်အသွယ်ပြတ်သွားတာပဲ"

"ကိုသန့်က တစ်ဦးတည်းသောသားလား"





"ဟုတ်တယ်"

"မိဘတွေက အတော်အလိုလိုက်ကြမှာပဲနော်"

"ဖေဖေ့ထက် မေမေက ပိုစည်းကမ်းကြီးတယ် အကြည်လေးရဲ့၊ ကျွန်တော်က သူများတွေနဲ့မတူဘဲ ပြောင်းပြန်ဖြစ်နေတာ။ ပူဆာစရာရှိရင် ဖေဖေ့ကိုတိုးတိုးတိုင်ပင်ရတယ်။ မေမေက အလိုလိုက်ဘူး။ အဲဒီလိုမျိုး"

"ကိုသန့်က သားလိမ္မာလေးမှန်း ကြည့်ရုံနဲ့သိသာပါတယ်နော်"

နှစ်ဦးသားရယ်လိုက်ကြစဉ် အပေါ်ထပ်မှအပြေးဆင်းလာသည့်ဖြိုးက အိမ်ရှေ့ကိုလှမ်းအော်လိုက်လေ၏။

"Ready ပဲလား ပသွားရေ့"

"စိမ်ခေါ်ရင် တိမ်ပေါ်ထိတက်မယ့်လူပါ ကဖြိုးရဲ့။ နင်တို့ကောင်တွေလောက်တော့ ပျင်းတောင်ပျင်းသေးတယ်"

"လေသိပ်မကျယ်နေနဲ့"

ဖြိုးက သွားနားရွက်ကိုဆွဲလိုက်တော့ သွားက ဖြိုးလက်မောင်းကို ဖျတ်ခနဲဆွဲကိုက်လိုက်ပါ၏။

"အား. . . ခွေးကိုက်ပြီမာမီရေ့"



www.burmeseclassic.com

www.burmeseclassic.com



"နင်နော်"

"သားရယ်. . . သမီးဖ်လေးကိုတွေ့ရင် နည်းနည်းလေးတော့ စလိုက်ရမှပဲ။ မုန့်စားပါဦးလားသမီး။ သမီးအကြိုက် အန်တီသင်း ပူတင်းဖုတ်ထားတယ်လေ"

"ပူတင်းလား. . . ပွတာပဲ"

"ဟော့ကောင်! ငါ့ဖို့ မာမီလုပ်ပေးတာ"

"အံမာ! ငါ့ဖို့လုပ်ပေးတာကိုများ။ နော်. . . အန်တီသင်း ရယ်"

"ငါ့ဖို့ပါဆိုနေမှ"

အန်တို့နောက်မှ နှစ်ယောက်သားအပြေးလိုက်ဝင်သွားတာ ကို သူအငေးသားကြည့်နေမိ၏။ ကြည့်စမ်း. . . သူနဲ့တော့ ဒီလို တရင်းတနှီးမရှိပါဘဲ ဖြိုးတို့နဲ့ကျ အရမ်းကို တရင်းတနှီးနေတတ် တာပါလား။ ငယ်သူငယ်ချင်းမို့ မရှက်မကြောက်ပြောဆိုဆက်ဆံ တာပဲထင်ပါရဲ့။ သူက သူမထက်အသက်လည်းအတော်ကြီးတာကို

"စားဦးမှာလား"

"တော်ပြီ"

"ဒီမှာ တစ်တုံးကျန်သေးတယ်လေကွာ။ နင်တစ်ဝက်၊ င





တစ်ဝက်ပေါ့ ပသျှားရ"

ပန်းကန်ထဲမှ ပူတင်းတုံးကို ဇွန်းဖြင့်ဝက်ကာခွဲ့တော့ သျှားက းစပ်ကို ဟပေးလိုက်ပါ၏။ အန်တီက ဖြိုးလက်ထဲမှ ပန်းကန်ကိုယူ ၍ အိမ်ထဲပြန်ဝင်သွားလေသည်။

"သွားပြီ မာမီရေ"

"တာ့တာ မမ"

"တာ့တာ သျှား"

သူမက အကြည်လေးကို တစ်ချက်ပြုံးပြလိုက်ပြီး ဖြိုးနှင့်အတူ ားပေါ်တက်ထိုင်လိုက်လေ၏။ ကားပေါ်ရောက်တော့ ဖြိုးက သူမ းထင်မွှေးကိုဆွဲစဉ် သူမကဖြိုးလက်မောင်းကို ဆွဲဆိတ်လိုက်တာ ကို သူမြင်လိုက်ရပါသည်။ ရင်ထဲမှာ ဘာမှန်းမသိသည့်ခံစားချက် ြင့် တစ်မျိုးကြီးဖြစ်သွားရလေ၏။

ကျောင်းရောက်တော့ အကြည်လေးတို့အုပ်စုနှင့် တစ်ဝိုင်း ည်းထိုင်စကားပြောရပေမယ့် စိတ်ထဲသိပ်မကြည်တော့ပါချေ။ းထဲမှာ ဖေဖေ့စကားတွေကိုသာ ကြားယောင်နေမိ၏။ ဘွားက သဘောတူပေမယ့် သူမက သဘောမတူရင်ရော ဖေဖေ။ အထူး ဖြင့် ကျွန်တော်နဲ့ ခပ်ကင်းကင်းနေတတ်တာမို့ ကျွန်တော်နဲ့အစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို လက်သင့်ခံခေါင်းညိတ်မှာမဟုတ်ပါဘူး။

ဒုက္ခပါပဲ။ သူ ဘာတွေများ တွေးနေမိပါလိမ့်။ ဖေဖေပြော
တုန်းကဖြင့် ခါးခါးသီးသီးငြင်းထားပြီးကာမှ အခု သူစိတ်ပူနေတာ
သဘာဝကျပါရဲ့လား။ မေမေကိုယ်တိုင် ဘွားရဲ့မြေးတွေနဲ့ ခပ်ကင်း
ကင်းနေဖို့ပြောခဲ့ပါလျက် သူ့ဘက်က ပတ်သက်ချင်စိတ်ဖြစ်နေတာ
တော့ မကောင်းတော့ပါဘူးလေ။

"ကိုသန့်"

"ဟင်"

"ဘာဖြစ်နေတာလဲ"

"ကျွန်တော် ဒီနေ့စောစောပြန်မလားလို့... ခေါင်းထဲသိ
မကြည်ဘူး။ Pratical လည်းမရှိတော့ ပြန်လို့ဖြစ်မှာပါ"

"ခေါင်းကိုက်ရင် ဆေးသောက်မလားဟင်"

"နေပါစေ"

သဒ္ဒါတွေပိုနေသည့် အကြည်လေးကိုကြည့်ပြီး မျိုးစိုးအုပ်
မျက်စပစ်ပြနေကြလေ၏။ အစကဖြင့် မတူသလိုမတန်သလို sty
လေးချိုးနေပြီး ခုတော့ သံယောဇဉ်ရိပ်သန်းသည့်မျက်ဝန်းတို့ဖြ
သူ့အပေါ် အကြည်လေး ဂရုတစိုက်ရှိနေပြီကိုး။ သူကတော့ ဘာ





သေတိမထားမိဟန်ဖြင့် စာကိုသာ ကြုံးရှုန်းကြည့်နေလေသည်။
မျက်နှာငုံ့ထားသည့် သူ့မျက်ခုံးစိမ်းစိမ်းတို့ကိုကြည့်ရင်း သက်ပြင်း
ချိုက်လိုက်သည့်အကြည်လေးကို သူကဖြင့် တစ်ချက်မျှမကြည့်ခဲ့ပါ
လေ။

ညနေစောစော အိမ်ကိုပြန်ခဲ့စဉ် အရင်ပြန်ရောက်နှင့်နေ
သည့်သျှီကိုတွေ့ရလေ၏။ သူ့မျက်မှောင်ကြုတ်၍ ပြန်လာတာကို
လည်း သျှီက သတိထားမိသွားပါသည်။

"ကိုသန့် နေမကောင်းဘူးလား"

"အင်း... ခေါင်းနည်းနည်းကိုက်နေလို့"

"ပါရာတစ်လုံးလောက် သောက်လိုက်ပါလား။ ဖျားချင်သလို
ဖြစ်နေရင် ဒီညနေ ထမင်းမစားနဲ့တော့လေ။ သျှီ တစ်ခုခုလုပ်ပေး
မှာပေါ့။ မြူစွမ်ဖြစ်ဖြစ်၊ ဆန်ပြုတ်ဖြစ်ဖြစ် ဘာသောက်ချင်လဲ"

"နေပါစေ"

"အားနာစရာလား ကိုသန့်ရယ်၊ သျှီလုပ်ပေးမှာပေါ့။ လော
လောဆယ် ကော်ဖီနဲ့ဆေးသောက်ထား"

သူ့အခန်းတံခါးစေ့ထားလိုက်ပြီး အဝတ်အစားလဲကာ အိပ်
ရာထဲခွေနေမိ၏။ သျှီလာတိုက်သည့်ကော်ဖီနှင့်ဆေးကိုသောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားပါသည်။ သူဖျတ်ခနဲလန့်နိုးလာတော့ အပြင်မှာ မိုးတွေက တဝုန်းဝုန်းရွာနေလေ၏။ နာရီကိုကြည့်လိုက်တော့ ကိုးနာရီရှိနေလေပြီ။ ချာတိတ်ပြန်ရောက်ပြီလား။ သူ့အခန်းတံခါးကို ဖွင့်ကြည့်တော့ ရောက်မလာသေးပေ။

ထီးယူလျက် ထွက်လာခဲ့၏။ အသင့်ဖွင့်ထားသည့်ခြံတံခါးမှ ဝင်ခဲ့စဉ် အိမ်ထဲမှ ကလေးတစ်အုပ်က ထွက်လာလေသည်။ သူမကတော့ ထွက်မလာသေးပေ။

"ငါလိုက်ပို့ပါမယ်ဆိုမှ"

"ရပါတယ်. . . ကဖြိုးရာ"

"နှင့်အကြောင်း ငါမသိဘူးများ မှတ်နေလား။ ထီးပါမလာတာအကြောင်းပြုပြီး မိုးရွာထဲ ခုန်ပေါက်ပြန်မယ့်ကောင်"

"ဘာဖြစ်လဲ. . . မိုးရွာတာ ငါသိပ်ကြိုက်မှန်းသိရဲ့သားနဲ့ ကဖျက်ယဖျက်ပြောနေပြန်ပါပြီ"

"မိုးက သည်းတယ်ဟ၊ တော်ကြာ ဖျားနေမှဖြင့်"

"ဩော်. . . ငါ့အိမ်မှာ ဆေးကျောင်းသားကြီးတစ်ယောက်လုံးရှိတာပဲ။ သူကုပေးမှာပေါ့"

ကြားလိုက်ရသည့်စကားသံကြောင့် သူကျေနပ်စွာပြုံးလိုက်





မိသည်။ ဒီလိုကျတော့လည်း သူ့ကိုအားကိုးရှာသားပါလား။

"အမြင်ကပ်ပုဒ်မနဲ့ ကုမပေးရင်ရော"

"ဒီတော့လည်း မမကို Phone ဆက်ပြီးခေါ်လိုက်မှာပေါ့။ မေရဲ့အသည်းတုံးလေး ဖျားနေလို့ကုပေးပါဦးလို့"

"အရူးမ"

"နင်က အပေါလေး"

တဟီးဟီးနှင့်ရယ်မောကာ ထွက်လိုက်စဉ် မိုးရေတောထဲ ထီးတစ်ချောင်းနှင့်ရပ်စောင့်နေသည့်သူ့ကို တွေ့လိုက်ရလေ၏။

"ဟာ! လာကြိုပြန်ပြီလား။ သွားပါပြီဗျာ၊ ရှိုးမဲ့စုဂွင်လေးတော့ ပျက်ပါပြီ"

"ဘာလဲ. . . အစ်ကိုလာကြိုလို့လား"

ဖြိုးက အပြင်ကိုကဲကြည့်လိုက်ပြီး သူ့ကိုလှမ်းပြောလိုက်လေ၏။

"အစ်ကို့ညီမကို ကောင်းကောင်းခေါ်သွားဗျို့။ ဒီကောင်က ငယ်ငယ်ကတည်းက မိုးရေထဲပြေးဆော့တဲ့ကောင်မို့ပါ"

"ငချွန်ကြီး"

"ငတုံးလေး"



www.burmeseclassic.com

www.burmeseclassic.com



သူက ထီးကိုလှမ်းပေးလိုက်ရာ သူမက လွယ်အိတ်ကိုပိုင ကာ ခေါင်းငုံ့ဝင်လိုက်ပါ၏။ နှစ်ယောက်အတူဆောင်းမယ့်ပုံပေ လေ။

"သွားပြီ . . . ကဖြိုးရေ။ မနက်ဖြန် Bio ဆိုရင် တစ်ခါထ (၅၀)နော်"

"စိမ်လိုက်"

နှစ်ယောက်သား မိုးရေထဲပြန်လာရင်း အသံတိတ်နေသည သူ့ကို သူမ, စချင်လာ၏။ ဒီလူကြီး ဘာတွေများ စဉ်းစားနေတာ လိမ့်။ ဖြိုးမမကိုတွေးနေတာဆိုရင်တော့ သျှားနဲ့ရန်သူတွေဖြစ်သွာ မှာနော်။

"ဟော! အပေါ်က သစ်ကိုင်းကျိုးပြိုလားမသိဘူး"

သူမ လက်ညှိုးထိုးပြောလိုက်တာမို့ ထီးကိုပင့်၍ကြည့်လိုင စဉ် မိုးရေတွေက သူတို့နှစ်ယောက်အပေါ် ဝေါခနဲရွဲသွားလေ၏ သူမက သဘောကျစွာဖြင့် ဟဟားဟားအော်ဟစ်ရယ်နေပါသည သူအညာမိသွားလေသည်ကိုး။

"ဖျားတော့မှာပဲ သျှားရယ်"

"ကျွန်တော်က ဒေါင်ဒေါင်မြည်ပါတယ် အစ်ကိုရ။ sorr





sorry ပျော်စေချင်လို့ စလိုက်မိတာ"

ကျေးဇူးတင်ပါတယ်သျှားရယ်။ တစ်နေ့လုံး မကြည်မလင် ဖြစ်နေတဲ့စိတ်တွေက မိုးရေတွေနဲ့အတူ ရင်ထဲထိအေးမြသွားစေ တာအမှန်ပါ။ အထူးသဖြင့် ကြည်ကြည်လင်လင်မျက်နှာလေးနဲ့ မင်းရယ်မောတာကိုမြင်လိုက်ရလို့ပါ။ ဖြိုးအပေါ်မှာပဲ တရင်းတနှီး ရှိတာလို့ထင်နေတဲ့ ကိုယ့်ထင်မြင်ချက်တွေကို ဒီနေ့ကစပြီး ကိုယ် ဖယ်ရှားလိုက်ပါတော့မယ်။

မိုးရေစိုလို့ ဖျားချင်လည်းဖျားပါစေတော့၊ ကိုယ်ကျေနပ် ပါတယ်ကွယ် . . . တကယ်ပါ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



# ညီမလေးတို့လားကွယ်

## အခန်း ( ၉ )

မိုးသံတဖျောက်ဖျောက်ကြားမှာ ညည်းသံသဲ့သဲ့ကိုကြားလိုက်ရသဖြင့် ဆတ်ခနဲလန့်နိုးလာရ၏။ အရေးထဲ မီးတွေပျက်နေတာမို့ မှောင်မှောင်မည်းမည်းထဲမှာ ငုတ်တုတ်ထထိုင်လိုက်ရသည်။

ဟော! ဟိုဘက်ခန်းကပဲ၊ ဒါဖြင့် အစ်ကိုဖျားပြီထင်ပါရဲ့။

လျှပ်ရောင်ဖျတ်ခနဲလင်းသည့်အလင်းရောင်ဖြင့် ခုတင်ပေါ်မှဆင်းလိုက်၏။ တစ်ဖက်ခန်းသို့ဝင်လိုက်စဉ် စောင်ဖြင့်ကွေးကာ တုန်ရီနေသည့်သူ့ကို ဝိုးတဝါးမြင်ရလသည်။ နဖူးကိုစမ်းကြည့်လိုက်တော့ ကိုယ်ခြစ်ခြစ်တောက်ပူနေမှန်းသိလိုက်ရသဖြင့် အလုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမှန်းမသိဖြစ်သွားပါ၏။

"ဟင်း. . . ဟင်း. . . ဟင်း"

ညည်းညူသံက မေးဖျားရိုက်စဉ်မှာ ထပ်ထွက်လာလေ၏။ သူမအခန်းထဲပြန်ပြေးဝင်ကာ ခြုံစောင်ကိုယူ၍ သူ့ကိုခြုံပေးလိုက်စဉ် သူ့လက်တစ်ဖက်က သူမကိုဆွဲယူထွေးဖက်လိုက်လေသည်။

"အာ. . . အစ်ကို"

ရုန်းလိုက်မှပင် သူမပါးပြင်ထက် နွေးခနဲဖြစ်သွားတာမို့ တစ်ကိုယ်လုံးထူပူကာ သူနှင့်ဝေးရာသို့ရွှေ့ရပ်လိုက်ရလေသည်။

အမယ်လေး. . . ရင်တွေတုန်လိုက်တာနော်။ ဘယ်လိုများဖြစ်ကုန်တာပါလိမ့်။ သူကတော့ နွေးသွားပုံဖြင့် ငြိမ်သက်စွာအိပ်မောကျနေချေပြီ။

တော်ပါသေးရဲ့။ ဘယ်သူမှမသိပေလို့။ လိုက်ဖိုခုန်ပေါက်နေသည့်ရင်ဘတ်ကိုအသာဖိ၍ထွက်ခဲ့စဉ် လှေကားမှဆင်းလာသည့် မမနှင့်တန်းတိုးလေ၏။

"သွား. . . နင်. . . နင် ဘယ်ကထွက်လာတာလဲ"

"ဟင်! "

သူမအလန့်တကြားဖြင့် နံရံကိုကျောမှီရပ်လိုက်ပါ၏။





အမယ်လေးနော်. . . လန့်ပါတယ်ဆိုမှ မမနဲ့တန်းတိုးရတယ်လို့။ ရင်ခုန်သံတွေကစဉ့်ကလျားဖြစ်နေတာမို့ သူမအသံက တုန်တုန်ရီရီဖြင့်ထွက်လာလေသည်။

"ဟို. . . ဟို. . . အစ်ကို့ဆီက"

"ဘာ! နင်"

"အာ. . . မမကလည်း ဒီမှာလန့်ရတဲ့ကြားထဲ စွတ်အော်နေတာပဲ။ အစ်ကို မိုးမိပြီးဖျားနေလို့၊ အဲဒါ. . ."

"အဲဒါ အန်တီ့ကိုမနှိုးဘဲ နင်ဘာဝင်လုပ်တာလဲ သွားရယ်"

မီးက ဖျတ်ခနဲလင်းလာပြီး အန်တီပါ ထပ်ဆင်းလာလေ၏။

"ဘာဖြစ်တာလဲ"

"ကိုသန့်ဖျားလို့တဲ့ အန်တီ"

"ဟဲ့! မိုးမိပြီထင်တယ်။ ညနေကတည်းက ဆေးသောက်နေရတာ မိုးရေတောထဲ ထပ်ထွက်တာကိုး"

အန်တီလေးကပြောရင်းဖြင့် သူ့အခန်းထဲဝင်သွားလေ၏။ မေက ရေခဲသေတ္တာထဲမှရေခဲနှင့်ရေကို စတီးဇလုံထဲသို့ထည့်ကာ နောက်မှလိုက်သွားပါသည်။

"ဒါ. . . အငယ်မစောင်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်အန်တီ။ အဖျားတက်နေလို့ဆိုပြီး လာခြုံပေးသွားတာ"

"ကျွတ်! ဘာမှနားမလည်ဘဲနဲ့၊ ဒီကလေးမကတော့လေ"

အန်တီကပြောရင်းဖြင့် သူမစောင်ကို ခွာလိုက်လေ၏။ ရေပတ်တင်ပေးတာ၊ အဝတ်လဲပေးတာတို့ကို မမနှင့်လုပ်ပေးနေတာကိုငေးကြည့်ရင်း သူမအားငယ်သွားရပါလေသည်။

ဟုတ်တယ်လေ။ ချမ်းလို့ထင်ပြီး စောင်ခြုံပေးတာကလွဲလို့ သူမဘာမှမလုပ်တတ်တာပဲ။ မမက အစစအရာရာတတ်သိကျွမ်းကျင်လိမ္မာလွန်းနေသည်မို့ သူမထက် အမြဲရှေ့ကရောက်နေရတာလေ။

မိုးလင်းတော့ သူ့ကိုစောင့်ရန် မမက ကျောင်းမတက်ဘဲကျန်ခဲ့လေ၏။ သူမကျောင်းသို့ထွက်လာရင်း စဉ်းစားနေမိသည်။ ညက ပျော်စေချင်လို့စလိုက်တာပါ အစ်ကိုရယ်။ သျှားတမင်လုပ်လိုက်တာ မဟုတ်ရပါဘူး။ ပြီးတော့ ညနေက အစ်ကိုဖျားနေမှန်းလည်း တကယ်မသိခဲ့တာပါ။ ခုတော့ သျှားကြောင့် အစ်ကိုဖျားရေပြီပဲ။ ကျွန်တော်စိတ်မကောင်းပါဘူးဗျာ။

"မျက်နှာကလည်း လင်းတမှိုင်သလိုဖြစ်နေရတယ်လို့"





အိမ်ထဲဝင်ဝင်ချင်း စလိုက်သည့်ဖြိုးကိုစိတ်မဆိုးနိုင်ဘဲ လေပြေလေးနှင့်သာပြန်ပြောဖြစ်၏။

"အစ်ကိုဖျားနေပြီ"

"ထင်တယ်။ ညက မိုးရေတောထဲသွားလို့မဟုတ်လား"

"ငါက ညနေကတည်းက ဖျားနေမှန်းမသိလို့ပါ ကဖြိုးရာ"

"နင်သိတာ စားဖို့အိပ်ဖို့ပဲမဟုတ်လား။ ချီးမွမ်းစရာဆိုလို့ စာလေးတော်တာပဲရှိတယ်"

"ငါသိပါတယ်၊ သူ ငါ့ကိုစိတ်ဆိုးနေတော့မှာပဲ။ ကျောင်းတစ်ရက်ပျက်ရင် စာတွေအများကြီးလွတ်သွားမှာဟ။ ငါလည်း သူ့စာတွေကိုနားမလည်တော့ ဘာမှပြန်ကူးပေးတတ်မှာမဟုတ်ဘူး"

"ငါပြောသားပဲ။ နင်တတ်တာ ဘာမှမရှိပါဘူးလို့ဆို"

"အေးပါ. . . ပြောထားပေါ့။ ငါကလည်း အတော့်ကိုအသုံးမကျမှန်း သိနေပါပြီ"

သူမပြောလိုက်ရင်း ပါးပြင်ထက်မျက်ရည်က ပေါက်ခနဲကျသွားလေ၏။ ဘာကိုဝမ်းနည်းမှန်းမသိဘဲ စိတ်မကောင်းဖြစ်တာတွေက ရင်ထဲအလိုလိုရောက်လာလေသည်။

"ဟာ! ပသျှား, မငိုရဘူးလေ။ ငါက ချစ်လို့စလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးပါနဲ့"

"ငါ. . . ငါသိပါတယ်"

"နင်ကလည်းဟာ"

"ဟဲ့! ဟိုနှစ်ယောက် စိတ်ကောက်နေကြပြန်ပြီလား"

"ဒီမှာမမရေ. . . အစ်ကိုတော့ ညကမိုးမိပြီးဖျားနေပြီတဲ့။ အဲဒါ သူ့ကြောင့်ဖြစ်တာဆိုပြီး မမညီမ ပုလဲခနေလို့"

"ဩော်. . . သျှားရယ်။ မနေ့ကတည်းက ကျောင်းမှာဖျားချင်ချင်ဖြစ်နေတယ်ပြောပြီး ပြန်သွားတာလေ။ မိုးမိသွားတော့ ပိုဆိုးသွားတာပါ။ သျှားကြောင့်ရယ်တော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါ ငိုစရာမှ မဟုတ်တာ။ တိတ်တိတ်"

"သျှားကြောင့် သူကျောင်းပျက်ရပြီမမရဲ့။ စာတွေလွတ်ကုန်ရင် သျှားကိုတအားစိတ်ဆိုးမှာ။ တော်ကြာ လေးလေးသိသွားပြီးဆူရင်တော့ ဒုက္ခပဲ။ ဦးငယ်က အကြောင်းမဟုတ်ဘူး"

"ဒီလောက်လေးနဲ့တော့ သူပြန်မတိုင်လောက်ပါဘူး သျှားရယ်။ စိုးရိမ်မနေပါနဲ့။ သူ့စာတွေကို မမတို့သူငယ်ချင်းတွေ ဝိုင်းကူးပေးမှာပေါ့"

"သူနားမလည်တာရှိရင်လည်း ရှင်းပြပေးပါမမရယ်"





"ဩော်. . . ခက်တာပဲ။ မမတို့အုပ်စုထဲမှာ သူကစာအတော်ဆုံး. . . သျှားရဲ့။ ကဲ! ကျောင်းနောက်ကျနေဦးမယ်။ ညနေမှ မမတို့လာခဲ့မယ်နော်"

သူမ ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ မရည်ရွယ်ပါဘဲဖြစ်ခဲ့ရသည့်အကြောင်းကြောင့် သူမကို သူစိတ်ဆိုးသွားမှာ ဘာကြောင့်ကြောက်နေမိတာပါလိမ့်။ ပြေလည်လက်စနဲ့ပြေလည်ပါတော့လား။ တော်ကြာ သျှားကြောင့်ဆိုပြီး လေးလေးပါစိတ်ဆိုးမှာကိုလည်း စိုးမိမိပါ၏။ သျှားက ငယ်စဉ်ကပင် အဒေါ်အရွယ်တွေထက် ဦးလေးအရွယ်တွေကိုသာ ပိုခင်တွယ်တတ်တာလေ။ ဦးငယ်မိန်းမ အန်တီခင်းကိုလည်း သိပ်မချွဲနွဲ့ရဲ။ ကျောင်းဆရာမဖြစ်တော့ ပို၍ဆိုးပါသေးသည်။

လေးလေးလည်း သားဆရာဝန်ဖြစ်တော့မှာမို့ သျှားကိုအရင်ထိချစ်ပါဦးမလား။ သျှား အတော့်ကိုမှား လောဘကြီးနေပြီထင်ပါရဲ့၊ တစ်ဆွေမျိုးလုံးက ဝိုင်းပြုံချစ်နေပါလျက် သျှားကိုသိပ်မချစ်သည့်လူတွေနှင့်ဆုံရစဉ် ရင်ထဲမှာဆန္ဒက ဖြစ်တည်၏။

သည်းသည်းလှုပ်အလိုလိုက်ကြသည့်လူတွေကြားမှာ ခပ်တန်းတန်းနေသည့်သူ့ထံမှချစ်ခြင်းတွေကိုလည်း မျှော်လင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးတစ်ယောက်က ညီမလေးကို အလိုလိုက်တာမျိုးပဲဖြစ်ဖြစ်ပါလေ။ ဆိုးနွဲ့ဗိုလ်ကျဖို့ အစ်ကိုတစ်ယောက် လိုချင်ခဲ့ပါလျက် သူနဲ့စဆုံလိုက်ကတည်းက ဘာကြောင့် အဆင်မပြေဖြစ်ခဲ့ရတာပါလိမ့်။

ညနေကျောင်းဆင်းတော့ အိမ်မှာ မမက ရောက်နှင့်နေလေသည်။ ရေမိုးချိုး၍ရောက်နေသည့်မမ၏အလှက ညနေအချိန်၏ အလှနှင့်ယှဉ်၍ ထင်ရှားနေပါ၏။ သူ့ခုတင်ဘေးမှာ ခုံဖြင့်ထိုင်လျက် ရယ်ရယ်မောမောဖြင့်စကားပြောနေပုံလေးကို သူမလှမ်းကြည့်နေမိသည်။

အစ်ကိုကလည်း မမကိုငေးလို့ပါလေ. . .

"အဲဒါနဲ့ပဲ ဆေးကျောင်းသားလေးက ဆေးကုခံလိုက်ရတယ်ပေါ့လေ"

"နို့မို့ပျောက်ပါတယ် အကြည်လေးရဲ့။ ညဘက်မိုးမိသွားလို့ပါ"

"ကောင်းတယ်. . . ကလေးနဲ့ရောပြီး ဆော့တာကိုး"

"မဟုတ်ပါဘူး။ သူညာတာကို ကိုယ်ခံလိုက်ရလို့ပါ"

"သျှားအကြောင်းလည်း သိရဲ့သားနဲ့"

ညာတာတဲ့. . . ဟုတ်တာပေါ့. . . သစ်ကိုင်းကျိုးကျပြီဆိုပြီး သျှားညာမိတာမှန်ပါတယ်။ ဒါပေမဲ့. . . အစ်ကိုကဘာကြောင့်ယုံပြီး မော့ကြည့်ခဲ့တာလဲ။

"သျှား. . . ဟဲ့"

"ဟင်"

"ဘာလို့ချောင်းနေတာလဲ"

"မချောင်းပါဘူး။ မမရောက်နေလို့ လှမ်းကြည့်တာပါ"

"ဒီည ကျူရှင်မရှိဘူးဆို"

"အင်း"

"နင့်အတွက် စာရောက်နေတယ်။ ငါ စားပွဲပေါ်မှာတင်ပေးထားတယ်။ ရေချိုးပြီးဆာရင် စားထားနှင့်၊ ငါ သားဦးကိုကျွေးဦးမယ်"

"ဟုတ်"

သူမအခန်းတံခါးကိုစေ့၍ စားပွဲပေါ်ကိုကြည့်လိုက်စဉ် စာနှစ်စောင်ကိုတွေ့ရလေ၏။ အမယ်. . . ကျားသားမိုးကြိုး၊ ဘွားဆီကလည်း စာလာတာပါလား။ နောက်တစ်စောင်က လေးလေး၏စာဖြစ်နေလေသည်။







www.burmeseclassic.com

www.burmeseclassic.com



သူမကျောပိုးအိတ်ကိုချ၍ ဘွားစာကို အရင်ဆုံးဖွင့်လိုက်ပါ၏။

'မြေး—

နေကောင်းရဲ့လား။ ကျန်းမာရေးဂရုစိုက်နော်။ စာကိုလည်း ကြိုးစား။ မြေးဖြစ်ချင်တဲ့လိုင်းဝင်ရင် လိုချင်တာ ဘွားဝယ်ပေးမယ်။ မြေးစာကျက်တာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဘွား Phone မဆက်တော့ဘူး။ မြေး ဖေဖေရဲ့သူငယ်ချင်း ကျော်မိုးရဲ့သားနဲ့ သင့်အောင်ပေါင်းဦးနော်။ ဘွားမြေးက ဆိုးမှန်းသိပေမယ့် ဘွားက အဲဒီလိုဆိုးတာလေးကိုပဲ ချစ်နေရတာ။ မြေးနဲ့သိုက်တို့ လိုတာတွေ လူကြုံနဲ့ ဘွားပို့ပေးလိုက်တယ်။ စာမေးပွဲကြီးပြီးရင် ဒီကိုတစ်ခေါက်ပြန်ခဲ့ဦး။ မြေးအတွက် စီစဉ်ထားတာတွေကို ဘွားပြောရဦးမှာ...ဒါပဲ။

မြေးရဲ့ဘွား

(ဒေါ်ရွှေအိမ်စည်)'

ဟင်းဟင်း... စာရေးတာကလည်း တိုတိုလေး။ သျှားကို သတိရကြောင်း၊ လွမ်းကြောင်းလေးတောင်မှ မပါပါလားနော်။





နောက်တစ်အိတ်ကို ထပ်ဖွင့်လိုက်ပါ၏။

'သျှားလေး...

သမီးကိုကိုနဲ့ စိတ်ကောက်နေကြတယ်ဆို။ ကိုကိုက တစ်ဦးတည်းသောသားဆိုတော့ ဆိုးတယ်,သျှားရဲ့။ အိမ်မှာလည်း သိပ်ဂျစ်တာ။ ဆေးကျောင်းတက်မှ နည်းနည်းလိမ္မာသွားတယ်။ သမီးက အငယ်ပဲ ကိုကိုဆိုးရင် ခွင့်လွှတ်လိုက်ပေါ့။

လေးလေးလည်း ပွဲရုံကိစ္စတွေနဲ့မအားဘူး သမီးရယ်။ ဘွားဆီကိုတော့ မကြာမကြာရောက်ပါတယ်။ သမီး ဒီနှစ်စာမေးပွဲဖြေပြီး ပြန်လာရင် ဘွားကအစီအစဉ်တစ်ခုဆွဲထားလေရဲ့။ သမီးဖေဖေကိုယ်စား လေးလေးနဲ့တိုင်ပင်ထားတာပေါ့။ သမီးပြန်လာတော့မှပဲ ပြောပြတော့မယ်နော်။

စာကြိုးစားနော်,သမီးလေး။ သမီးကိုကိုတောင် ဆရာဝန်ကြီးဖြစ်တော့မှာ။ သမီးက အင်ဂျင်နီယာတော့ဖြစ်ရမှာပေါ့။ စာမေးပွဲအောင်ရင် လိုချင်တာရမယ်။ နောက်မှစာရှည်ရှည်ရေးလိုက်မယ်နော်။ ကျန်းမာရေးကိုဂရုစိုက်၊ သိပ်လည်းမဆော့နဲ့ဦး။

သမီးချစ်တဲ့လေးလေး

(ကျော်မိုး)'



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားတော့ မဟုတ်သေးပါဘူး။ သျှားတောင် စာမေ
မဖြေရသေးဘဲနဲ့ ဘာတွေကြိုတင်စီစဉ်နေပါလိမ့်။ ဘွားတို့လေ
လေးတို့ကိုမချွဲရတာ အတော်ကြာပြီပဲ။ လေးလေးကရော သား
နေပြီမို့ သျှားကိုအရင်လိုချစ်နိုင်ပါတော့မလား။ အန်တီမေကတော
ငယ်စဉ်ကတည်းက သူမကို သားလောက်မချစ်တာတော့ သေချာ
တယ်လေ။

ရေဆာသလိုဖြစ်လာတာမို့ ရေသောက်ရန် ထမင်းစားခ
ဘက် ထွက်လာခဲ့၏။ အား. . . ဝက်သားပေါင်းနံ့က မွှေးနေတာ
လား။ ထမင်းအုပ်ဆောင်းကိုဖွင့်၍ ဗိုက်ထဲမှ ဂွီခနဲအော်သံကြော
ပြုံးလိုက်မိသည်။ ဟင်းကောင်းချက်မှ သူနေမကောင်းဖြစ်ရတာ
လား။

စိတ်မကောင်းဖြစ်သွားရပြန်တာမို့ ထမင်းမစားဖြစ်တော့
အခန်းဘက်ပြန်ခဲ့ရာ မမက သူ့ကိုနှုတ်ဆက်၍ပြန်သွားလေပြီ။
က အကြည်လေးကူးလာပေးသည့်စာအုပ်ထဲမှ စာလုံးဝိုင်းဝိုင်းလေ
တွေကိုကြည့်ကာ ပီတိဖြစ်နေလေ၏။

"အစ်ကို"

"ဟင်"





"ဘာစားပြီးပြီလဲ"

"ညနေက သျှို့ကြာဆံပြုတ်ကျွေးလို့ စားပြီးပြီ"

"ကျွန်တော့်ကိုစိတ်ဆိုးနေလားဟင်"

"ဘာကိုလဲ"

"ညတုန်းက မိုးမိသွားရတာလေ"

"ဖျားချိန်တန်ဖျားတာပါ သျှားရာ"

"အစ်ကို စိတ်တော့ဆိုးနေမှာပါ. . . ကျွန်တော်သိပါတယ်။ နောက်ဆို လေးလေးကိုဘာမှပြန်မတိုင်ပါနဲ့။ မကျေနပ်တာရှိရင် ကျွန်တော့်ကိုပဲပြောပါ"

"ဖေဖေ Phone ဆက်လို့လား"

"စာရေးလိုက်တာပါ"

ဟော! စာရေးလိုက်တာတဲ့။ ဖေဖေ ဘာတွေများ ထည့်ရေးလိုက်သလဲ။ သူနှင့်သူမကိုစီစဉ်ပေးမယ်တို့ဘာတို့တော့ ထည့်မရေးလောက်ပါဘူး။ အခုမှ သူမက (၁၀)တန်းတက်နေတဲ့ကလေးပဲရှိသေးတာကိုး။

"ဘာတွေရေးလိုက်သေးလဲ"

"ဒီလိုပါပဲ။ နောက်ကို ကျွန်တော့်ကိုလာမကြိုပါနဲ့အစ်ကိုရာ။



www.burmeseclassic.com

www.burmeseclassic.com



ခုလိုဖြစ်သွားတော့ ကျွန်တော်ဘယ်စိတ်ကောင်းပါ့မလဲ"

"မဆိုင်ပါဘူး သျှားရယ်"

သူ ပြေပြေပြစ်ပြစ်ပြောလိုက်ပေမယ့် သူမက မျက်နှာလေး ငယ်ငယ်ဖြင့် အခန်းထဲဝင်သွားတော့သည်။

ခုလိုမျက်နှာမျိုးလေးနဲ့တော့ မနေပါနဲ့လား သျှားရယ်။ မင်း မျက်နှာငယ်ရင် ကိုယ့်ရင်ထဲမကောင်းလို့ပါ။

✿ ✿ ✿



## အခန်း ( ၁၀ )

သူ့အခန်းတံခါးကို အသာဟလျက် ချောင်းလိုက်တာကို သူသိ လိုက်ပါသည်။ ကျက်လက်စစာအုပ်ကိုအသာပိတ်လျက် လှည့်ကြည့် လိုက်တော့ တံခါးက ပြန်ပိတ်သွားလေ၏။

ဘယ်သူများပါလိမ့်။ သူထရပ်ကာ တံခါးရှိရာသို့ လျှောက် လာပြီးဖွင့်လိုက်တော့ သူမက အခန်းထဲပြန်ဝင်ရန်ပြင်တာနှင့် တိုး လေ၏။

"ဘာလဲ သျှား"

"ဟိုဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"စာမေးလို့ရမလားဟင်"

သူ့ပြုံးလိုက်မိ၏။ အခုတလော ဒီကောင်မလေး သူနှင့်စကား ပြောတိုင်း လေသံလေးပျော့နေတာပါပဲလား။ လက်ထဲမှာ စာအုပ် ပိုက်၍ မော့ကြည့်နေသည့်မျက်လုံးဝိုင်းဝိုင်းလေးတွေကို သူငေး ကြည့်ရင်း စိတ်ထဲမှာ ကျေနပ်သလိုခံစားနေမိသည်။

ဖေဖေ့စာကြောင့်ပဲ ဒီကလေးမ လိမ္မာသွားတာပဲလား။ အရင်လို ရန်ဖြစ် စကားများခြင်းမရှိပြန်တော့လည်း အတော့်ကို ပျင်းစရာကောင်းနေပြန်သည်လေ။

"ဘာမေးမလို့လဲ"

"Physics"

"Text ထဲကပဲလား"

"ဟင့်အင်း. . . Old Questions ထဲက သွားတွက်တာ သုံး လေးခါရှိပြီ၊ အဖြေက ထွက်မလာလို့၊ အဲဒါ"

"အကြမ်းစာအုပ်ပါယူခဲ့နော်။ လာ,ညေ့ခန်းစားပွဲမှာပဲ သင် ရအောင်"

သူက ဧည့်ခန်းရှိရာထွက်ခဲ့တာမို့ သူမက နောက်မှပါလာလေ





၏၊ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး သူမက လက်ညှိုးလေးထောက်ပြ ထိုက်သည့်ပုစ္ဆာကို သူဖတ်ပြကာ အရင်ရှင်းပြသည်။ ပေးချက်တွေ နှင့်မေးတာကို အရင်ချရေးကာ ဘာပုံသေနည်းသုံးရမလဲဟု သူ အေးခွန်းထုတ်တော့ သူမက ဒေါက်ခနဲပြန်ဖြေလေ၏။

"ဒီလောက်သိရင် တွက်လို့ရပြီပဲ"

"ဟုတ်"

သူမက သူချရေးပေးသည့်အကြမ်းစာအုပ်မှာပင် ဆက်တွက် လေ၏၊ အဖြေမှန်ရမှ ကျေနပ်စွာပြုံးလိုက်လေသည်။

"အစ်ကိုက သိပ်တော်တာပဲနော်"

"ဘယ်နှယ်. . . ကိုယ့်ကိုမြှောက်ပြောနေရတာလဲ, သွားရဲ့"

"တကယ်ပြောတာ၊ သွား ဒီပုစ္ဆာကို အထပ်ထပ်အခါခါဖတ် ပြီး ချတွက်တာပဲ၊ မရဘူး"

"သွားက ပုစ္ဆာကိုသိပ်နားမလည်လို့ပါ။ သေချာဖတ်ရတယ် ၊ ပုစ္ဆာရဲ့သဘောတရားကို နားလည်ရင်တွက်ရတာ လွယ်လွယ် လေး။ ပြီးတော့ သွားက ဘာပုံသေနည်းသုံးရမလဲဆိုတာကိုတောင် ပြောနိုင်သေးတာပဲ"

"ပုံသေနည်းတွေကို သွားတို့ဆရာမတွေ တစ်ပတ်တစ်ခါချ



www.burmeseclassic.com

www.burmeseclassic.com



ရေးခိုင်းတာ အစ်ကိုရ။ Maths ရော, Chemistry ရော အကုန်ပဲ ဒါကြောင့် အကုန်အလွတ်ရနေတာပေါ့"

"ကြည့်ရတာ သွားက တွက်စာကို ပိုအားသန်ပုံရသလိုပဲ"

"ဟုတ်ကဲ့။ သွား English ဖတ်ရတာလည်း ကြိုက်ပါတယ်။ အဟင်း. . . မြန်မာစာနဲ့ Bio ကျက်တိုင်း လူကငိုက်ပြီး အိပ်ပျော် သွားတတ်လို့ အဲဒီနှစ်ဘာသာဆို အမြဲအမှတ်နည်းတယ်။ ဆရာ တွေလည်း တအားဆူတာပဲ"

"စာကျက်မပျင်းရဘူးလေ သွားရဲ့။ ကျက်စာမှာ အားနည်း ရင် အထိနာတတ်တယ်။ အထူးသဖြင့် မြန်မာစာမှာ ဂုဏ်ထူးမ နိုင်တောင် (၆၀)ကျော်အောင်တော့ ဖြေနိုင်ရမှုဖြစ်မှာ"

"အစ်ကိုဆယ်တန်းအောင်တုန်းက မြန်မာစာအမှတ် ဘယ် လောက်ရလဲဟင်"

"76"

"ဟာ. . . D ပါတာပေါ့"

"အင်း"

"All D လား"

"ဟုတ်တယ်"





"တော်လိုက်တာဗျာ။ ကျွန်တော်တောင် မနာလိုဖြစ်ချင်လာ ပြီ"

"ဟင်းဟင်း. . . မနာလိုဖြစ်ရင် ကြိုးစားကျက်ပေါ့ကွ"

"ကျက်တော့ကျက်တာပဲ အစ်ကိုရ။ ကျက်စာကျ, ကဖြုံးက သွားထက်ပိုတော်တယ်။ သူက တစ်ယောက်တည်းကျိတ်ပြီး ကျက် တတ်တယ်လေ"

"သူ့မှာ စာကျက်နည်းလည်းရှိလို့ဖြစ်ပါလိမ့်မယ်"

သူမက နှုတ်ခမ်းလေးဝိုင်းလျက် သူ့ကိုမော့ကြည့်လိုက်လေ ၏။ ဤကလေးမ ဒီညအဖို့ အိပ်ဖို့တောင် အစီအစဉ်ရှိရဲ့လားမသိ။ နာရီက (၁)နာရီကိုပင်ကျော်နေချေပြီ။

"စာကျက်တာပဲ စာကျက်နည်းရှိသေးလို့လား"

"ရှိတာပေါ့"

"ဘယ်လိုနည်းလဲ"

"ဥပမာ-မြန်မာစာဆိုရင် ဤသည်မရွေးကျက်ဖို့က ခက်ဆစ် အလင်္ကာနဲ့သဒ္ဒါပဲရှိတယ်။ ကျန်တာတွေကိုသေချာဖတ်ပြီး gits သတ်ကျက်တတ်ရင် ဘာမှကျက်စရာတောင်မရှိဘူး။ စာစီစကုံး ဆို တစ်ပတ်ကိုတစ်ပုဒ်နှုန်းပဲ ရေးကျင့်ဦး၊ တစ်လဆိုလေးငါးပုဒ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ စာသင်နှစ် (၈)လမှာ ဘယ်နှပုဒ်ရှိမလဲ၊ ကဲ"

"ဟာ! မှန်လိုက်လေ၊ အစ်ကို အဲဒီလိုပဲကျက်ခဲ့တာလား"

"ဒါပေါ့။ Bio နဲ့ English ကျက်ရင် spelling လေးတွေချရေးပြီးကျက်။ English ဆို Text ပိုင်ရုံနဲ့ (၆၅) မှတ်က ကွက်တိကျိုးသေနေပြီ။ ဂုဏ်ထူးမှတ်ရဖို့ကို Grammar နိုင်ရင် Letter နဲ့ Essay အတွက် Ok ပဲ။ (80)လောက်ရဖို့ မခဲယဉ်းတော့ဘူး"

"အား. . . အစ်ကိုပြောလိုက်တော့ စာတွေက လွယ်သွားသလိုပဲ။ ကျွန်တော်ဖြင့် စာအုပ်ထူကြီးကိုကြည့်ပြီး ထိုင်ငိုချင်စိတ်ပေါက်နေတာ။ အဲဒါကို ရှေးရှေ့ကအောင်သွားတဲ့ အစ်ကိုတွေ အစ်မများ Revision သုံးခေါက်အနည်းဆုံးရတယ်ဆိုလို့ အံ့သြနေမိတာ။ လက်စသတ်တော့ ဒါကြောင့်ကိုး"

နှစ်ဦးသား တီးတိုးရယ်လိုက်ပါ၏။ ဒီညမှ မျက်စိကြောင်ပြီး စာကျက်ချင်စိတ်တွေဖြစ်နေတာမို့ ကိုယ့်ကိုယ်ကိုလည်း အံ့သြနေမိသည်။

"ခု Idea ရသွားပြီမဟုတ်လား"

"အင်း. . . ဒါဆို ကဖြိုးကို ကောင်းကောင်းကြီး Fight နိုင်ပြီ ကျေးဇူးပဲအစ်ကိုရာ"





"ကဖြိုးလို့ ဘာကြောင့်ခေါ်ရတာလဲ"

"ကဖြိုးက ကျွန်တော့်ထက် (၃)လကြီးတယ်ဗျ။ အဲဒါ ဦးငယ်တို့က ကိုဖြိုးလို့ခေါ်ရမယ်ပြောလို့ခေါ်ရင် ကဖြိုးဖြစ်သွားတာပဲ"

"ဖြိုးကရော. . . သျှားကို ဘာလို့ ပသျှားလို့ခေါ်တာလဲ"

"ချစ်စနိုးနဲ့ခေါ်တာတဲ့"

"သျှားက ဖြိုးနဲ့ပတ်သက်ရင်တော့ ဦးငယ်တို့စကားကို နားထောင်တယ်ပေါ့လေ"

"ဘာကိုလဲ"

သူ ပြုံးရှုံ့ပြုံးပြလိုက်တော့ သူမမျက်နှာတစ်မျိုးလေး ဖြစ်သွားပါ၏။ ဘောပင်အဖုံးနေရာကို သွားဖြင့်ကိုက်ကာ နှာခေါင်းရှုံ့ပြလိုက်လေသည်။

"ကျွန်တော် လျှာယားလို့မခေါ်တာပါဗျာ"

"ဩော်. . . လျှာယားတယ်လို့ပဲရှိရသေးတယ်"

သူ အမှတ်မထင် သူမခေါင်းကို လှမ်းထုလိုက်တော့ သူမက ဟက်ခနဲရယ်လိုက်လေ၏။ ကြည့်စမ်း! ဒီကောင်မလေးမှာ ဘာမှန်းမသိရသည့် ဆွဲဆောင်မှုတွေရှိနေသလိုပါပဲလား။ ဒါကြောင့်လည်း သူမကို ဝိုင်းချစ်နေကြတာပဲထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . မအိပ်ကြသေးဘူးလား"

"သွား . . . စာမေးနေလို့ ပြပေးနေတာပါအန်တီ"

"(၂)နာရီထိုးတော့မယ်လေ။ မနက် မထနိုင်ဘဲနေဦးမယ်။ အိပ်တော့"

"ဟုတ်ကဲ့"

သူတို့နှစ်ယောက်ထရပ်ပြီး အခန်းထဲဝင်ရန် ပြင်စဉ် သူမက ခပ်တိုးတိုးပြောလိုက်လေ၏။

"ကျွန်တော်က စာကိုအော်ကျက်တတ်တာအစ်ကိုရ။ အစ်ကို့ကိုအားနာလို့ပါ"

"အားမနာပါနဲ့ သွားရဲ့။ ကျက်တတ်သလိုကျက်ပါ။ သွား အော်ကျက်တဲ့အချိန် ကိုယ်က ရေးပြီးကျက်လိုက်မှာပေါ့။ ဖြစ်ပါတယ်။ ဒါမှ အသံထွက်မမှန်ရင်ပြင်ပေးလို့ရမှာလေ။ ဟုတ်ပြီလား"

"ဟုတ်"

သူမ အခန်းထဲပြန်ဝင်လိုက်စဉ် အန်တီနှင်းက အနောက်မှ လိုက်ဝင်လာလေ၏။

"သွား"

"ဗျာ"





"လာစမ်း"

ခေါင်းရင်းပြတင်းပေါက်နားဆီ ဆိုးကပ်သွားပြီး အန်တီနှင်းက သူမလက်မောင်းကို ဖျတ်ခနဲရိုက်ကာ ဗိုက်ခေါက်ကိုပါ ဆွဲလိမ်လိုက်လေသည်။

"အ! အန်တီ. . . သွားဘာလုပ်မိလို့လဲ"

"နင့်ဟာနင် ဘာလုပ်လဲမသိဘူးလားဟင်. . . ဒီအချိန်ထိ ယောကျ်ားလေးနဲ့ နှစ်ယောက်တည်းအတူရှိနေစရာလား"

"စာမေးတာလေ အန်တီရဲ့"

"ဟင်. . . နင့်မှာ စာမေးတဲ့အချိန် ဒီလောက်ရှားရသလား။ တခြားအချိန်မရှိတော့ဘူးလား"

"သွား စာတွေတွက်ရင်း မရတော့လို့မေးမိတာပါ အန်တီရဲ့။ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ, သင့်တော်၏၊ မသင့်တော်၏ ဘာမှမစဉ်းစားတတ်ဘူး။ နင်ဘယ်လိုဟာလေးလဲ"

"ဧည့်ခန်းမှာစာမေးတာပဲ အန်တီရဲ့။ ဘာကိုမသင့်တော်တာလဲ"

ဒေါ်နှင်းရည် တော်တော်စိတ်ပျက်သွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မတော်ကြီး နှစ်ယောက်တည်းရှိနေတာကိုမှ မသ[illegible]တော်ဘူးပြောမရရင် ဘာကိုပြောရမှာလဲ။ မေမေက ဒီမြေးမှဒီမြေ[illegible]ဖြစ်နေတာမို့ တစ်ခုခုဖြစ်သွားမှာကိုစိုးရိမ်ရသည်လေ။ လေ[illegible]လောဆယ် ကိုယ့်လက်ထဲမှာ အုပ်ထိန်းနေရတာမို့ တာဝန်လည်[illegible]ကြီးလေးလှသည်။

နဂိုကတည်းက သျှားနဲ့ပတ်သက်တဲ့သတင်းတွေက ကောင်[illegible]မှမကောင်းတာပဲ။ ကိုယ့်ဆီနေရင်းမှ ပြင်မရဖြစ်သွားရင်တော[illegible]မေမေ့မျက်နှာကို ဘယ်လိုမှကြည့်ရဲတော့မည်မဟုတ်။ ဒီကလေး[illegible]ကလည်း လည်မလိုနဲ့ ကလေးစိတ်မကုန်ဘဲ နုံနုံအအဖြစ်နေရ[illegible]သေး။ ခက်တာပဲနော်။

"စာမေးတာ ညနက်သန်းခေါင်ကျော်နေပြီလေ။ မသိဘူ[illegible]လား"

"အချိန်ထက် စာကအရေးကြီးတာလေ အန်တီရဲ့။ သျှား[illegible]First Test တွေ စတော့မယ့်ဟာကိုး"

"မရဘူး။ နောက်ကို (၁၁)နာရီထက်မကျော်စေနဲ့။ ဒါပဲ"

"အာ. . . အဲဒီချိန် ကျူရှင်က ပြန်ရောက်၊ ရေမိုးချိုး ထမင်[illegible]စားပြီး အိမ်စာတွေလုပ်ရုံရှိသေးတာကိုး"





"လျှာမရှည်နဲ့၊ နင့်အတွက်ပြောနေတာ။ နင်တစ်ခုခုဖြစ်သွားရင် ငါရင်ကျိုးရမှာ။ နင့်အဘွားကို ငါဘယ်လိုမျက်နှာပြန်ပြရမှာလဲ"

"အန်တီ ဘာကိုဆိုလိုတာလဲ။ သျှား ဘာမှနားမလည်ဘူး။ သျှားက ဘာတစ်ခုခုဖြစ်ရမှာလဲ"

သူမအသံ စူးခနဲထွက်လာတာမို့ အန်တီက သူမပါးစပ်ကို ဖျတ်ခနဲအမြန်ပိတ်ကာ မျက်လုံးပြူးမျက်ဆံပြူးဖြင့် ကျိတ်ပြောပြန်လေ၏။

"တိုးတိုးပြောလေ၊ ဟိုကကြားသွားရင် မကောင်းဖြစ်တော့မယ်"

"အစ်ကိုက ဘာကိုကြားပြီး မကောင်းဖြစ်ရမှာလဲ"

"ငါနော်. . . ပြောလိုက်ရ။ ငါပြောတာကိုပဲ နားထောင်စမ်း သျှား။ နောက်ကို သူနဲ့အခုလိုမျိုးရှိမနေပါစေနဲ့။ ဒါပဲ"

"ဒါဖြင့် သျှားက အစ်ကို့ကိုစာမေးလို့မရတော့ဘူးလား"

"စာမေးတာကို မမေးနဲ့လို့ပြောတာမဟုတ်ဘူးလေ။ အချိန်မတော်အထိ မမေးနဲ့လို့ပြောနေတာဟဲ့။ ပြောရဆိုရတာ သိပ်ခြ[illegible]တာပဲ. . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



အန်တီက သူမကို မျက်စောင်းခဲလိုက်ပြီး အခန်းထဲမှထွက်သွားပါ၏။ သူမ ခုတင်ပေါ် ပစ်ထိုင်ချလိုက်ပြီး စိတ်ရှုပ်လာသဖြင့် ခေါင်းကိုထိုးဖွလိုက်မိလေသည်။ သူတို့ပဲ စာမေးချင်မေးဆိုပြီး မေးတော့လည်း မကြိုက်ပြန်ဘူး။ မသင့်တော်ရအောင် သျှားက ဘာတွေများလုပ်မိနေလို့လဲ။

တကယ်တမ်းဆို အစ်ကိုနဲ့တရင်းတနှီးနေတာက သျှီပါလေ။ အစ်ကို့အဝတ်အစားတွေ လျှော်ပေးတာ၊ အခန်းထဲရှင်းလင်းပေးတာ။ ဗီရိုထဲ သန့်ရှင်းရေးလုပ်ပေးပြီး ပစ္စည်းတွေကို စိစိရိရိလုပ်ပေးတာတွေကို မမပဲလုပ်ပေးပါလျက် သျှားကိုကျ စာမေးတဲ့ကိစ္စလေးကို ရေးကြီးခွင်ကျယ်လုပ်ပြီး ဆူရသလားလို့။

တစ်ချိန်လုံး ပြဿနာဖြစ်တုန်းကလည်း အဆူခံရသေးတယ်ဟော. . . အခုလို ပြေပြေလည်လည်လေးဖြစ်ပြန်တော့လည်း တစ်မျိုးဆူပြန်ရော။ ဘယ်လိုမှ အဆူခံရတဲ့ဘဝက မကျွတ်နိုင်ပါလား။ ဒီစာမေးပွဲလည်း မြန်မြန်ပြီးမှပါပဲ။ ဒါမှ ဘွားဆီရောက်ပြီး စိတ်ကြိုက်နေထိုင်ခွင့်ရမှာ။ ခုတော့ အန်တီက ဆရာမပီပီ မျက်လုံးဒေါက်ထောက်ပြီး ဆိုဆုံးမနေတာပဲ။

သူမ ခုတင်ထက် ပစ်လှဲချလိုက်ပါ၏။ ဒီကိုရောက်စက ပျော်





သလိုလိုရှိသော်လည်း အခုတော့ သိပ်မပျော်တော့သလိုပါပဲ။ ဖြိုးတို့နဲ့အတူရှိစဉ်သာ စရင်းနောက်ရင်းပျော်ရပေမယ့် အိမ်မှာတော့ အမြဲအဆူခံရတာမဟုတ်လား။ အိမ်မှာအငယ်ဆုံးဖြစ်သည့် သားဦးတောင် သျှားလောက်အဆူမခံရပါ။

မျက်နှာသိပ်လိုက်သလိုပါပဲ။ သျှားကို ဒီမှာချစ်တဲ့သူမရှိသလောက်ပါလား။ ဖြိုးတို့မိသားစုကတော့ ထားပါတော့။ သူစိမ်းတွေက သျှားအပေါ်မှာ စေတနာထားပြီး ချစ်ခင်ကြပါလျက် သွေးရင်းသားရင်းဆွေမျိုးတွေကဖြင့် သျှားကိုမချစ်သလိုပါပဲလား။

အင်းပေါ့လေ။ သျှားက နဂိုကတည်းက ခပ်ဆိုးဆိုးမဟုတ်လား။ ဘာမဆို တိကျသေချာလိမ္မာရေးခြားရှိသည့်သျှီက သျှားထက် အစစအရာရာသာလွန်နေတာကိုး။ အသက် (၁၆)နှစ်ရှိပြီဆိုပေမယ့် မိန်းကလေးတို့တတ်သင့်တတ်ထိုက်တဲ့အလုပ်တွေကို သျှားစိတ်မဝင်စားလှပါချေ။

ငယ်စဉ်ကတည်းက ဆော့တာတောင် ဘောလုံးကန်၊ ဂျင်ပေါက်၊ ဂေါ်လီရိုက်၊ ဘော်လီဘောစတဲ့ယောကျ်ားလေးကစားနည်းတွေကိုသာ ဆော့ခဲ့တာလေ။ မိန်းမပီသဖို့ဆိုတာကို စိုးစဉ်းမျှသွေးဖူးတာမဟုတ်။ ဝါသနာပါတာကလည်း အိမ်ဆောက်၊ တိုက်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



စတဲ့ယောကျ်ားလေးအလုပ်ပေပဲကိုး။

စိတ်ရှုပ်တယ်၊ စိတ်ရှုပ်တယ်။ လောကကြီးမှာ နေစရာမရှိတော့သလောက်ပါပဲလား။ ဒီနှစ်ကိုမြန်မြန်ကုန်မှပြီးမှာပါလေ။ မျက်စိစုံမှိတ်၍ သက်ပြင်းကိုချကာ အိပ်ပျော်အောင် အိပ်ရတော့သည်။ မနက်ဖြန်ဆိုတာတွေမှာ စိတ်ချမ်းသာပါရစေလား။

❖ ❖ ❖



## အခန်း ( ၁၁ )

"လာပြန်ပြီ. . . သွားဘာလုပ်မိလို့ပြောရပြန်တာလဲ"

"ပြောလိုက်ရင် ပြန်ခံပက်ဖို့ပဲသိတယ်။ နင်လုပ်တာ နင်ပဲအသိဆုံးပေါ့။ ညက နင်နဲ့သူနဲ့အချိန်မတော်ထိ အတူရှိနေတယ်ဆို။ အန်တီနဲ့ဦးငယ် တိုးတိုးတိတ်တိတ်ပြောနေကြတာ ငါကြားတယ်။ နင်ဘယ်လိုလဲ,သွား။ နင်အနေအထိုင်မတတ်တာက အကြောင်းမဟုတ်ဘူး။ ငါပါ သိက္ခာကျတယ်ဟဲ့"

သူမစိတ်ပျက်သွားရလေ၏။

မနက်စောစောစီးစီး အခန်းထဲထိ ဝင်ပြောခံရတာမို့ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပေမယ့် ကျောင်းကို ဒီမျက်နှာကြီးနှင့်တော့ မသွားချင်ပါလေ။

"စာလေးမေးမိတဲ့ကိစ္စကို ဒီလောက်ပုံကြီးမချဲ့ချင်ပါနဲ့မမရဲ့"

"မသင့်တော်လို့ပြောနေတာဟ့။ နင့်ကိုပြောလို့မှမရရင် ငါ ဘွားဘွားကိုလှမ်းတိုင်မှာ"

"တိုင်ပေါ့. . . ကြောက်မယ်များထင်နေသလား။ ဘွားစိတ်မချလို့ပြန်ခေါ်ရင် ပိုတောင်မှကောင်းသေးတယ်။ ဘွားဆို သျှားကို လေသံမာနဲ့တောင်ပြောတာ မဟုတ်ဘူး။ ဒီဟာ ဘယ်လောက်အရေးကျပ်သလဲ။ လူကိုမျက်စိဒေါက်ထောက်ကြည့်ပြီး ဆူမယ့်သူတွေချည်းပဲ။ အသက်တောင်ဘယ်လိုရှူမှန်းမသိတော့ဘူး။ တကယ်ပဲ"

"နင်. . . နင် ပြောနေတဲ့ကြားက အထွန့်တက်ပြန်ပြီလား သျှား။ နင့်ကိုအနီးကပ်စောင့်ရှောက်ဖို့ ငါ့ကိုထည့်ပေးလိုက်တာ သိရဲ့သားနဲ့"

"မမက သျှားကိုစောင့်ရှောက်တာမှမဟုတ်ဘဲ. . . သျှား အပြစ်မရှိအပြစ်ရှာပြီးအဆူခံရဖို့ တို့မီးရှို့မီးလုပ်နေတာမှ တကယ့် Oxygen အစစ်"

"ဘာ! နင်"





သူမပါးတစ်ဖက် ပူခနဲဖြစ်သွားပြီး ခေါင်းလည်သွားစဉ် အခန်းရှေ့မှာ လူတွေပြုံရောက်လာလေ၏။ သူက ကအံ့တသြမျက်နှာဖြင့် မျက်လုံးပြူးကာ ကြည့်နေလေသည်။

"သျှားကိုရိုက်တယ်"

"ရိုက်မှာပေါ့။ နင်ဒီလောက်ရိုင်းနေတာကိုး"

"ဦးငယ်. . . မမ, သျှားကိုရိုက်တာ မပြောတော့ဘူးလား"

"ဟုတ်သားပဲ။ သမီးကြီးကလည်း ညီမလေးကိုဆုံးမတာ လက်မပါရဘူးလေ။ ဦးငယ်တောင် ဘယ်နှခါလက်ပါဖူးလို့လဲ"

"သူက. . . သူက. . . သျှီကို တို့မီးရှို့မီးလို့ပြောတယ် ဦးငယ်ရဲ့"

သျှီကပြောရင်းဖြင့် မျက်ရည်ပေါက်ပေါက်ကျလာလေ၏။ သူမက မမကိုစူးစူးရဲရဲမျက်လုံးများဖြင့်စိုက်ကြည့်ရင်း ပေါက်ကွဲစွာ အော်ဟစ်လိုက်လေသည်။

"သျှားကို ဘွားတောင် လက်ဖျားနဲ့ထိဖူးတာမဟုတ်ဘူး။ လေသံမာနဲ့တောင် မဆုံးမဖူးဘူး။ ဦးငယ်တို့အန်တီတို့ဆူတာရိုက်တာကိုပဲ သျှားခံနိုင်မယ်။ မမဒီလိုလုပ်တာကိုတော့ လုံးဝသည်းမခံဘူး။ ဘွားနဲ့တိုင်ကိုတိုင်မယ်။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ် စိတ်လိုက်မာန်ပါမလုပ်ပါနဲ့"

"ဟုတ်ပါတယ်သမီးရယ်။ မေမေသိသွားရင် အန်တီတို့ပါ မကောင်းဘူး"

"ဦးငယ်တို့ သူ့ဘက်က လိုက်မပြောနဲ့လေ၊ သွားအပြစ်လုပ်မိရင် သွားခံနိုင်တယ်။ ဒါတမင်သက်သက်အနိုင်ကျင့်တာပဲ။ သွား မကျေနပ်ဘူး"

သူတော်တော် ခေါင်းကျိန်းသွားရပါ၏။ ပြဿနာက ဘယ်က နေဘယ်လိုစမှန်း မသိနိုင်ပေမယ့် အတော်လေးကြီးကျယ်တာတော့ သူသိနေပါသည်။ တစ်ယောက်က မျက်ရည်လည်ရွဲနှင့် တရှုံ့ရှုံ့ငိုလို့ တစ်ယောက်ကလည်း မျက်ရည်တစ်စက်မှမကျဘဲ ဒေါသမျက်ဝန်း တွေရဲရဲတောက်လို့၊ ညီအစ်မဝမ်းကွဲချင်း ဘာအကြောင်းနဲ့ပတ်သက် ပြီးဖြစ်ကြတာပါလိမ့်။

သူမက အခန်းထဲမှထွက်ကာ Phone ရှိရာဆီသွားတော့ သူက သူမလက်မောင်းကိုလှမ်းဆွဲထားလိုက်ပါ၏။

"သွား"

"သွားကိုမတားနဲ့နော်။ ဘယ်သူနဲ့မှ ရန်သူမဖြစ်ချင်ဘူး"

"ကိုယ်တောင်းပန်ပါတယ်သွားရယ်။ ဘွားသိရင် မကောင်



ဘူးလေ။ တော်ကြာ သွားကိုပြန်ခေါ်ရင် ကျောင်းတက်ရင်း တန်းလန်းဖြစ်သွားမှာပေါ့"

"မသိဘူး။ ဘာမှလာမပြောနဲ့...ဖယ်"

"သမီးငယ်...ဦးငယ်ပြောတာကို နားထောင်ပါ။ ခုချိန် မေမေ ဘုရားဝတ်ပြုနေမှာ စိတ်အနှောင့်အယှက်မပေးပါနဲ့လား။ နောက်တော့ လေးလေး သို့ကိုဆုံးမပေးမှာပေါ့"

"သွား လုံးဝမကျေနပ်ဘူး။ သွားတစ်သက် အသားအနာခံ ရတာ ဒီတစ်ခါအနာဆုံးပဲ"

"အေးပါ...အေးပါ။ ကဲကဲ...သားရယ် ခေါ်သွားပါ တော့။ မင်းညီမအကြောင်းလည်းသိရဲ့သားနဲ့"

သူက သူမကျောပိုးအိတ်ကိုယူကာ သူမလက်ကိုဆွဲလျက် ထွက်လာခဲ့လေ၏။ လမ်းပေါ်ရောက်မှ လှိုက်ခနဲရင်ထဲဆို့ကာ မျက်ရည်တို့ကျတားဆီးမရကျလာတော့သည်။ ရှက်ဖို့ကောင်းလိုက်တာ။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ သူစိမ်းရှေ့အရိုက်ခံရတယ်လို့။ မမသိပ် ရက်စက်တာပဲ။

"တိတ်ပါ သွားရယ်။ သို့က ကရုဏာဒေါသောနဲ့ရိုက်လိုက် တာနေမှာပါ။ တမင်ကြီးတော့ ရည်ရွယ်ပုံမရပါဘူး။ ဘွားကိုတော့

www.burmeseclassic.com

www.burmeseclassic.com



မတိုင်ပါနဲ့။ စိတ်မကောင်းဖြစ်နေပါဦးမယ်

"ကိုကိုက ခံမှုမခံရဘဲ၊ အသားနာတာထက် သျှားရင်ထဲမှာ ပိုနာတယ်၊ အဲဒါ ဘာမှုမဟုတ်ဘူး။ သျှားအပေါ်မှာ မနာလိုဖြစ်နေတာကို နိုင်ခွင့်ရတုန်း နိုင်စားလိုက်တာပဲ။ သျှားသိတယ်"

ပြဿနာပဲ။ ချော့မှုပိုဆိုးနေပါရောလား။ ပြေရာပြေကြောင်း ပြောနေလျက် မျက်ရည်ကြားက ဒေါသအိုးလေးပေါက်ကွဲပြန်ချေပြီ။

"သျှားကလည်း ကိုယ့်အစ်မကို ရန်သူကြီးလိုမဆက်ဆံရဘူးလေ"

"ကိုကိုကပါ သူ့ဘက်ကနာတယ်ပေါ့လေ။ ချစ်ပါ. . . ချစ်ပါ. . . ချစ်ကြပါ။ ဦးငယ်တို့အန်တီတို့လို သူ့ကိုပဲပိုချစ်ကြ။ ဘာပဲဖြစ်ဖြစ် သူ့ဘက်ကိုပဲ ပိုပြီးအလေးသာကြ။ ကောင်းတယ်၊ သိပ်ကောင်းတာပဲ။ တစ်သက်နဲ့တစ်ကိုယ် သျှားကိုပုံချစ်တာပဲခံခဲ့ရတာ။ အခုမှ လူမှုန်းများမှုန်း သိလိုက်ရပြီ။ တော်ပြီ. . . နောက် သျှားကိုဘယ်တော့မှစကားလာမပြောနဲ့တော့"

."ဟာ! သျှား. . . မဟုတ်ပါဘူး"

သူပြောစဉ်မှာပင် သူမက ဖြိုးတို့ခြံဝင်းထဲသို့အပြေးဝင်သွားလေ၏။ မျက်ရည်စက်လက်နှင့်ပြေးလာသည့်သျှားကိုရော၊ သူ့





နောက်မှ မျက်နှာမသာမယာဖြင့်လိုက်လာသည့်သူ့ကိုပါ ဖြိုးတို့မိသားစုက တအံ့တဩကြည့်နေကြပါသည်။

"ဘယ်လိုဖြစ်လာကြတာလဲ"

"အန်တီသင်း. . . သျှားကို မမရိုက်တယ်"

အန်တီ့ရင်ခွင်ထဲအပြေးဝင်၍ ချုံးပွဲချငိုလိုက်တော့ မိသားစုအားလုံး ဖျာယာခတ်ကုန်လေ၏။ ဖြိုးက အိမ်ပေါ်မှ ဝုန်းခနဲပြေးဆင်းကာ သူမနားသို့ အမြန်ဆုံးရောက်လာပါသည်။

"မမရိုက်တယ်၊ ဟုတ်လား,ပသျှား။ ဘယ်ကိုရိုက်တာလဲ"

"ပါးကို"

"ဟာ! ဦးငယ်တို့မပြောကြဘူးလား။ ဒီလောက်ထိဖြစ်ကုန်တဲ့ဟာကို"

"ဦးငယ်ရော အန်တီနှင်းပါ မမဘက်က လိုက်ကြတယ်လေ။ သျှားက အငယ်ဆုံးဆိုပြီး သူတို့ပြောတာခံ, သူတို့နှိပ်စက်သမျှ အနာခံရမှာပေါ့"

"အဲဒီလိုလည်း မဟုတ်သေးဘူးထင်ပါတယ်သမီးရယ်။ တိတ်ပါ"

"အန်တီသိရဲ့သားနဲ့။ သျှားကိုရိုက်ဖို့နေနေသာသာ လေသံ



www.burmeseclassic.com

www.burmeseclassic.com



မာနဲ့တောင် ဘွားပြောဖူးတာမဟုတ်ဘူး။ အခုတော့ ပါးကိုမှရိုက်တယ်တဲ့။ သွားကိုယ်သွားဆိုးမှန်းသိပါတယ်။ ဒါပေမဲ့ အခုကိစ္စက ဒီလောက်ထိလုပ်စရာ ဘာအကြောင်းမှမရှိဘူး။ တော်တော်တရားလွန်တယ်"

"ဟုတ်ပါပြီ၊ ကိုအောင့်ကို အန်ကယ်ပါ သွားပြောပေးပါ့မယ် သမီးရယ်။ ဘယ့်နှယ်. . . ကျောင်းသွားခါနီး ငိုကြီးချက်မနဲ့ ဖြစ်နေရတာလဲ"

အန်ကယ်ပါရောက်လာပြီး သူမကျောကိုသပ်ပေးကာပြောတော့ ငိုချင်လျက်လက်တို့က ပိုပြီးငိုချလိုက်လေတော့၏။ ကဲ! ဘယ့်နှယ်များလုပ်ရပါ့။

"ဘွားကိုတိုင်မယ်"

"အေးပါ. . . သမီးအငိုအရင်တိတ်အောင်လုပ်"

"မမ. . . စိတ်ပုပ်ကြီး။ တော်တော်စိတ်ပုပ်မှန်းသိသာတယ်"

"ဟုတ်ပါပြီ။ ကဲကဲ. . . တိတ်ပါသမီးရယ်။ သနပ်ခါးတွေလည်း ကုန်ပါပြီ။ မျက်နှာသွားသစ်လိုက်ဦး။ ပြီးရင် အန်တီသနပ်ခါးလူးပေးမယ်။ ဟဲ့! ရွှေစာ။ ကျောက်ပျဉ်နဲ့သနပ်ခါးတုံး ယူလာခဲ့"

"လာ. . . သွား"





အကြည်လေးက သူမလက်ကိုဆွဲ၍ ရေချိုးခန်းထဲခေါ်သွားလေ၏။ အန်တီ သနပ်ခါးလူးပေးတာကို ဖြိုးက ဘေးမှာထိုင်ကြည့်နေတာမို့ သူသက်ပြင်းရှိုက်လိုက်မိပါသည်။

ဪ. . . သူနှင့်က ငယ်စဉ်ကတည်းက ရင်းနှီးခဲ့တာမှန်ပေမယ့် ဖြိုးလောက် သူမအပေါ်သိပ်ကြီးမရင်းနှီးတာ သေချာနေတာကိုး။

ပြီးနောက်. . . အိမ်ရှေ့စင်ပေါ်ရှိ phone မှပင် မန္တလေးသို့ သူမ phone ခေါ်ပါလေသည်။

"ဘွားလား. . . သွားပါ၊ ဘွားကိုတိုင်စရာရှိလို့။ အင်း. . . နေကောင်းပါတယ်၊ စာလည်းလိုက်နိုင်တယ်။ ဟင့်အင်း၊ မမနဲ့ဖြစ်တာ. . . မဟုတ်ဘူး. . . သွားမှာအပြစ်မရှိဘဲရိုက်တာ၊ ပါးကိုဘွားရဲ့"

တစ်ဖက်မှ ဘာတွေပြောနေသလဲဆိုတာ မကြားရပေမယ့် သူမမျက်ရည်လေးတွေဝဲနေလျက် စကားပြောနေတာကိုတော့ မြင်နေရပါသည်။

ရင်ထဲမှာ ဘာမှန်းမသိဘဲ တမြေ့မြေ့နဲ့ခံစားနေရတာတော့ အမှန်ပါပဲ။ ဒီလိုမျိုးနင့်နင့်သည်းသည်းကြီးမခံစားခဲ့ဖူးတာမို့ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဆို့နင့်စေတာတကယ်ပါလေ။ ချာတိတ်မလေးကိုဘယ်လိုပုံစံမျိုးနဲ့ ချော့ရမလဲဆိုတာ စဉ်းစားမရနိုင်ဘဲ ထိုင်ခုံမှာ ဒီတိုင်းထိုင်ပြီး ငေးမောနေရုံသာ တတ်နိုင်သည်ကိုး။

"ဦးငယ်က တစ်ခါမှမရိုက်ဖူးဘူး။ အန်တီနှင်းကတော့ ခေါင်းခေါက်တာမျိုး၊ ဗိုက်ခေါက်လိမ်တာမျိုးတော့ရှိတယ်။ ဒါပေမဲ့ သျှား စိတ်မခုပါဘူး။ သျှားဆိုးလို့ဆုံးမတာပဲဟာ။ ခုဟာက ကိုကို့ကို စာမေးတဲ့ကိစ္စနဲ့စဖြစ်ကာ,ဟုတ်တယ်. . . သျှားကသတိတောင် မထားမိပါဘူး။ ပထမအစမ်းဖြေရတော့မှာမို့ စာတွေအရေးကြီးလို့မေးတာကိုမသင့်တော်ဘူးဆိုပြီး အန်တီက ညတုန်းကပြောတယ်။ မနက်ကျတော့ မမကထပ်ပြောပြီး ရိုက်တာပါ။ သျှား,မကျေနပ်ဘူး။ ဘွား ပြောပေးနော်။ သျှားခေါင်းထဲမှာ ကျောင်းစာတစ်ခုပဲရှိတယ်။ သူတို့ အဲဒီလိုပြောတာကို သျှားစိတ်ရှုပ်တယ်၊ မကြိုက်ဘူး။ သျှား, မန္တလေးကိုပဲပြန်လာချင်ပြီ။ မသိဘူး"

သူမအပြောလေးကြောင့် ရင်ထဲမှာ လှိုက်ခနဲနွမ်းလျသွားရပါ၏။ ခေါင်းလေးငုံ့ကာ သူ့ဘက်ကိုလှမ်းကြည့်လိုက်သဖြင့် သူသတိဝင်သွားရသည်။ ဘာတွေများပြောလိုက်ပြီလဲ။

"ရှိတယ်, ဘွားပြောမလို့လား. . . ဟုတ်"





"ကိုကို. . . ဘွားက ကိုကိုနဲ့ပြောမလို့တဲ့"

သူ အံ့ဩသွားရပါ၏။ ဘွားနှင့် တစ်ခါမှ phone မပြောဖူးဘကိုး။ phone ကိုကိုင်လိုက်စဉ် ခြေဖျားလက်ဖျားတွေက မသိသာအေးစက်လာလေ၏။

"ဟဲလို. . . ဘွား, ကျွန်တော် မိုးသန့်ဖြူပါ"

"မြေးကိုစာပြတာ ဘယ်နှနာရီထိုးသွားလို့လဲ, မြေး"

"ဟို. . . နှစ်နာရီထိုးသွားတယ်,ဘွား။ ကျွန်တော်တို့က စာမြဲမ်တ်ရောက်နေလို့ နာရီတောင် သေချာမကြည့်မိပါဘူး။ ဒီမနက်မှသနာဖြစ်တဲ့အထိ ကျွန်တော်ဘာမှန်းသေချာမသိသေးတာပါ။ အခုလေးတင် သျှား, ဘွားနဲ့ phone ပြောမှသိလိုက်ရတာ"

"မြေးတို့ကိစ္စကို မြေးဖေဖေပြောဖူးသလား"

"ဗျာ! "

"မြေးနဲ့ ဘွားမြေးရဲ့ကိစ္စလေ"

"ဟုတ်. . . ဟုတ်ကဲ့"

"မြေးဘက်က ဘယ်လိုသဘောရလဲ"

"ခင်ဗျာ"

"မြေးမှာ ချစ်ရမယ့်သူရှိနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . မရှိသေးပါဘူး"

"ဒါဖြင့် ဘွားသဘောတူတဲ့ကိစ္စကိုမငြင်းဘူးပေါ့လေ"

"ဟိုလေ"

"ဘွားက အတင်းအကျပ်ကြီးမစီစဉ်ပါဘူး။ အကယ်၍ မြေ မှာချစ်သူရှိနေရင်လည်း ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်။ ဘွား မြေးအတွက် နောက်ထပ်လျာထားတာတွေ အများကြီးရှိပါသေး တယ်။ လောလောဆယ်တော့ ဘွားမြေးကို အစ်ကိုတစ်ယောက်ဘ ညီမလေးတစ်ယောက်ကိုစောင့်ရှောက်သလို စောင့်ရှောက်ပေးပါ ဘွားမြေးစိတ်ဆင်းရဲတာကိုတော့ ဘွားမလိုချင်ဘူး. . . ဒီတစ်နှ ကျောင်းပိတ်တာနဲ့ ဘွားမြေးကို ဘွားပြန်ခေါ်လိုက်တော့မှာပါ"

"ဟုတ်ကဲ့"

"ဒါပဲနော်၊ သားငယ်တို့ဆီကို ဘွားပဲ phone ခေါ်လိုက်မယ်"

"ဟုတ်ကဲ့ ဘွား"

"ဘွားမြေးကို ချော့မော့ပြောပေးပါဦး"

"ဟုတ်ကဲ့"

သူ phone ကိုချလိုက်ပြီး မျက်နှာခပ်နွေးနွေးဖြစ်နေတာ အရင်ဆုံးမြင်ရပါ၏။ ကလေးသာသာအရွယ်လေးကို ဒီလိုစကားမျိ





တွေမပြောသင့်သေးမှန်း သူနားလည်ပါသည်လေ။

သျှားအတွက် နောက်ထပ်လျာထားတာတွေရှိသေးသည်တဲ့။ ဘယ်လိုလုပ်ရပါ့မလဲ။ သူကိုယ်တိုင် ဘာမှန်းမသိသေးသည့်အခြေ အနေမှာ ဖေဖေ့စကားကိုခေါင်းညိတ်ထောက်ခံရမှာကိုလည်း မဖြစ် ချင်။

ဒါဖြင့် ခေါင်းခါလိုက်ရင်ရော. . . မဖြစ်သေးပါဘူး. . . ဒါ ဆိုလည်း လက်ဆုပ်လက်ကိုင်ပြစရာချစ်သူဆိုတာက ရှိနေသင့်သည် လေ။

✿

"ညည်းကျပ်ကျပ်သတိထားပါ မိသျှီ။ ငါ့မြေးကို ငါတောင် သက်ဖျားနဲ့တောင် တို့ဖူးတာမဟုတ်ဘူး။ သ…ားလို့ သားအမိနှစ် ယောက်စလုံးကို အိမ်ပေါ်ခေါ်တင်ထားတဲ့ကျေးဇူးကို ဒီနည်းနဲ့ဆပ် ဖြလိုက်တာပေါ့လေ"

"မဟုတ်ပါဘူး ဘွားရယ်"

"ဘာမဟုတ်ရမှာလဲ၊ သျှားအတွက် ညည်းဘာမှပူစရာမလို



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဆုံးမစရာရှိ သူ့ဦးလေးအရင်းခေါက်ခေါက်တစ်ယောက်လုံး ရှိနေတာ သူဆုံးမမှာပေါ့"

"ခုဟာက သျှိ့ကိုခံပြောလို့"

"ပြောရင်လည်း သားငယ်တို့လင်မယားကို တိုင်ပေါ့အေ လူကြီးတွေရှိနေပါလျက်နဲ့ လက်ပါစရာလား။ ဒီမှာ, နောက်ကို ငါ့ မြေးကို ကိုယ်ထိလက်ရောက်စော်ကားဖို့မစဉ်းစားနဲ့။ ဒါ နောက် ဆုံးဖြစ်ပါစေ။ ငါ့မြေးငေ ါ ဒသားလို့ မဖြစ်သင့်တာ မဖြစ်ရအောင် ဆုံးမဖို့ သားငယ်တို့လင်မယားကိုလွှဲထားပြီးသား။ ညည်းဝင် စရာမလိုဘူး။ ညည်းသိထားဖို့က အဲဒီမြေးမိုးသန့်ဖြူနဲ့ ငါ့မြေး သဘောတူထားပြီးသားဆိုတာပဲ။ ကလေးငယ်သေးလို့ စာမေး အတွက် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ငါဖွင့်မပြောသေးတာပဲ နောက်ကို ဘာပြဿနာမှငါမကြားချင်ဘူး။ ဒါပဲ"

သျှိ အံ့ဩမှင်တက်စွာနှင့် မျက်ရည်တွေစီးကျလာပါ၏။ မြေ ချင်းတူပါလျက် မမျှတတဲ့ဘက်လိုက်မှုတွေက ဘယ်အချိန်ထိရှိနေ ဦးမှာလဲ။ မြေးဦးဖြစ်တဲ့သျှိ့အတွက်ကိုတော့ ဘွားထည့်မစဉ်းစား ပေးဘူးတဲ့လား။ တကယ်ဆို သျှိက အရင်းဆုံးအရွယ်ရောက်နေတဲ့ သူပါ။ ဒါကိုတောင်မှ သျှိ့ဘက်ကိုငဲ့မကြည့်နိုင်ဘူးပေါ့လေ။





ငယ်စဉ်ကတည်းက, ကရိကထခံပေးခဲ့ပါလျက် ဘွားဆီက ဘယ်လိုမေတ္တာမျိုးကိုမှ သျှိမရရှိလေခဲ့။ မျက်နှာသာပေးခြင်းမရှိတဲ့ ဘဝမှာ အိမ်စေသာသာအဆင့်မျိုးနဲ့ သျှိတို့သားအမိရှင်သန်ခဲ့ရ ဘာပါလေ။ အမွေဆိုတာ ဘာလဲလို့ရေရေရာရာမသိနိုင်တဲ့ဘဝမှာ မြင်နေရတဲ့စည်းစိမ်တွေကိုတော့ ခုံမင်မက်မောမိခဲ့တာပါပဲ။

အခုတစ်ခါ စမြင်လိုက်ကတည်းက စိတ်လှုပ်ရှားရင်ခုန်ခဲ့ရ တဲ့လူတစ်ယောက်ကို သျှိပိုင်ဆိုင်ခွင့် မရှိရပြန်ဘူးတဲ့လေ။ အခွင့် အရေးတွေ အများကြီးပိုသာပါလျက်နဲ့ ဘာကြောင့် သျှိ့အလှည့်ကို ရောက်ရတာလဲ။

သူ့အဝတ်တွေလျှော်ပေးတိုင်း၊ မီးပူတိုက်ပေးတိုင်း၊ သူ့အခန်း ကိုရှင်းပေးတိုင်း ကျေနပ်ပီတိဖြစ်နေမိခဲ့တဲ့အဖြစ်တွေကို ဥပေက္ခာ ပြုလိုက်ရမှာလား။

အခွင့်အရေးတစ်ခုတော့ ရစေချင်ပါတယ်။ စည်းစိမ်ဥစ္စာ တွေ မပိုင်ဆိုင်ရရင်လည်း ရှိပါစေတော့။ ဘဝမှာနေပျော်ခွင့်နဲ့ ချစ်ခွင့်တစ်ခုကိုတော့ ရင်ထဲထည့်ထားပါရစေ။

အကြိမ်ကြိမ်ရှုံးနိမ့်ခဲ့ဖူးတဲ့အရှုံးထဲမှ အနိုင်လေးတော့ တစ် ကြိမ်လေးဖြစ်ဖြစ်ရရှိချင်ပါတယ်။ အမြဲအနိုင်ရခဲ့တဲ့ဘွားရဲ့အပြုံး



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက မဲ့ပြီးဝိုတဲ့မျက်ရည်တွေကို သျှိုးဟားတိုက်ရယ်မောခွင့်
ရစေလား. . . လောကကြီးရယ်။

❖ ❖ ❖



အခန်း ( ၁၂ )

"ညီအစ်မချင်း ကိုယ်ထိလက်ရောက်ဆုံးမတာတော့ သျှိုလွန်
တယ်။ မေမေ့စိတ်ကိုသိရဲ့သားနဲ့ ခုလိုလုပ်တာတော့ ဘယ်ကောင်း
လေသမီးကြီး။ ဦးငယ်က မနက်စောစောမို့ ဘာမှမပြောဘဲနေလိုက်
တာ။ ကုမ္ပဏီရောက်တာနဲ့မေမေ့ phone က အရင်ဆုံးဝင်လာတာ
ပဲ။ ခုလိုပြဿနာဖြစ်တော့ ဦးငယ်ရော၊ အန်တီပါ မကောင်းဖြစ်
တာပေါ့"

အပေါ်ထပ်ဧည့်ခန်းမှာ ပြောနေတာမို့ သူ့မကြားရ၍တော်
ပါသေးသည်။ နို့မို့ ဘယ်လိုမျက်နှာမျိုးနှင့်များ သူ့ကိုကြည့်ရပါ့။



www.burmeseclassic.com

www.burmeseclassic.com



ဦးငယ်ရှေ့မှာ နှစ်ယောက်သား မျက်နှာငယ်လေးတွေကိုယ်စီဖြင့် ထိုင်နေမိ၏။ သျှားက သို့မျက်နှာကိုတစ်ချက်မှမကြည့်ဘဲ စားပွဲပေါ်ကိုသာ အကြည့်ပို့ထားလေသည်။

"သျှီတောင်းပန်ပါတယ်။ နောက်ကိုဒီလိုမဖြစ်စေရပါဘူး"

"သမီးငယ်ကလည်း မမကိုခွင့်လွှတ်တယ်လို့ ပြောလိုက်ပါဦးလေ"

သူမက တုတ်တုတ်မျှမလှုပ်ဘဲ တုံဏှိဘာဝေဖြင့်ထိုင်နေလေ၏။ မျက်နှာသစ်တိုင်း၊ သနပ်ခါးလူးတိုင်း ပါးပြင်ကိုစမ်းမိတိုင်း ရင်ထဲမှာနာကျင်နေမိသည်။ သူစိမ်းတစ်ယောက်က ဒီလိုပြုမူခဲ့ရင်တောင် ခွင့်လွှတ်ကောင်းခွင့်လွှတ်နိုင်ပေမယ့် ခုလိုသွေးချင်းအစ်မတစ်ယောက်ကမှ နာကျင်စေရတယ်လို့။

"သျှား"

"သျှားဘာမှမပြောချင်ဘူး ဦးငယ်"

"သမီးရယ်. . . သမီးက အငယ်ပဲ။ မမ, သမီးအပေါ်ဘယ်လောက်ထိအနိုင်တာခံခဲ့သလဲဆိုတာ သမီးအသိဆုံးမဟုတ်လား။ တစ်ကြိမ်လေး သူမှားမိတာကို ဒီလောက်ထိစိတ်ခုမနေပါနဲ့"

"သျှားစိတ်ထဲ သိပ်နာတယ်ဦးငယ်။ ဒီကိစ္စကို သျှားသေ





အထိ ဘယ်တော့မှမေ့မှာမဟုတ်ဘူး။ သျှားဘဝအတွက် တစ်သက်တာ အမှတ်ရနေမှာအမှန်ပဲ။ တကယ်တမ်းပြောရရင် သျှားလက်နဲ့ သူ့ကိုပြန်ရိုက်ရရင်တောင် မကျေဘူး။ ဘယ်တော့မှခွင့်မလွှတ်ဘူး"

သူမ ဆတ်ခနဲထရပ်ကာ လှေကားမှပြေးဆင်းခဲ့ပါ၏။ ဧည့်ခန်းမှာ phone ပြောနေသည့်သူက သူမကိုမမြင်ပါချေ။ ဘယ်သူ့ကိုများပြောနေတာပါလိမ့်။ သိချင်ပေမယ့်လည်း ဆင်ခြင်ရမည့် သတိတရားက ရင်ကိုရိုက်ခတ်လေ၏။

အိပ်ခန်းတံခါးကိုဖွင့်၍ စာကြည့်ခုံမှာထိုင်လိုက်ပါသည်။ နှစ်ကြီးရယ် အမြန်သာကုန်ပါတော့။ သျှား မမြင်ချင်တဲ့မျက်နှာကို တွေ့နေရတဲ့ဝဋ်ကလည်း အမြန်ဆုံးကျွတ်ချင်ပါပြီ။

❁

"ပြောပါ မေမေ"

"မေမေပြောတာကို သေချာနားထောင်ပါသား. . . မေမေ့ သဘောထားကတော့ သားဖေဖေနဲ့ဆန့်ကျင်ဘက်ပဲ။ မေမေ့အိမ်စည်ရဲ့မြေးသမက်ဖြစ်ခဲ့ရင်တောင် မေမေက သျှားနဲ့တော့ သဘော



www.burmeseclassic.com

www.burmeseclassic.com



မမျှစေချင်ဘူး"

"ဗျာ! "

"ဟုတ်တယ်, မိန်းမတို့ဇာတ်အပ်တဲ့ပညာမှန်သမျှ ရှိသင့်တဲ့အလှမှန်သမျှ သူ့မှာလုံးဝမရှိဘူး"

"သူက ငယ်သေးတယ်လေ မေမေရယ်"

"ဘယ့်နှယ်ကာကွယ်ပြီးပြောနေရတာလဲသားရဲ့။ မေမေမကြိုက်ဘူးဆိုတဲ့အလုပ်ကိုမှ သားကလုပ်ချင်နေပြီလား"

"မဟုတ်ပါဘူး"

"အေး. . . အထူးသဖြင့် လူကြီးသူမကို ရိုသေရမှန်းမသိတဲ့သူ့ရဲ့တစ်ဇွတ်ထိုးဉာဉ်ကိုမကြိုက်တာ။ ဘာမဟုတ်တဲ့ကိစ္စလေးကိုပုံကြီးချဲ့ပြီး အာဃာတထားတတ်တာ ဘယ်လောက်ကြောက်စရာကောင်းလိုက်သလဲ။ မျက်တောင်တစ်ဆုံးမကြည့်ဘဲ မျက်စိတစ်ဆုံးမြင်ကြည့်လိုက်ပါ သားရယ်။ ဒီလိုသေးသေးမွှားမွှားလေးကအစအမှတ်သညာရှိတတ်ရင် သားဘဝရှေ့ရေးအတွက် ရင်မောစရာပဲ"

သူဘာမှဆက်မပြောနိုင်ဘဲ မေမေပြောတာကိုသာ ငြိမ်ပြီးနားထောင်နေမိ၏။ ရင်မောစရာပဲတဲ့။ မေမေပြောတာလည်း မှန်သင့်သလောက် မှန်နေတာပါလားလေ။





"မေမေကတော့ သားနဲ့ပညာတန်းတူမတတ်တဲ့ မိန်းကလေးမျိုးကိုပဲ သဘောကျတယ်။ ဒါမှ မေမေ့ဩဇာအာဏာကို တသွေမတိမ်းနာခံမှာလေ။ မိန်းမပီပီသသနဲ့ အိမ်မှုကိစ္စနိုင်နင်းပြီး ဗိုင်းကောင်းကျောက်ဖိတတ်သိလိမ္မာတဲ့ချွေးမမျိုးကိုပဲ ရွေးစေချင်တယ်။ ဘွားစည်မြေးချင်းအတူတူသျှိနဲ့သျှားက ဆိန်နဲ့ရေလို အနှစ်သဘာဝတိုက ကွာခြားလွန်းတာလေ။ ဒါကို သားလည်းမြင်နေရမှာပါပဲ။ အဲဒီတစ်ယောက်မဟုတ်ဘဲ လူလဲလိုက်ရင် ဘွားအပြစ်ပြောမယ်မထင်ပါဘူး။ သျှိလည်း သူ့မြေးပဲဟာ။ သားနဲ့တန်းတူပညာတတ်တဲ့မိန်းကလေးမှာ မာနဆိုတာတော့ အနည်းနဲ့အများပါလာမှာပဲ။ အဲဒါကို မေမေ,မလိုချင်တာပေါ့။ သားနားလည်ရဲ့လား"

"ဟုတ်ကဲ့မေမေ"

"ဒါပဲသား. . . သျှိက အမြဲအနစ်နာခံပေး၊ အရှုံးပေးတဲ့ဘဝထဲမှာနေခဲ့ရတာမို့ သားညှာတာရမယ်၊ နားလည်ပေးရမယ်၊ အားငယ်သူကို အားပေးရမှာပဲ။ နေရာတကာသည်းခံစိတ်ရှိတဲ့သျှို့စိတ်မာတ်ကိုပဲ မေမေနှစ်သက်တာကို သားသိပါ။ ဒါပါပဲ"

ရင်ထဲမှာ နွမ်းလျစွာဖြင့် သူ phone ကို ချလိုက်ပါ၏။ မေမေက သဘောမတူဘူးတဲ့။ ဘယ်လိုလုပ်ရပါ့။ ခုချိန်ထိ ရင်ထဲမှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူမှရှိမနေသေးတာ သေချာပါလျက် သူနှလုံး ... က သူနှံဘေးနား မှာရှိနေတဲ့မိန်းကလေးသုံးယောက်ကြားမှာ ချာချာလည်မူးနေရှာ ရောလား။

အကြည်လေးကိုရော ရွေးလို့မဖြစ်ဘူးလား။ ဒါပေမဲ့ အ အရာရာဘက်စုံတော်တဲ့မာနတရားကတော့ အကြည်လေးထံမှာ နေတာပါပဲ။ ဒါပေမဲ့. . . အကြည်လေးရဲ့မိသားစုအားလုံးကတော သူကိုလိုလိုလားလားရှိကြပါတယ်လေ။ သို့သော်. . . ဖေဖေ ကအ ဘွားအိမ်စည်ရဲ့မြေးနဲ့ပဲ လက်ဆက်စေချင်တာမဟုတ်လား။ သတ် ကိုချလိုက်စဉ် ခြံထဲမှရှိုက်သံသဲ့သဲ့ထွက်လာလေ၏။

ဘယ်သူများ ငိုနေတာပါလိမ့်။ သူ ပြတင်းပေါက်လိုက်ကာ အသာလှပ်ကြည့်စဉ် ခုံပေါ်မှာထိုင်နေသည့်သျှိ့ကို လှမ်းမြင် လေ၏။ ဆံပင်စင်းစင်းလေးတွေက ညလေညှင်းကြားမှ တလူ လွင့်နေသည့်နှုယ် ကန့်ကလျရှိနေပါသည်။ သူသွားသင့်ပါသလာ ညီအစ်မနှစ်ယောက်ပြဿနာဖြစ်တာကို ပြေလည်အောင် ညှိ သင့်တာပါပဲ။ ပြီးတော့. . . မေမေ့စကားသံတွေက သူနားထဲ ပဲ့တင်ထပ်နေသည်မှာ အမှန်ပင်။

ခြံထဲဆင်းခဲ့ပြီး သျှိ့နားကိုလျှောက်လာချိန်အထိ သျှိက သ





ထားမိပါချေ။ တလိမ့်လိမ့်စီးကျလာသည့်မျက်ရည်တွေကိုသာ သုတ်မနိုင်အောင် ငိုပွဲဆင်နေသည်ကိုး။

"သျှိ"

"ဟင်! "

"ဘာဖြစ်လို့ ငိုနေရတာလဲ"

"ကို. . . ကိုသန့်. . . ညီမလေးက သျှိ့ကို ခုထိစိတ်ဆိုးမပြေ သေးဘူး။ သျှိ. . . သျှိက သူ့ကိုတမင်ရည်ရွယ်ပြီးလုပ်လိုက်မိတာ မဟုတ်ပါဘူး။ စိုးရိမ်စိတ်နဲ့ပြောတဲ့စေတနာကို စော်ကားရက်လေ ခြင်းဆိုပြီး ကရုဏာဒေါသောနဲ့ရိုက်လိုက်မိတာပါ"

"ကိုယ်နားလည်ပါတယ်"

"ငယ်ငယ်ကလေးတည်းက ညီမလေးအပေါ်မှာ အနွံတာခံ၊ အနစ်နာခံပြီးချစ်ခဲ့တာပါ ကိုသန့်ရယ်။ သူဘယ်လိုပဲဆိုးဆိုး အမြဲ ဘမ်းသည်းခံခဲ့တာပါ။ အခုကိစ္စမှာ သျှိမှားသွားမှန်းသိပါတယ်။ သူကိုလည်း သေချာတောင်းပန်နေတာပါပဲ။ အခု ဘွားသိသွား တော့ သျှိအနေရကျပ်သွားပြီလေ။ ဒီ့ထက်. . . ဒီ့ထက်ပိုဆိုးလာရင် တော့ သျှိရော သျှိ့မေမေပါ ဘွားအရိပ်ခိုနေရာက ခိုးကိုးရာမဲ့ဘဝ ကို. . ."



www.burmeseclassic.com

www.burmeseclassic.com



သျှီက ထိန်းထားလျက်မှ မျက်ရည်တွေသွန်ချလိုက်ပြန်သဖြင့် သူအတော်လေးစိတ်မကောင်းဖြစ်သွားပြီး သျှီ့လက်ဖျားလေးကို ဆုပ်ကိုင်လိုက်မိပါသည်။

"မငိုပါနဲ့ . . . သျှီရယ်။ ဒီအထိဖြစ်လာရင်လည်း အကြောင်းရင်းမှန်ကို ကိုယ်ပါ ဘွားကိုရှင်းပြပေးမှာပေါ့။ ဒီလောက်ထိစိုးရိမ်မနေပါနဲ့"

"ဘွားက သူ့မြေးမှသူ့မြေး . . . ကိုသန့်ရဲ့"

"ကိုယ်သိပါတယ် . . . စိတ်ပူမနေနဲ့တော့"

"သျှီ့ ညီမလေးမုန်းတာကို မခံချင်လို့ပါ"

"သူ သျှီ့ကိုမမုန်းပါဘူး . . . ကလေးဆိုတော့ ဒီလိုပဲ၊ ခုစိတ်ကောက်၊ ခုစိတ်ပြေပေါ့။ ပြီးတော့ သျှားအကြောင်းကို သျှီအသိဆုံးပဲဟာ။ နောက်တော့လည်း သူစိတ်ပြေသွားမှာပါ"

သူ့ကိုမော့ကြည့်လာသည့်မျက်ဝန်းလဲ့လဲ့လေးတွေကို ကရုဏာသက်စွာဖြင့် ပြန်ငုံ့ကြည့်နေမိသည်။ လှလိုက်တာ . . . ငိုနေတာတောင်မှ ဒီမျက်နှာလေးက လှနေတာပါလား။ သျှားနှင့်ခပ်ဆင်ဆင်ပေမယ့် လှပလွန်းသည့်အစိတ်အပိုင်းတွေက သူ့နေရာနှင့်သူ သျှီ့မျက်နှာထက်မှာ ရှိနေသည်လေ။





"သျှီက ကိုယ့်ဘဝကိုယ်သိပါတယ်။ ဘွားရဲ့မြေးဦးဖြစ်ပေမယ့် ဖေဖေက ဘွားသဘောမတူတဲ့မေမေ့ကိုရွေးခဲ့တာမို့ ခုချိန်ထိအနှိမ်ခံဘဝနဲ့နေခဲ့ရတာပါ။ မေမေကိုယ်တိုင်ကိုက ဘွားရဲ့မေတ္တာကို တစ်နေ့ရနိုးနဲ့မျှော်လင့်ပြီး ဘွားကို ဒီနေ့အထိပြုစုပေးနေတာပါ။ မေတ္တာတစ်ခုကလွဲပြီး ဘာအမွေကိုမှ သျှီတို့မမက်မောတာကို ဘွားသိစေချင်ပါတယ်။ သျှားအပေါ်မှာ မနာလို မစ္ဆရိယစိတ်မျိုးမထားဘဲ စေတနာမေတ္တာသန့်သန့်နဲ့ချစ်ခင်ခဲ့တာကို သိစေချင်လိုက်တာ ကိုသန့်ရယ်"

"သျှားရယ် . . . တိတ်ပါတော့"

"ကိုသန့်လည်း သျှီ့ကိုအဆင့်မတူလို့ မရင်းနှီးချင်ဘူးလို့ယူဆပြီး သျှီအတတ်နိုင်ဆုံး သီးသီးသန့်သန့်လေးနေပေးခဲ့တာပါ။ ဘာမဆိုအလိုက်တသိလုပ်ပေးခဲ့တာ စေတနာသက်သက်ပါပဲ။ သျှီ ဘာကိုမှမမျှော်ကိုးခဲ့ပါဘူး။ ဒါကို, ကိုသန့်နားလည်ပေးစေချင်ပါ တယ်ရှင်"

သူ့ရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ မျက်ရည်တွေ ဖြေမဆည်နိုင်အောင် တပေါက်ပေါက်ကျနေသည့်ပါးပြင်နုနုထက် လက်ထိုးက မရည်ရွယ်ပါဘဲ ရောက်သွားရလေ၏။ တယုတယသုတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်သူ့ကို မျက်ဝန်းလဲ့လဲ့လေးတွေက ပြန်ကြည့်လာလေသည်။

"သျှိ"

"ရှင်"

"ကိုယ်. . . သျှိ့ကို"

သူ့စကားတစ်ဝက်မှာ ကန့်လန့်ကာချသွားသည့် မျက်တောင်ကော့လေးများ၊ နောက်. . . ပန်းရောင်သန်းသွားသည့်ပါးပြင်မို့မို့၊ ရင်ခွင်ထဲထွေးပွေ့လိုက်မိတာကို သျှိက မရုန်းဖယ်ပါချေ။ ဒါဟာ အချစ်ပေပဲလား။ ဘာမှ သူသေချာမသိသေးပါ။ ရင်ထဲမှာ နွမ်းလျှခြင်းနှင့် ကရုဏာယိုဖိတ်လာခြင်း၏တွန်းအားက သျှိနှင့်အနီးဆုံးသို့ သူ့ကိုတွန်းပို့လိုက်လေပြီကော။

ပြတင်းတံခါးကိုပိတ်ရန်လုပ်လိုက်စဉ် လရောင်အောက်မှာ ပူးကပ်စွာရပ်နေသည့်လူနှစ်ယောက်ကို မြင်လိုက်ရပါ၏။

ဘုရားရေ. . . ဒါ. . . ဒါ. . . မမနဲ့ကိုကိုပါလား။ ဘယ်လိုများဖြစ်ကုန်တာပါလိမ့်။ ပြောတော့ဖြင့် ညအချိန်မတော်ကြီး နှစ်ယောက်တည်းရှိတာ မသင့်တော်ဘူးဆို။ ခုလိုအခြေအနေမျိုးဖြစ်နေတာကိုကျ အန်တီက မတားမြစ်ဘူးလား။ မမကရော မဆင်ခြင်ဘူးတဲ့လား။





တံခါးကိုဆွဲပိတ်ကာ ကတုန်ကရီဖြင့် မတ်တတ်ရပ်နေမိ၏။ ြင်ထက် လက်ဝါးဖြင့်စမ်းမိစဉ် ရင်ထဲမှာ နာနာကျင်ကျင်လေး ာင့်သက်သွားရလေသည်။ ဒီပါးပြင်ကို သူက နမ်းရှိုက်ခဲ့ဖူးတာ။ ပြင်ကိုပဲ မမက ဒဏ်ခတ်ပေးခဲ့တာလေ။

လက်စသတ်တော့ ဒါကြောင့် သျှားအရိုက်ခံရတာကိုး။ မမ ယ်. . . ကိုကိုနဲ့ချစ်သူတွေဖြစ်နေတယ်ဆိုရင်လည်း သျှားကိုပွင့် ်လင်းလင်းပြောပြသင့်တာပေါ့။ ခုချိန်ထိ ကိုကိုနဲ့ သျှားတို့ကြား နိုးသားဖြူစင်မှုကလွဲပြီး တခြားဘာအရောင်မှ ရှိမနေတာအမှန် သျှားကိုများ. . . သျှားကိုများ. . . ကြားထဲက လုယူတတ်တဲ့လူ မမယူဆထားလေသလား။

ရှက်ဖို့ကောင်းလိုက်တာ။ အချစ်အတွက်နဲ့များ သွေးရင်းညီမ ကိုယ်ထိလက်ရောက်နှိပ်စက်ရက်သတဲ့။ မထင်ခဲ့မိပါဘူး။ ကိုကို မမကို ဒီအဆင့်ရောက်နေလိမ့်မယ်လို့လေ။ သျှားသတိထားမိ သလောက် သျှားရှေ့မှာ ကိုကို့ရဲ့ရိုးသားမှုတွေကိုသာ မြင်တွေ့နေခဲ့ တာကိုး။

အနိုင်ယူခဲ့ပါတယ်။ ဟိုးငယ်စဉ်ကလေးဘဝကတည်းကပါ။ ဒါငယ်ရွယ်တဲ့က းစိတ်သက်သက်နဲ့ပါမမရယ်။ မမထင်သလို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ယုတ်စိတ်ညံ့မျိုး သျှားဆီမှာ ရှိမနေပါဘူး။ ပကတိအဖြူထည် စိတ်လေးနဲ့ ဆိုးခွင့်ရတိုင်း ဆိုးခဲ့မိတာပါ။ ဘယ်လိုအငြိုး၊ ဘယ်လို အာဃာတမျိုးမှ သျှား,မမွေးခဲ့ပါဘူး။

အမြဲအနိုင်ရခဲ့တဲ့လူကို ဒီတစ်ချီတည်းနဲ့ မမအလဲထိုးနိုင်ခဲ့ ပါတယ်။ ဒါပေမဲ့. . . သျှားသိနေပါတယ်မမရယ်။ သျှားနဲ့ပတ်သက် ပြီး မမဘက်က မဖြူစင်တော့ဘူးဆိုတာကိုပေါ့။ ညီအစ်မချင်း ပွင့် လင်းသင့်သလောက် ပွင့်လင်းစွာပြောနိုင်ပါလျက် ဦးငယ်တို့မသိ အောင်ပါ မမလျှို့ဝှက်စွာ လုပ်ဆောင်တတ်နေပြီလေ။

ကလေးတဲ့. . . ဟုတ်ပါတယ်။ သျှားက တကယ့်ကလေးသား သာအရွယ်လေးပါ။ ဒါပေမဲ့ အဲဒီကလေးလေးရဲ့ရင်ထဲမှာ ခံစား တတ်တဲ့နှလုံးသားတစ်ခု ရှိနေတယ်ဆိုတာပါပဲ။ ပါးပြင်ပေါ်က ရိုက် ရတဲ့ဒဏ်ရာနှစ်ခုထက် ရင်ထဲကဒဏ်ရာကပိုပြီး အခံရခက်စေတာ အမှန်ပါ။ ကလေးတစ်ယောက်ကိုပေးခဲ့တဲ့ဝေဒနာက မတန်တဆ တနင့်တပိုးကြီးပါလားကွယ်။

ဆိုးမိခဲ့တာ အပြစ်လား။ ဒါတွေကိုကျေလည်အောင် သျှား မရှင်းနိုင်တော့ပါဘူး။ အနိုင်ယူလိုသူရဲ့နှလုံးသားကို တစ်ချီလေး တော့ အရှုံးဆိုတာ ဝင်တတ်စမြဲဆိုတာကို သျှားသိလိုက်ပါပြီ။





ဒီပွဲမှာ သျှားကို မမနိုင်ပါတယ်။ တစ်ဘဝစာအတွက် အနိုင် ရလိုက်တာပါလေ။ သျှားက မမလိုဟန်မဆောင်တတ်ဘူး။ မာယာ မများတတ်ဘူး။ မူယာမပိုတတ်ဘူး။ ရင်ထဲရှိတဲ့အတိုင်း ဟောဟော ဒိုင်းဒိုင်းပြောချတတ်တာ အပြစ်လို့ဆိုရင်လည်း ခံယူရုံပါပဲ။

ပြီးတော့. . . သျှားက မမလိုအဘက်ဘက်ကပြည့်စုံပြီး တန် ဖိုးရှိတဲ့မိန်းကလေးမျိုးလည်း မဟုတ်ပါဘူး။ ဒီလိုမိန်းကလေးမျိုးကို ဘယ်သူကမှ အလေးပေးတန်ဖိုးထားနိုင်မှာမဟုတ်မှန်း သျှားသိ နေပါတယ်။ ဒါပေမဲ့ ကိုကိုအလေးပေးတာကိုတော့ ခံယူချင်နေမိ တာ ဘာကြောင့်လဲ။

ဖြိုးနဲ့ရင်းနှီးစွာဆက်ဆံတာမှန်ပေမယ့် ကိုကို့အပြုံးကိုသာ သျှားမြင်ချင်ခဲ့တာ။ ကိုကိုခပ်ဖွဖွထုတဲ့လက်သီးဆုပ်လေးကို သျှား မျှော်လင့်ခဲ့မိတာလေ။ မတည့်တုန်းက မျက်မှောင်ကြုတ်ကြည့်ခဲ့တဲ့ မျက်ဝန်းနက်တွေကို ဒေါသဖြစ်တတ်နေရာက အမြဲအမှတ်ရနေခဲ့ ရတာကရော ဘာကြောင့်များပါလဲ။

ပါးပြင်ထက် ပူနွေးသွားတာကြောင့် လက်ဝါးဖြင့်စမ်းမိစဉ် မျက်ရည်တွေကိုမြင်လိုက်ရပါ၏။ သျှားဘဝမှာ ဒီလိုတစ်ခါမှ မျက် ရည်ကျခဲ့တာမျိုး မရှိခဲ့ပါ။ အခုတော့ ပထမအကြိမ်ရော ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ပါ မျက်ရည်တွေကျနေခဲ့ရပြီလေ။

မမကြောင့်. . . ပြီးတော့. . . ကိုကိုကြောင့်ပါပေါ့။ ညဉ့်ယံမှာရှိုက်သံနှင့်အတူ ရယ်သံသဲ့သဲ့မှုထွက်လာလေ၏။ အချစ်ဆိုတာကို ဘာမှန်းသေသေချာချာပင် မသိရသေးခင်မှာ သူမရင်ထဲက အချစ်သစ်ပင်ကို အမြစ်ကနေဆွဲနှုတ်သတ်ပစ်ခြင်းခံလိုက်ရတာကိုတော့ သူမကိုယ်တိုင်ပဲ သိနိုင်ပါတော့တယ်လေ။

❁ ❁ ❁





*Nothing but the heart*
*can change the heart.*
*( Carroll O' Connor )*

အသည်းနှလုံးကိုပြောင်းလဲအောင်လုပ်နိုင်တာ၊
အသည်းနှလုံးကလွဲလို့ တခြားဘာမှမရှိပါဘူး။
( ကာရိုးလ် အိုကော်နိုနာ)

www.burmeseclassic.com



# ညီမလေးတဲ့လားကွယ်

## အခန်း ( ၁၃ )

"သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီ"

"ဘယ်လို"

"ဟုတ်တယ်, ဒါကြောင့် ငါ့ပါးကို သူရိုက်ခဲ့တာပေါ့။ ငါရင်နာလို့မဆုံးဘူး။ အသားနာတာထက် ရင်ထဲမှာ ပိုနာတယ်။ သူတို့နှစ်ယောက်ချစ်သူတွေဖြစ်နေတာကို သျှားမှမသိခဲ့ဘဲ။ သျှားသိအောင်လည်း သူတို့က ပွင့်ပွင့်လင်းလင်းမှမပြောခဲ့တာ။ ခုတော့. . . ခုတော့. . . သျှားမှာ အသားထက်ပိုနာတဲ့ရင်တွင်းဒဏ်ရာကို အရှုံးအလဲနဲ့ခံစားနေရပြီ။ အဲဒါအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝဲတက်လာသည့်မျက်ရည်တို့ကို မျ... တောင်တဖျတ်ဖျတ်ခတ်သိမ်းလျက် နှာကျင်စွာပြုံးလိုက်မိ၏။ ဖြိုးက သူမ၏လက်ဖျားကိုဆုပ်ညှစ်လိုက်လေသည်။

ရွှေတူရူဆီမှာရှိနေသည့် ရေကူးကန်နံဘေးမှ ရေပန်းလေးမှ ရေမှုန်ရေမွှားလေးတွေကို အငေးသားကြည့်နေမိ၏။ လွတ်လပ်စွာ ပေါက်ကွဲအော်ဟစ်ချင်စိတ်ကို မျိုချနေရတာလောက် အခံရခက်တာမရှိတော့ပါလား။ အရွယ်ရောက်ခါစ မိန်းကလေးတစ်ယောက်ရဲ့အိပ်မက်အစဟာ ဒီလိုထိခိုက်ကြေကွဲစရာကောင်းနေလိမ့်မည်ဟု ထင်မှမထင်ခဲ့မိဘဲလေ။

"ပသျှား. . . ငါပြောရင် နင်စိတ်ဆိုးမှာလား"

". . ."

"နင်. . . နင်. . . အစ်ကို့ကိုမျှား ချစ်မိနေလားဟင်"

သူမ အက်ကွဲစွာဖြင့် ရယ်မောလိုက်မိလေ၏။ ချစ်မိနေလားတဲ့။ သျှားကိုမေးနေပြီ. . . ကိုကိုရယ်။ သျှား ဘယ်လိုဖြေရမှာလဲ၊ အချစ်ဆိုတဲ့သင်ခန်းစာကို မာတိကာလေးတောင် လှန်ပြီးမဖတ်တတ်သေးတဲ့အရွယ်လေးပါ။ ချိုသလား၊ ခါးသလား၊ သျှားမသိသေးဘူး။ လှသလား၊ အကျည်းတန်လား၊ သျှားမပိုင်းခြားတတ်သေး





တာအမှန်ပါ။

"ငါ နင့်ရင်ထဲကိုမြင်နေရတယ် ပသျှားရယ်။ နင်နဲ့ထပ်တူ ငါလည်း ကြေကွဲခံစားနေရတာအမှန်ပါ။ ငါက. . . ငါက. . . အချစ်ဆိုတာကိုခံစားနေခဲ့ရတာ ကြာခဲ့ပါပြီ။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းကပေါ့"

သူမ, ဖြိုးကိုငုံ့ကြည့်တော့ ဖြိုးက ကြေကွဲစွာဖြင့် ပြုံးပြလိုက်လေသည်။ ဘုရားရေ! ဖြိုးက အချစ်ဆိုတာကို ခံစားသိရှိဖူးပြီးပြီတဲ့လား။ အံ့သြစရာပဲ။ သူမ မတတ်မြောက်သေးတဲ့ဘာသာရပ်ကို ဖြိုး ဘယ်အချိန်ကတည်းက ခံစားသိရှိခဲ့တာပါလိမ့်။

"အချစ်ဆိုတာ သူ့မျက်နှာအရိပ်အကဲကို အမြဲမပြတ်ကြည့်နေဖို့ ရင်ထဲကစကားတွေကို မျက်ဝန်းတွေကတစ်ဆင့် ဘာသာပြန်တတ်ဖို့ သူ့မျက်တောင်အခတ်ကို စောင့်ကြည့်ရင်ခုန်ဖို့ သူ့ရဲ့အပြုံးတွေကို အိပ်မက်တွေထဲထိရောက်အောင် ဖမ်းဆုပ်ပုံဖော်ဖို့ သင်ပေးတဲ့သင်ခန်းစာတစ်ခုပါပဲ"

ပြောတတ်လိုက်တာ. . . ဖြိုးရယ်။ ဘယ်တုန်းကတည်းက သင်ထားခဲ့တာလဲ။ သျှားက အခုလို ဖြိုးပြောသလိုမျိုး စကားလှလှလေးတွေ စီမပြတတ်ဘူး။ စိတ်ဝင်စားစရာကောင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပုံမဖော်တတ်ဘူး။ ချစ်ခြင်းနဲ့ပတ်သက်ရင် ပျှား၊၊ အညံ့
ကျောင်းသူတစ်ယောက်ပါလေ။

"ကိုယ်ကချစ်နေတာကို ဖွင့်မပြောရဲဘဲ မျိုသိပ်ထားရ
လောက် ခံရခက်တာမရှိတော့ဘူး။ အသက်၊ အရွယ်၊ အတန်းပညာ
ရဲ့နှငယ်ခြင်းတွေကိုငဲ့ညှာပြီး. . . မပြောသင့်သေးဘူးဆိုတဲ့အရ
တံခါးတစ်ချပ်အဖြစ် နှလုံးသားကို ကာဆီးပိတ်ဆို့ကွယ်ထားတ
လေ"

". . ."

"ရှိလက်စသံယောဇဉ်လေး ပြတ်တောက်ပျောက်ဆုံးသွား
ကို စိတ္တဇရောဂါတစ်ခုအဖြစ် ငါ့ကို တစ္ဆေတစ်ကောင်လို ခြော
လှန့်နေခဲ့တာကြာပြီ။ ဘာပဲဖြစ်ဖြစ် ငါ့ဆီမှာ သူ့အတွက် မျှော်မှ
ထားတဲ့ရည်ရွယ်ချက်တွေ အများကြီးရှိနေတာတော့ အသေအချ
ပါပဲ။ သူပြုံးရင် ငါပျော်တယ်။ သူမဲ့ရင် ငါပါ အလိုလိုငိုချင်လာ
နှစ်ကိုယ့်တစ်စိတ်ခံစားမှုဟာ အချစ်မဟုတ်လို့ ဘာဖြစ်ရမှာတဲ့
"နင်, သူ့ကိုတော်တော်လေးချစ်တာပဲနော်"
"လေးနက်ခြင်းအပြည့်နဲ့ပါ ပသျှားရယ်"
သူမငြိမ်သက်စွာဖြင့် ခုံတန်းမှာထိုင်နေမိ၏။ ဖြိုးချစ်နေ





ဘယ်သူလဲဟု မေးခွန်းမထုတ်တော့ပါလေ။ အချစ်ဆိုတာ ဘယ်လို
ပဲလို့မြည်းစမ်းမကြည့်ရဲတော့တာပါ။ မီးကိုမဆော့ရ ပိတ်ပင်ထား
ါလျက် ဇွတ်ကိုင်ခဲ့မိတဲ့ မသိနားမလည်သေးတဲ့ကလေးလေးတစ်
ယောက်နဲ့ သူမ တူနေလေပြီလား။

"မမလည်း ဒီကိစ္စကိုသိသွားရင် ရင်ကွဲမှာသေချာတယ်"
"ဘယ်လို"
"ဟုတ်တယ်၊ မမက အစ်ကို့ကိုစိတ်ဝင်စားနေတာဟ။ အစ
ာ မာနလေးတင်းခံနေပြီး သူ့ကိုယ်သူသိပ်ဟုတ်နေပြီလို့ထင်ထား
သမျှ အစ်ကိုနဲ့လည်းတွေ့ရော ရေစုန်မျောတော့တာပဲ"
"တကယ်ပဲ"
"အေး, မာလှပါပြီဆိုတဲ့သူ့အသည်း အစ်ကို့ကြောင့် အရည်
ပျော်လာမှပဲ"
"ငါစိတ်မကောင်းပါဘူးဟယ်။ တကယ်ဆို မမအကြည်လေး
ဲ့ကိုကိုက ရွေ့သွားနောက်လိုက်ညီတဲ့လူနှစ်ယောက်ပါ။ ရည်မှန်း
ချက်ချင်းလည်းတူ၊ သူငယ်ချင်းလည်းဖြစ်တော့ ပိုလည်းအဆင်ပြေ
ဘာပေါ့"
"သူငယ်ချင်းဖြစ်တိုင်းလည်း ချစ်သူတွေဖြစ်မလာနိုင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ပသျှားရာ”

“ငါက သဘောအဖြစ်ပြောတာပါ. . . ဖြိုးရယ်။ အခုချိန်ကျ
မှ ဘာလုပ်လို့ရတော့မှာလဲ။ ငါကတော့ ဘွားစိတ်ဆိုးမှာကိုပဲ စိုးရိမ်
တာပါ။ ဘွားက ကိုကို့ကိုသိပ်ချစ်တာ။ ကိုကို့ဖေဖေနဲ့ ငါ့ဖေဖေ
သိပ်ချစ်ကြတဲ့ ငယ်သူငယ်ချင်းတွေလေ။ သားသုံးယောက်ထဲမှာ
အလတ်ဖြစ်တဲ့ဖေဖေ့ကို ဘွားက အချစ်ဆုံးဖြစ်သလို ကိုကို့ဖေဖေ
လည်း သားနဲ့မခြားချစ်ခဲ့တာပါပဲ။ ငါငယ်ငယ်က ဖေဖေနဲ့လေ
လေးကုတ်ပေါ် တစ်လှည့်စီစီးခဲ့တာပါ။ လေးလေးကလည်း ငါ့
သိပ်ချစ်တာဟ။ ဘဘက ဘွားသဘောမတူတဲ့ကြီးမေနဲ့ ယူသွား
စိတ်ဆိုးပြီး အမွေဖြတ်ထားခဲ့တာကြာပြီ။ မမကိုမွေးတော့ အဖေ
လေးဒုက္ခရောက်မှန်းသိမှ ပြန်ခေါ်လိုက်တာ။ အဲဒီလိုခေါ်လိုက်ပြီး
ဖေဖေနဲ့အတူ ကုန်ကူးရင်းသေကြတာဆိုတော့ ဘွား အရမ်းကိုစိ
ထိခိုက်သွားတာအမှန်ပဲ။ အဲဒါ သျှိကြောင့်ဆိုတဲ့အစွဲကြီးက ဒီနေ့
ဖျက်လို့မရတော့တဲ့အထိပေါ့။ မလွှဲသာလွန်းလို့ လက်ခံထားပေမယ့်
တစ်ခါမှမျက်နှာသာပေးခဲ့တာမျိုးမရှိခဲ့ဘူး။ အခုတော့ ဘွားသိ
ချစ်တဲ့ကိုကိုနဲ့ သူချစ်နေတာကိုများသိသွားရင်. . . အင်း. . . သျှာ
တော့ မတွေးရဲလောက်အောင်ပါပဲ။ ရင်တွေပူလိုက်တာနော်”





လွှမ်းလွှမ်းဆွေးဆွေးလေးပြောနေသည့်သျှားကိုကြည့်ရင်း ဖြိုး မျက်ရည်တို့ဝဲလာရပါ၏။ ဩော်. . . သျှားရယ်၊ နင့်ရင်ထဲ ဘာတွေဖြစ်နေသလဲဆိုတာကို ငါသိနေပါတယ်။ ဘေးနားမှာ အသင့်ရှိနေတဲ့ငါ့ကိုတော့ ဂရုမထားဘဲ အစ်ကို့ကိုမှ တမ်းတနေသတဲ့လား။

နင့်ကိုချစ်မိနေတဲ့ ငါ့အချစ်တွေကို ဥပေက္ခာပြုနေပြီး အစ်ကို့ချစ်ခြင်းတွေကိုမှ လိုချင်သတဲ့. . . သျှားရယ်. . . ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုသာ ဦးစားမပေးသင့်ဘူးလား။ တကယ်ဆို နင့်ကို ငါချစ်နေခဲ့မိတာ နှစ်ပေါင်းများစွာကြာနေပါပြီလေ။

“ငါပြန်တော့မယ်”

“နေဦးလေ. . . ပြန်ပို့ပေးမှာပေါ့ ပသျှားရဲ့”

“ဘီးပါတာပဲ. . . ကဖြိုးရဲ့။ နေပါစေ”

သူမ ခုံတန်းပေါ်မှထရပ်လိုက်စဉ် ခြံထဲသို့ မမတို့ကားလေး ဝင်လာလေ၏။ သူရောမမပါ ကားပေါ်မှဆင်းတော့ သူမက စက်ဘီးပေါ်ရောက်နေလေပြီ။

“ကိုသန့်ကိုခေါ်မသွားတော့ဘူးလား သျှား”

“ဟင့်အင်း”

“ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကမမရဲ့နောက်တစ်ခါ ထပ်ရိုက်တာကို မလိုချင်လို့ပေါ့ မမရဲ့"

"ဟဲ့"

အကြည်လေးက အားနာ၍ ဝင်ဟန့်လိုက်သော်လည်း သူ့မျက်နှာ ကွက်ခနဲပျက်သွားတာကိုတော့ မြင်ဖြစ်အောင် မြင်လိုက်ပါသည်။ ဘာများပြဿနာထပ်ဖြစ်ထားကြပြန်ပါလိမ့်။

"သျှားကလည်း အဲဒီလိုမပြောရဘူးလေ"

"သျှားသိပါတယ်မမရယ်။ အနိုင်ယူလိုသူမှာလည်း အရှုံးဆိုတာရှိနိုင်မှန်း သျှားတကယ်မသိခဲ့ရိုးအမှန်ပါ။ အင်းပေါ့လေ... လဲနေသူထူပေးပါ၊ အားငယ်သူအားပေးပါဆိုတာတွေကို ငယ်ငယ်ကတည်းက သျှားသင်ခဲ့ရတာပဲဟာ။ ဒါပေမဲ့... ကံကြမ္မာကိုတော့ သျှားတို့ တမင်ဖန်တီးယူလို့မရပါဘူး။ အရေးကြီးတာက သျှားရဲ့ရည်မှန်းချက်မပျောက်ဖို့နဲ့ ဘွားရဲ့ဆန္ဒပြည့်ဖို့တစ်ခုပါပဲ။ ဒီနှစ်စာမေးပွဲပြီးရင် ဘွားဆီ သျှားပြန်မှာ။ နောက်မှပြန်လာချင်လည်း ပြန်လာမယ်။ ဒါမှမဟုတ် ပြန်လာချင်မှလည်းပြန်လာမှာလေ။ သွားပြီ... မမရေ့။ သွားပြီ... ကဖြိုး"

"အေး"





သူပြောတာကို အကြည်လေးက ဘာမှန်းသေချာမသိသော်လည်း သူကတော့ ကောင်းကောင်းကြီးရိပ်မိနေပါသည်။ ကြည့်စမ်း! သူနဲ့သျှိချစ်သူတွေဖြစ်သွားတာကို ဒီကောင်မလေးဘယ်လိုသိသွားတာပါလိမ့်။ ကလေးတစ်ယောက်လိုမဟုတ်တဲ့စကားလုံးမျိုးတွေကို ညာသားပါပါပြောသွားလိုက်တာမှ ဖြူးနေတာပဲပါလား။ သူဆုံးဖြတ်တာမှန်မမှန်ကိုတောင် သူကိုယ်သူမရေရာဘဲ တွေဝေနေမိတာက အခုချိန်ထိပင်။

ဖေဖေ့စကားကိုနာခံရမှာကို ဘာကြောင့် တုံ့ဆိုင်းနေရသလဲဆိုတာ သူကိုယ်သူသာ သိနိုင်သည်လေ။ အထူးသဖြင့် မေမေ့ကိုသိပ်ချစ်သည့်သားပီပီ မေမေစိတ်ချမ်းသာစေချင်တာကို ဦးစားပေးမိတာ မှားများသွားပြီလား။ တစ်ဖက်နဲ့တစ်ဖက် လွန်ဆွဲသည့်ပွဲမှာ မမျှတလွန်းရာမှ အားနည်းသည့်ဘက် သူပါသွားတာ တရားတာပါလေ။ ရင်ဆိုင်တွေ့ကြုံရမယ့်ပြဿနာတွေက တော်တော်များမည်မှန်း သူသိနေပါ၏။

"သျှားပြောသွားတာတွေကို အကြည်လေးတစ်ခုမှနားမလည်ဘူး ကိုသန့်ရယ်။ ဘာကိုဆိုလိုတာလဲဟင်"

"သျှိကိုပြောတာပါ အကြည်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ညီအစ်မနှစ်ယောက် ခုထိမပြေလည်ကြသေးဘူးလား"

"သျှီက တောင်းပန်ဆဲ၊ စကားလိုက်ပြောဆဲပါ အကြည်လေးရဲ့။ သျှားကသာ ရန်သူတစ်ယောက်လိုကြီး ဆက်ဆံနေတာ။ သျှီ သနားပါတယ်။ နေ့တိုင်းမျက်ရည်ကျနေရှာတယ်လေ။ အခုဆို သျှားက သျှီ့ သူ့အခန်းထဲဝင်တာရော၊ အဝတ်လျှော်ပေးတာတွေပါ လက်မခံတော့ဘူး။ သျှီချက်ကျွေးတာတွေကိုတောင် စားချင်တာမဟုတ်ဘူး။ breakfast ဆိုလည်း အိမ်မှာမစားဘဲ အကြည်လေးတို့အိမ်မှာပဲ စားတာကြည့်။ ညဘက်စာကျက်တာ ညဉ့်နက်လို့ နို့မှုန့်တွေဘာတွေဖျော်တိုက်တာကိုတောင်မသောက်ဘဲ ဒီအတိုင်းသွန်ပစ်ရတာလည်း အကြိမ်ကြိမ်ပဲ"

"ဖြစ်ရလေ. . . သျှားက တစ်ခါမှ ဒီလောက်ထိ တစ်ခါမှစိတ်မကောက်ဖူးပါဘူး။ ခဏလေးနဲ့ စိတ်ပြေတတ်တဲ့ကလေးပါ။ ကိုသန့်ကြားကဝင်ပြောပေးတာတောင်မှ စိတ်မပြေနိုင်သေးဘူးပေါ့လေ"

"ကိုယ်ကတော့ ကိုယ့်ကြောင့်လို့ပဲထင်တယ်"

"ဟင်! "

"ဟုတ်တယ်။ ကိုယ်. . . ကိုယ်. . . သျှီနဲ့ချစ်သူတွေဖြစ်သွား





ဘာကိုး"

"ဘာရယ်"

အကြည်လေးက အံ့ဩမှင်တက်စွာဖြင့် သူ့ကိုမော့ကြည့်လိုက်ပါ၏။ ဘုရားရေ! သူနဲ့. . . သူနဲ့. . . သျှီတို့ချစ်သူတွေဖြစ်သွားကြပြီဆိုပါလား။

ရက်စက်လိုက်တာ ကိုသန့်ရယ်။ အကြည်လေးစိတ်ပူထားတဲ့အတိုင်း တကယ်ဖြစ်လာတာပါလား။ သျှီက အကြည်လေးထက် ဘာတစ်ခုများ သာလွန်နေလို့လဲ။ အကြည်လေးထက် ထူးခြားတာဆိုလို့ သျှီ့ထံမှာ ဆံပင်စင်းစင်းရှည်ရှည်လေးတွေသာ ရှိတာလေ။ ယောကျ်ားလေးအများစုကို ရင်ခုန်စိတ်လှုပ်ရှားစေတယ်ဆိုတဲ့ ဆံနွယ်တွေကို ပိုင်ဆိုင်ထားလို့များ သျှီ့ကိုရွေးချယ်လိုက်လေသလား။

"ကိုယ်, သျှီ့ကိုသနားသွားမိတာပါ။ သျှားအပေါ် အနစ်နာခံပြီး အစစအရာရာလုပ်ပေးနေပါလျက် မျက်နှာပေးခြင်းမခံရလို့ အမြဲအားငယ်နေတဲ့ကောင်မလေးကို ကိုယ်အလေးသာပေးလိုက်မိတာ မှားသွားလားဟင်"

ပျက်ယွင်းသွားသည့်မျက်နှာကို အရင်ဆုံးပြင်ရပါ၏။ မာနတွေ တင်းထားပါရစေဦး။ တစ်သက်လုံးထိန်းနိုင်ခဲ့တဲ့မာနတွေကို



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့တွေ့ချိန်ကျမှ အရည်ပျော်ကျခဲ့ရတာ နှမြောလိုက်တာနော်။ ရှက်ဖို့ကောင်းလိုက်တာ။ အကြည်လေးချစ်နေမိတာကို သူမသိနိုင်ခဲ့တာ အံ့ဩစရာပါပဲ။ သူငယ်ချင်းတွေကရိပ်မိပြီး မကြားတကြားစနောက်နေတာကို ကျေနပ်ပျော်ရွှင်ခဲ့သမျှ အကျနာရပါပြီကောကိုသန့်ရယ်။ လုပ်ရက်လိုက်တာရှင်။

"သနားတယ်ဆိုတာ အချစ်မှမဟုတ်ဘဲကိုသန့်ရဲ့"

"ဘယ်လို"

"အချစ်ဆိုတာနဲ့ သနားတာက တခြားဆီ၊ တစ်ကဏ္ဍဆီပါလေ။ အကြည်လေး အတော့်ကိုအံ့ဩသွားတာအမှန်ပဲ။ ဒီလပိုင်းအတွင်းလေးမှာ ကိုသန့်, သျှိုကိုချစ်သွားလိမ့်မယ်လို့ ထင်မထားမိဘူး. . . သူငယ်ချင်းတစ်ယောက်ရဲ့သံယောဇဉ်နဲ့ပြောရရင်တော့ အကြည်လေး, ကိုသန့်ကို နှမြောမိတာပဲ။ သျှိုဆိုတာ သျှားနဲ့အရာရာဆန့်ကျင်ဘက်မိန်းကလေးတစ်ယောက်လေ။ သူ့စိတ်ထဲကိုမြင်ရဖို့ သူ့မျက်လုံးတွေကိုကြည့်ရုံနဲ့ သိသာစေတယ်. . . သျှားက ဖြူစင်သလောက် သျှိုကကောက်ကျစ်တယ်။ သျှားဆီမှာ အနိုင်ယူလိုစိတ်ရှိတာ ကလေးတစ်ယောက်ရဲ့စိတ်သက်သက်ပါပဲ။ သျှို့ဆီမှာက မစ္ဆရိယစိတ်တွေ ပြည့်နေဟာလေ။ သျှားအပေါ်မှာ အမြဲမနာလို





မရှုစိမ့်နိုင်တာ အကြည်လေးတို့က မြင်နေသိနေခဲ့တာကြာပြီ"

"မဟုတ်ပါဘူး"

"ဟုတ်တယ်. . . ကိုသန့် မသိသေးပါဘူး။ သျှားက ပွင့်လင်းသလောက် သျှိုက မှိုသိပ်တတ်တယ်လေ။ ဒီတော့ သူ့စိတ်ထဲဖြစ်နေတာတွေကို တစ်ဖက်လူ ဘယ်သိနိုင်ပါ့မလဲ။ အထူးသဖြင့် ကိုသန့်နဲ့ပတ်သက်ရင် သူ့မရိုးသားမှုက ပိုပြီးပေါ်လွင်သိသာစေတာပဲ"

သူ, အကြည်လေးကိုငေးကြည့်နေမိ၏။ ဘယ်လိုကြီးပါလိမ့်။ သူချစ်သူရဲ့မကောင်းကြောင်းတွေကို သူ့ရှေ့မှာပြောရသတဲ့လား။ တကယ်ဆို သူ့မနှစ်မြို့က်မှန်း အကြည်လေးသိသင့်တာပေါ့။

"သျှားက မြှုမထားတတ်ဘူး။ ဒါပေမဲ့ ကိုသန့်တို့ပြဿနာဖြစ်မှာစိုးလို့ သူမပြောခဲ့တာတွေ အများကြီးပဲ။ ဥပမာ ကိုသန့်ဘောပင်ကို သျှိုယူသွားတာကိုမြင်ခဲ့တာ။ ကိုသန့်နဲ့ချစ်သူမဖြစ်ခင်ကတည်းက အခန်းရှင်းရင် ကိုသန့်အကျီတွေကိုနမ်းရှိုက်နေတာ။ ကိုသန့်ခြံထဲမှာ စာကျက်နေတာကို ကိုသန့်မသိအောင် အပေါ်ထပ်ပြတင်းပေါက်ကနေ စောင့်ကြည့်နေခဲ့တာတွေကို တွေ့တွေ့နေတာကြာပြီ။ အဲဒီကတည်းက သျှားရိပ်မိနေပုံပဲ။ ဒါပေမဲ့ မပြောရှာပါဘူး။ ကိုသန့်နေမကောင်းဖြစ်တော့ အကြည်လေး စာထွားပြီးလာပို့တုန်းက မနာ



www.burmeseclassic.com

www.burmeseclassic.com



လိုမရှုစိမ့်နဲ့ စိုက်ကြည့်ခံရမှ အကြည်လေးလည်း ရိပ်မိသွားတာ။ သို့ကြ မာယာသိပ်များတာ ကိုသန့်သတိထားပါ"

"မဖြစ်နိုင်ဘူး"

"ကိုယ့်ချစ်သူရဲ့မကောင်းကြောင်းကို ဘယ်သူမှနားမထောင်ချင်ကြမှန်း အကြည်လေး သိနေပါတယ်။ အကြည်လေးက ကိုသန့်နဲ့သို့ကို ပြတ်စေလိုတဲ့စိတ်ယုတ်မျိုးနဲ့ ပြောနေတာမဟုတ်ပါဘူး။ သူငယ်ချင်းတစ်ယောက်လိုစေတနာထားပြီး သတိပေးရုံသက်သက်ပါပဲ။ အထူးသဖြင့် ကိုသန့်နဲ့သို့ကို မထိုက်တန်ဘူးလို့တွေးမိရုံပါ။ ကိုသန့်သေချာလေ့လာကြည့်ပါဦး။ တွေ့လာမှာပါလေ။ ခုချိန်မှာတော့ ကိုယ့်ချစ်သူကို အပြစ်မြူမှုန်တောင် မတင်ရက်မှန်း အကြည်လေး နားလည်ပါတယ်"

သူ သက်ပြင်းရှိုက်လိုက်မိပါ၏။ သို့ရယ်. . . ကိုယ်တို့ဘက်က အင်အားနည်းပါးလှချည်လား။ မင်းဘက်မှာ မားမားရပ်တည်ပေးချင်နေတဲ့ကိုယ့်ကိုမှ တွေဝေရအောင် သူများတွေ သွေးထိုးနေကြပြီလေ။ ကိုယ်မှားသလားမှန်သလားဆိုတာကို ခုချိန်ထိ ကိုယ်ဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိသေးပါဘူး။ ဒါပေမဲ့. . . သို့ကိုပျော်စေချင်တယ်။ သို့အပြုံးကိုမြင်စေချင်တယ်။ ဒီတော့ ဘယ်သူတွေ ဘယ်လိုပြောစေဦးတော့ ကိုယ်ကတော့ ရှေ့ကိုဆက်လျှောက်သွားမှာပဲ။





အားတင်းထားကြစို့နော်။ အနာဂတ်ကိုရင်ဆိုင်နိုင်စွမ်းရှိရမယ်ဆိုတာကို သို့သိထားပါ။ ဒါဆိုရင်တော့ ဘဝတိုက်ပွဲကို ကိုယ်တို့အလွယ်တကူ ရင်ဆိုင်အနိုင်ရယူဖို့ အဆင်ပြေနိုင်ပါလိမ့်မယ်။

အာရုံမှာပေါ်လာသည့် ပိတုန်းရောင်ဆံနွယ်တွေကို မြင်ယောင်နေမိသည်။ ကိုယ်တို့ချစ်သူတွေဖြစ်သွားတာ ဘာမှမကြာသေးပေမယ့် မလိုသူတွေများနေတာတော့ သေချာနေပါတယ်လေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတို့လာကြွယ်

## အခန်း ( ၁၄ )

"သမီးငယ်"

အခန်းထဲမှာ စာကျက်နေရင်း အခန်းဝသို့လှည့်ကြည့်လိုက်ပါ၏။ ဦးငယ်က သူမအခန်းထဲသို့ဝင်လာလေသည်။

"သမီးကြီးကို ခုထိစကားကောင်းကောင်းမပြောသေးဘူးဆို"

သူမ, ဦးငယ်ကိုတစ်ချက်ကြည့်ကာ နောက်တစ်ဘာသာကိုကောက်ကိုင်လိုက်ပါ၏။ စာမေးပွဲကြီး အတော်ကိုနီးကပ်နေပြီကိုး။

"ဦးငယ်မေးတာကို ဖြေဦးလေ"

"သူနဲ့သျှားကြားမှာ ထွေထွေထူးထူးဘာမှပြောစရာမှမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးငယ်"

"သူလုပ်ပေးသမျှကို သမီးငြင်းဆန်တာတော့ ဘယ်ကောင်းမလဲ။ နောက်ဆို တစ်အိမ်တည်းအတူပြန်နေရမယ့် ညီအစ်မချင်းကို။ အထူးသဖြင့် သမီးတို့မျက်နှာကိုကြည့်ပြီး သူခများနေရရှာတာ သိရဲ့သားနဲ့"

ဒါပါပဲ. . . ဘယ်တော့မဆို လူတိုင်းရဲ့ကရုဏာသက်ခြင်းကို သျှီသာလျှင် ခံရတာလေ။ တကယ်တမ်း သူမ နာကျင်စွာခံစားရတာတွေကိုတော့ ဘယ်သူမှမသိမမြင်နိုင်တာကိုး။

"စေတနာမပါဘဲ လုပ်ပေးတာကို လက်မခံတာ သျှားမမှားဘူး. . . ဦးငယ်"

"သမီးငယ်"

"သျှားသိပ်ကြိုက်ပါတယ်ဆိုတဲ့ ကျောင်းအကျီကို မီးပူကျွမ်းအောင်လုပ်လိုက်တာ. . . လျှော်တောင်းထဲထည့်ထားပါလျက် ယူမလျှော်ပေးတာတွေ အကြိမ်ပေါင်းများနေပြီ ဦးငယ်။ အစစအရာရာ သေးသေးမွှားမွှားကစပြီး သျှားမပြောချင်တော့ဘူး။ ဒီတော့ ခပ်ဟင်းကင်းနေလိုက်တာ ပိုကောင်းမှာပေါ့။ သျှားမလုပ်တတ်ဘူး၊ မလုပ်နိုင်ဘူးဆိုပြီး ပညာအပြခံရတာကို သိသိကြီးနဲ့တော့ ငြိမ်မနေ





နိုင်ပါဘူး။ သျှားလည်း သျှားအသက်အရွယ်နဲ့ တတ်သင့်တတ်ထိုက်သလောက် တတ်မြောက်နိုင်ပါသေးတယ်။ ပြီးတော့ သျှား, စာမေးပွဲအောင်ရင် ဘွားဆီမှာပဲနေမှာ။ ဟိုမှာပဲ ကျောင်းတက်မယ်"

"သမီးကြီးကို အိမ်ပေါ်မှာမနေရအောင်တော့ မလုပ်လိုက်ပါနဲ့သမီးငယ်။ သျှီဟာ သမီးနဲ့တစ်ဝမ်းသာကွဲတဲ့ ညီအစ်မရင်းပါ"

"ဒီလောက်ထိ သျှားစိတ်မပုပ်ပါဘူး ဦးငယ်။ ဘွားက သျှားတို့ကို မျက်စိအောက်မှာမထားပေမယ့် သျှားတို့ဘာဖြစ်နေတယ်ဆိုတာ သိနိုင်တဲ့သူပါ။ အချိန်တန် စေတနာက အကျိုးပေးပါလိမ့်မယ်"

ဦးငယ်က ခေါင်းကိုခါယမ်းလိုက်ပါ၏။ ဒီနှစ်ယောက်ကို ဘယ်လိုများ ညှိပေးရပါ့။ အကြီးမ အေးဆေးသလောက် အငယ်မက အရမ်းစိတ်ထက်လွန်းသည်ကိုး။ ဘာမှမဟုတ်ဘဲ လက်လွန်ခြေလွန်လေးဖြစ်သွားတဲ့အဖြစ်အပျက်က ညီအစ်မနှစ်ယောက်ကိုသွေးကွဲသွားစေပြီ။

"သမီး. . . စာတွေကျက်လို့အဆင်ပြေရဲ့လား"

"ပြေပါတယ် ဦးငယ်"

"နားမလည်တာတွေရှိရင် မေးဦးနော်။ အန်တီရော၊ မောင်သန့်ရောရှိနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ဝိဇ္ဇာဘာသာပဲကျွမ်းတာလေ ဦးငယ်ရဲ့။ နေ
စေတော့။ သွားမသိတာတွေရှိရင် ဖြိုးနဲ့တိုင်ပင်တယ်။ မရမှ ကျူရှင်
ဆရာမတွေကိုမေးတာပေါ့"

အခန်းထဲသို့ဝင်လိုက်ရာမှ တစ်ဖက်ခန်းကပြောသံတွေ ကြား
လိုက်ရပါ၏။ ဟုတ်သားပဲ. . . သွားတို့ Exam တွေ တော်တော်နီး
နေပါရောလား။ သူတော့ တာဝန်မကျေဖြစ်နေရလေပြီ။ စာပြပေး
ပါ့မည်ဟုကတိပြုပြီး မသိချင်ယောင်ဆောင်နေမိတာကိုး။

အခုတလောမှာ သွားကိုယ်တိုင် သူ့ကိုရှောင်သလိုလို စကား
မပြောဘဲနေတာလည်း သူအလိုလိုသိနေပါ၏။ သူလိုက်ပြောချင်
သော်ငြား သို့ကြ မျက်စောင်းခဲ၍သတိပေးတာကြောင့် ငြိမ်နေရ
တာကြာနေပြီပဲ။ ယခုတော့ သူစကားမပြောလို့မဖြစ်တဲ့အခြေအနေ
ကိုရော[illegible]ပါရောလား။

"ဦးလို[illegible]သမီးလိုချင်တဲ့လိုင်း မရမှာကိုစိုးရိမ်မိလို့ပါ"

"သွားက ဆုံးဖြတ်ပြီးရင် အလွယ်တကူနဲ့မဖျက်တတ်ဘူး
ဦးငယ်။ ဖြစ်ချင်တာကိုမဖြစ်ဖြစ်အောင်လုပ်တတ်တာ သွားအကျင့်
ပဲဟာ"

"ဦးငယ် သမီးကိုယုံပါတယ်"





ခဏအကြာမှာ ဦးငယ် ပြန်ထွက်သွားတာကို ကြားလိုက်ရပြီး
သူမသီချင်းညည်းသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

'မင်းပြုံးချင်တယ်ဆို ပြုံးလိုက်ပေါ့ ××× မင်းရှိုက်ချင်တယ်ဆို ရှိုက်
လိုက်တော့ ××× မင်းအတွက်ဆို ငါတစ်သက်လုံး နှိမ့်ကျပါစေ ××× ငါ
လေ မင်းရှေ့တရှိတယ် ×××

မင်းသွားချင်တယ်ဆို သွားလိုက်ပေါ့ ××× မင်းထားချင်တယ်ဆို
ထားခဲ့တော့ ××× မင်းလုပ်ချင်တာတွေ မတားဘူး မင်းတလေး ×××
ဒါတွေ မင်းအတွက် ချစ်သက်သေ ×××

မင်းလေးကိုချစ်လို့ ××× ဒါတွေဟာ မင်းလေးကိုသိပ်ချစ်လို့ ×××
လုံးသားမှာ အဆိုရာများ ထားပေးခဲ့တယ် ××× ဒါတွေဟာ မင်းအတွက်
ချစ်သက်သေ ×××

မင်းတောင်းမယ်ထင်ရင်လုပ်လိုက်ပေါ့ ××× မင်းမုန်းချင်တယ်ဆို
မုန်းလိုက်တော့ ××× မင်းစိတ်စေရာကို အသုံးစွန်သွားသည့်တိုင် ××× ဒီ
သို့ခွင့်လွှတ်ချစ်နေလေ ×××

မင်းလေးကိုချစ်လို့ ××× ဒါတွေဟာ မင်းလေးကိုသိပ်ချစ်လို့ ×××
လုံးသားမှာ အဆိုရာများထားပေးခဲ့တယ် ××× ဒါတွေဟာ မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သက်သေ ×××

မင်းလေးကိုသိပ်ချစ်လို့ ×××

မင်းလေးကိုအရမ်းချစ်လို့ ×××'

ခပ်ဆွေးဆွေးလေးဆိုနေသည့်သီချင်းသံကို သူ နားစိုက်ထောင်နေမိသည်။ သီချင်းအဆုံးမှာ ရှိုက်သံလေးပါသွားသလို ခံစားလိုက်ရ၏။ သူမ ငိုနေလေသလား။

သျှားရယ်. . . ဘယ်သူ့ကြောင့် ခံစားနေရတာလဲ။ ဒီအရွယ်ဟာ အမြဲပျော်ရွှင်နေရမှာလေ။ ကိုယ်နဲ့စတွေ့စဉ်တုန်းကလို မျက်ကြွက်လက်ရိပ်တွေ၊ အခုတော့. . . သျှားဆီမှာ ရှိမနေတော့ပြီပဲ။

ကိုယ်နဲ့ဆုံလိုက်တိုင်း ဖျတ်ခနဲလွှဲသွားတဲ့မျက်ဝန်းလေးတွေကို မကြာခဏကြည့်မိတော့ အရင်လို ကိုယ့်ကိုရန်လိုတဲ့အကြည့်တွေကို ပြန်တမ်းတနေမိတာ ဘာကြောင့်လဲ။ ကိုကိုလို့ခေါ်တဲ့ကာလအပိုင်းအခြားလေးက ဘာမှမကြာလိုက်ပေမယ့် ခင်ဗျား, ခင်ဗျားနဲ့ရင့်ရင့်သီးသီးခေါ်စဉ်တုန်းကလောက် ရင်းနှီးမှုမရှိတော့တာ သိသာလွန်းပါတယ်။ ဒါတွေဟာ ဘာကြောင့်များပါလိမ့်။

ထမင်းစားခန်းထဲရောက်တော့ သျှိုက ထမင်းပွဲပြင်ပေးနေ





ဖျတ်ခနဲလှည့်ကြည့်လာလေ၏။

"စားတော့မှာလား မောင်"

"မစားသေးဘူး, သျှို။ ကိုယ်ပြောစရာရှိလို့ လာခဲ့တာ"

"ဘာပြောမလို့လဲဟင်"

"ကိုယ်, သျှားကိုစာပြပေးဖို့ အချိန်တန်ပြီ သျှို။ အဲဒါ ညနေ့ နက်ချိန်ရောက်ရင်လည်းရောက်မယ်။ အဲဒီအခါ ဧည့်ခန်းမှာ သျှိုပါစောင့်ပေးဖို့"

"မဖြစ်နိုင်ဘူး"

"သျှို"

"သူဟာသူကျက်လို့ဖြစ်နေတာပဲလေ မောင်။ ဘာမှပြစရာမလိုဘဲ၊ မသိတာရှိရင် သူ့ဆရာမတွေကိုမေးလိမ့်မယ်။ မောင်ပူဖို့မလိုပါဘူး"

"မဟုတ်သေးဘူး, သျှို။ ကလေးစာမေးပွဲနီးတဲ့အခါ စာဝိုင်းကျက်ပေးဖို့ ဘွားရောဖေဖေပါ ကိုယ့်ကိုမှာထားတာမို့ ကိုယ့်ပစ်ထားလို့မရဘူး။ တော်ကြာသိကုန်မှ ကိုယ့်ကိုအပြစ်ဖို့ကြလိမ့်မယ်"

သျှို, သူ့ကိုမော့ကြည့်လိုက်ပါ၏။ မောင့်ကိုချစ်ရတာ မှန်ဗီရိုထဲက အရုပ်ကလေးကို အလှကြည့်နေရသလို အပိုင်မရတဲ့ဘဝပါ



www.burmeseclassic.com

www.burmeseclassic.com

လား။ လူသိမခံဘဲ တိတ်တခိုးချစ်သူဘဝကို သျှီစိတ်တိုင်းမကျပါချေ။ တကယ်ဆို မောင့်ချစ်သူရဲ့စိတ်ကိုသာ မောင်နားလည်သင့်တာမဟုတ်လား။ ခုတော့ သျှီမဟုတ်တဲ့သူမကိုမှ အလေးသာချင်နေသလိုမျိုးမို့ မခံချင်စိတ်က ဖြစ်တည်၏။

အချစ်ဆိုတာ ဝန်တိုခြင်းပဲမဟုတ်လား။ မောင့်ကိုချစ်လွန်းလို့ ဝန်တိုမိတာကို အပြစ်မတင်ချင်ပါနဲ့။ ကျွန်မ မောင့်ကိုသိပ်ချစ်တယ်။ မောင်ချစ်မလာခင်အချိန်ကတည်းက တိတ်တိတ်ကလေးချစ်ခဲ့တဲ့ချစ်ခြင်းတွေကို ဥပေက္ခာမပြုချင်ပါနဲ့။ တစ်ဘဝစာအတွက်ရည်ရွယ်ပြီးပေးဆပ်ခဲ့တဲ့ချစ်ခြင်းတွေကို မောင်တန်ဖိုးထားတတ်ပါစေကွယ်။

"ကျွန်မသဘောမတူဘူး"

"ကျွတ်! သျှီကလည်းကွာ"

"ဟုတ်တယ်လေ, သူနဲ့တရင်းတနှီးနေတာကို ကျွန်မ,မကြိုက်ဘူး. . . မောင်ရယ်. . . ကျွန်မကိုချစ်ရင် သူနဲ့ကင်းကင်းနေပေးပါလား"

"မဆိုင်ဘူးလေ. . . သျှီရယ်။ ကိုယ်က မဟုတ်တာလုပ်မယ့်လူမှမဟုတ်ဘဲ။ ဦးငယ်ပြောမှလုပ်တာထက် ကိုယ်က အလိုက်တသိ





လုပ်တာကပိုပြီး မကောင်းဘူးလား။ ကိုယ်က ဖြစ်သင့်တာကိုပြောနေတာပါ"

"အို! မသိဘူး၊ သူက အစစအရာရာပြည့်စုံပြီးသားလူပါ။ ဒီလိုလူကို မောင်က ထပ်ဖြည့်ပေးဦးမလို့လား။ အပိုအလုပ်တွေကို မောင်မလုပ်ချင်စမ်းပါနဲ့။ မောင်လုပ်ပေးတာကိုလည်း သူက အသိအမှတ်ပြုပြီး ကျေးဇူးတင်မှာမဟုတ်ဘူး။ အချိန်အလဟဿကုန်တာပဲ အဖတ်တင်လိမ့်မယ်"

"ဘယ်လိုပြောလိုက်တာလဲ,သျှီ။ သျှားဟာ သျှီ့ရဲ့ညီမလေးပါ။ ဒီကလေးထူးချွန်တာဟာ သျှီတို့ဆွေမျိုးဂုဏ်တက်ဖို့ပဲမဟုတ်လား။ ဒါကိုတောင်မှ ဘာလို့အဖျက်စကားပြောနေရတာလဲ"

"ဂုဏ်! ဟုတ်လား။ ကျွန်မဘဝမှာ တစ်ခါမှမရခဲ့ဖူးတဲ့စကားလုံးတစ်ခုပဲမောင်။ ကျောင်းနေစအရွယ်ကတည်းက ကျူရှင်ဆိုတာကို ဘာမှန်းမသိဘဲ ဆယ်တန်းကိုအောင်ခဲ့တဲ့သူပါ။ ဘယ်လိုအခွင့်အရေးမျိုးကိုမှမရခဲ့သလို ကျွန်မကိုယ်တိုင်ကလည်း မတောင်းရဲခဲ့ဘူး။ ဒီကိုရောက်လာခဲ့တာတောင်မှ သူ့အတွက်အဖြည့်ခံသက်သက်ဘဝနဲ့ လိုက်ခဲ့ရတာပါ။ မောင်စဉ်းစားကြည့်, ကျွန်မဆီမှာ သူ့ကြောင့် ဘာဂုဏ်တစ်ခုမှမရှိခဲ့ဘူး။ အခု သူ့အလှည့်မှာ ကျွန်မဘာ



www.burmeseclassic.com

www.burmeseclassic.com

မှလုပ်မပေးသလို မောင်လည်းလုပ်ပေးစရာမလိုပါဘူး"

သူပါးစပ်အဟောင်းသားဖြင့် သျှို့ကိုကြည့်နေမိ၏။ မိန်းမ တစ်ယောက်၏အတွင်းစိတ်ကို ရှင်းရှင်းကြီးသိလိုက်မြင်လိုက်ရတာ မို့ ထူးဆန်းအံ့ဩနေမိလေသည်။ သျှို့ကို ဤမျှအထိ စိတ်ဓာတ်သေး သိမ်လိမ့်မည်ဟု သူမထင်မိခဲ့ချေ။

"ဒီပုံအတိုင်း ကိုယ်တို့ဘယ်လိုရှေ့ဆက်ရမလဲသျှို့။ လူတွေနဲ့ အတူနေရင် လူမှုရေးဆိုတာတွေကို နေ့စဉ်ရင်ဆိုင်နေရမှာ မဟုတ်ဘူး ပဲ။ အခု သျှို့က သျှို့ညီမနဲ့ပတ်သက်ပြီး ဒီလိုစိတ်မျိုးမွေးတာ ကိုယ် တကယ်အံ့ဩမိတယ်။ တကယ်တမ်းကျတော့ သျှားက သျှို့လိုစိတ် မျိုး မရှိဘူး။ သူဆိုးခဲ့သမျှဟာ ကလေးစိတ်နဲ့ နွဲ့ဆိုးဆိုးအနိုင်ရယူလို ချင်မှုသက်သက်မျိုးပါ"

"မောင်ဘယ်လိုပြောလိုက်တာလဲ။ ကျွန်မကို သူနဲ့မနှိုင်းယှဉ် ပါနဲ့။ ကျွန်မ,မခံနိုင်ဘူး။ ငယ်စဉ်ကတည်းက နိမ့်ကျခဲ့ရတဲ့ဘဝမှာ တစ်ခါတစ်လှည့်တော့ သူထက်သာပါရစေ။ ကျွန်မ သူ့ကိုနိုင်ချင်လို့ ပါ"

"အဓိပ္ပာယ်မရှိဘူး သျှို့။ ကလေးတစ်ယောက် စာပြပေးရမည့် ကိစ္စကို ဒီလောက်ထိပုံကြီးချဲ့စရာမလိုဘူးလို့ ကိုယ်ထင်ပါတယ်။





ဘယ်လိုဖြစ်ပြီး သူ့ကိုအမုန်းပွားနေရတာလဲ"

အမုန်းပွားနေရတာလဲတဲ့။ ကျွန်မ, သူ့ကိုရင်ထဲမှာခါးခါးသီး သီးမုန်းတီးနေတာကို မောင်မသိဘူးတဲ့လား။ သူ့ထက်သာ မနာလို ဖြစ်တယ်ဆိုတဲ့စကားဟာ မှန်သင့်သလောက်မှန်နေပေမယ့် ကျွန်မ ထက် အဆပေါင်းများစွာ သာလွန်နေတဲ့သူ့ကို မနာလိုမဖြစ်သင့်ဘူး လား. . . မောင်ရယ်။

"ဘာတွေဖြစ်နေကြပြန်တာလဲ"

ထမင်းစားခန်းထဲ ဦးငယ်တို့ရောက်လာတာမို့ သူရောသျှို့ပါ စကားစကိုဖြတ်လိုက်ရပါ၏။ အန်တီက သားဦးကိုထမင်းခွဲ့ပြီးပြီမို့ သက်ဆေးကာ ထမင်းဝိုင်းကို ကူပြင်ပေးလေသည်။

"ဘာမှမဖြစ်ပါဘူး ဦးငယ်။ ကျွန်တော်ဗိုက်မဆာသေးဘူးလို့ ပြောနေတာ"

"ဒါဖြင့် သား,ဆာတော့ သမီးငယ်နဲ့ပဲအတူ စားလိုက်ပေါ့။ သားကိုပြောရဦးမယ်။ သမီးငယ်ရဲ့ဆရာမ ဘယ်သူ. . ."

"ဒေါ်မေစပယ်လေ. . . ကိုအောင်ရဲ့"

"အေး. . . အဲဒီဆရာမက သားအန်တီကိုပြောလိုက်လို့ ဦး ငယ် အကူအညီတောင်းချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ. . . ဦးငယ်"

"သျှားက Bio မှာ အရမ်းအမှတ်နည်းလို့ အားမရဘူးတဲ့။ တော်ကြာ Final မှာ တခြားဘာသာတွေ D ပါပြီး Bio နဲ့ထိမှာ စိုးရိမ်တယ်ပြောလိုက်လို့ပါ။ Guide ခေါ်ပေးရမလားဆိုတော့လည်း သားညီမက မလိုဘူးချည်းပြောနေလို့"

"ရပါတယ်၊ ကျွန်တော်ဝိုင်းကျက်ပေးလိုက်ပါ့မယ် ဦးငယ်"

"နှင်းလည်း. . . အငယ်မ,စာကျက်ရင် ကူစောင့်ပေးမှာပါ ကိုအောင်ရဲ့"

သို့ မျက်နှာပျက်ချေပြီ။ ဒီလောက်တားဆီးပိတ်ပင်နေပါလျက် အခြေအနေတွေက ပိုပြီးဆိုးလာပါရောလား။ အန်တီကလည်း ခါတိုင်းလို ဝင်မတားတော့ပါလား။ ကိုသန့်နဲ့သျှားကို ဘွားသဘောတူထားတယ်ဆိုတာ ဦးငယ်တို့ပါ သိကုန်ပြီလား။ မေးခွန်းတွေစုပြုံလာစဉ် ဦးနှောက်က ရိဝေလာတော့သည်။

"ဒေါက်!. . . ဒေါက်! "

"ဘယ်သူလဲ. . . သျှား,စာကျက်နေတယ်လေကွာ"

"ကိုယ်ပါ"

"ဟင်"





အံ့သြသွားရပါ၏။ စကားမပြောဖြစ်တာကြာပေမယ့် သူ့အသံကို အလွတ်ရနေတာပဲမဟုတ်လား။ စေ့ထားသည့်တံခါးကိုဖွင့်လိုက်စဉ် သူ့မျက်နှာချောချောကိုမြင်လိုက်ရလေ၏။

"ဘာကိစ္စလဲ"

"Bio ဝိုင်းကျက်ပေးမလို့ လာပြောတာ"

"မလိုပါဘူး။ သျှားဟာသျှား ကျက်လို့ဖြစ်တယ်"

"ကိုယ်က ဦးငယ်နဲ့အန်တီပြောလို့ လာခဲ့တာပါ သျှားရဲ့"

"ဪ. . . စိတ်ထဲကမပါဘဲနဲ့တော့ စေတနာပိုသယောင်မပြပါနဲ့ကိုကိုရဲ့. . . ရပါတယ်"

"မဟုတ်သေးပါဘူး။ သျှား, ကိုယ့်အပေါ်မှာ အမြင်မကြည်လင်စရာတစ်ခုခုတော့ ရှိနေတာသေချာနေပါပြီ။ ကိုယ်ဘာပြောပြော သိပ်ဂရုမစိုက်တော့တာပဲကြည့်"

"မဟုတ်တာ"

"မဟုတ်ရင်လည်း Bio ကျက်ချိန် ဧည့်ခန်းကိုထွက်ခဲ့ပေါ့"

သူမက အပြင်သို့ခေါင်းထွက်ကာ အပေါ်ထပ်လှေကားကို လှမ်းကြည့်လိုက်သဖြင့် သူပြုံးလိုက်မိ၏။ ဘယ်လိုပဲ တည်ငြိမ်စွာ ဘယ်ပြောပြော၊ ကလေးတစ်ယောက်ရဲ့ပုံရိပ်တွေကို သူမအဖို့မှာ မြင်



www.burmeseclassic.com

www.burmeseclassic.com



နေရဆဲပါပဲလေ။

"အန်တီ ဆူဦးမယ်"

"မဆူပါဘူး။ အန်တီကိုယ်တိုင်တောင် စောင့်ပေးဦးမှာ"

"ဟုတ်လား"

"ဒါပေါ့"

သူမ တစ်ချက်မျှစဉ်းစားလိုက်ပါ၏။ ဒါဆို မမကရော ဘာ မှမပြောဘူးတဲ့လား။ လူကိုအနိုင်ယူချင်စိတ်တွေပေါ်နေသည့် မေ ကို lesson လှလှလေးတော့ ပေးလိုက်ချင်ပါသည်လေ။

"တခြားဘာသာတွေကိုရော ကူညီမှာလား,ဟင်"

"ကူပေးမှာပေါ့ သျှားရဲ့"

"တကယ်နော်"

"အင်း"

"ကျေးဇူးပါပဲကိုကို။ သျှား, စာမေးပွဲမှာ ထူးထူးချွန်ချွန် အောင်မြင်ရင် ကိုကိုလိုချင်တာကိုပေးမယ်"

"အလကားကြီးပါလား၊ ဘာပေးမှာလဲ"

"တစ်ခုခုပေါ့"

"သျှားပေးမှာက ဘွားဆီကတောင်းပေးမှာမျိုး မဟုတ်





လား။ အဲဒါဆို မယူဘူး။ ကိုယ်မလိုချင်ဘူး"

"အဲမယ်. . . သျှားလုပ်အားခနဲ့ရတဲ့ဟာထဲက ပေးမှာပေါ့ ကိုကိုရဲ့။ မှတ်ထား. . . သျှားကိုယ်ပိုင်ပစ္စည်းထဲကပဲ ဖြစ်စေရမယ်။ ဘွားဆီက မဖြစ်စေရဘူး၊ စိတ်ချ"

မျက်ဝန်းလဲ့လဲ့လေးတွေဖြင့်ပြောနေသည့်သူမကို စိုက်ကြည့် ရင်း သူပြုံးလိုက်မိ၏။ အခုတော့လည်း သျှီနဲ့မတူအောင်ကို အဆင် ပြေပြေပြောနေတတ်ပြန်ပါရောလား။

ညရောက်တော့ ဧည့်ခန်းစားပွဲပေါ်မှာရော ကော်ဇောပေါ် မှာပါ စာအုပ်တွေက ပုံလို့၊ သူမစာအံတာကို ဦးငယ်ရော၊ အန်တီ ပါကြည့်ပြီး ပြုံးနေကြလေ၏။

စာကျက်ပျက်မှာစိုး၍ ထမင်းကို စတီးဇလုံထဲထည့်နယ်ကာ ဇွန်းနှစ်ချောင်းတပ်ပေးပြီး ကျွေးတာမို့ ပိုပြီးအဆင်ပြေသွားပါသည်။ သူမတို့ပျော်ပျော်ပါးပါးစာကျက်တာကို လှေကားထိပ်မှ မနာလို စွာစိမ့်သည့်မျက်လုံးများဖြင့် စိုက်ကြည့်နေသည့် မျက်လုံးတစ်စုံကို တော့ ဘယ်သူမှသတိမထားမိကြပါချေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# ညိုမလေးတဲ့လားကွယ်

## အခန်း ( ၁၅ )

"မမသျှား. . . သားနဲ့ဆော့မယ်လေ"

"မမ. . . မအားဘူး, သားဦးရဲ့၊ စာမေးပွဲဖြေရတော့မှာ။ စာတွေကျက်စရာရှိသေးလို့ သားဟာသား သွားဆော့နော်။ လိမ္မာတယ်"

သားဦးနှုတ်ခမ်းလေး စူသွားလေ၏။

ဒုက္ခပါပဲ။ သျှား စာမေးပွဲမဖြေခင် ဒီကောင်က အရင်ဆုံး ကျောင်းပိတ်သွားတာကိုး။ ဘောလုံး မကန်ရတာ ဘယ်လောက်ကြာပြီလဲ။ ကျောင်းမတက်ရတော့ပေမယ့် ကျူရှင်ကိုတော့ အဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြတ်သွားနေရတာကိုး။

"ကိုကိုလည်း ခုထိပြန်မှမလာသေးဝ... မမသျှားရဲ့။ သား ဆော့ဖို့အဖော်မရှိဘူး"

"မင်းကလည်းနော်။ ငါက နဂိုကတည်းက ဆော့ချင်နေရတဲ့ ကြားထဲ လာဆွနေပြန်ပါပြီ"

"ဒါဆိုလည်း ဆော့မယ်လေ. . . လာ"

"ငါ့ကိုအန်တီရိုက်လိမ့်မယ်ကွ"

"ရိုက်ပါဘူး, သားပြောပေးမှာပေါ့နော်"

သူမ ဟက်ဟက်ပက်ပက်ရယ်မောရင်း ကျက်လက်စမြန်မာ စာအုပ်ကိုပိတ်လိုက်ပါ၏။ နေ့လယ်ခင်းမို့ မမလည်းအိပ်နေလောက် ပြီထင်ပါသည်။ ခဏလေးကစားရုံလောက်ဖြင့် မဆူနိုင်ဘူးထင် ရဲ့။

"ခဏပဲ ဆော့မှာနော်"

"ဟုတ်ကဲ့ပါ မမရ"

သူမ ဒန်းပေါ်မှာစာအုပ်တင်၍ သားဦးနှင့်အတူဘော ကန်နေစဉ် ဖြိုးနှင့်အတူ သူပါစက်ဘီးဖြင့်ရောက်လာလေသည်။

"ဟာ! စာမကျက်ဘဲ ဆော့နေတယ်အစ်ကိုရေ့။ တုတ်ကြ





ကြီးနဲ့ရိုက်ပါဗျို့"

"ကဖြိုးနော်, ငါဆော့တာ ဆယ်မိနစ်တောင် မရှိသေးဘူး။ ချွန်မယ်မကြံနဲ့"

"မရဘူးလေ, ဆော့တာက ဆော့တာပဲ။ ငြင်းလို့ဘယ်ရမလဲ"

"တစ်ခါတလေ ခေါင်းကြည်အောင် ဆော့ပေးရတယ်လေ၊ နော်. . . ကိုကိုရယ်"

သူက ပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်ပါ၏။ သားဦးအတွက် ဝယ်လာပေးသည့်မုန့်ကို သူလှမ်းပေးလိုက်စဉ် သူမနှုတ်ခမ်းစူသွား ပါလေသည်။

"သျှားဖို့ရော"

"ကလေးမဟုတ်ဘာမဟုတ်တောင်းပြန်ပြီ. . . မပါဘူး"

"ဟင်. . . ကိုကိုက သိပ်မျက်နှာလိုက်တာပဲနော်"

"ရော်! ကိုယ်က ဘာများမျက်နှာလိုက်မိလို့လဲ"

"မသိရင်ခက်မယ်။ သျှားကလွဲပြီး ဘယ်သူတွေအတွက် မုန့် ဝယ်လာပေးတယ်ဆိုတာ ပြောလိုက်ရမှာလား။ ဟွန်း! သိပ်မပြော ချင်ဘူး"

"သျှားကလည်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာပူသွားရစဉ် ဖိုးက အင်္ကျီအိတ်ကပ်ထဲမှ ချောကလက်တောင့်ကိုနှိုက်ယူ၍ သူမလက်ထဲသို့ ထည့်ပေးလိုက်လေ၏။ သူမမျက်နှာထက်မှာ မဲ့ပြုံးလေး ပေါ်လာလေသည်။

"တော်သေးတာပေါ့၊ သွားကိုဂရုစိုက်တဲ့သူလည်း ရှိပေသေးလို့"

"နင်ကလည်းဟာ နင့်အပေါ်မှာ ငါဂရုမစိုက်ဘဲ ဘယ်နှခါများ နေခဲ့ဖူးသလဲ"

"ငါသိပါတယ် ကဖိုးရဲ့။ ဒါကြောင့်လည်း အားလုံးထဲမှာ နင့်ကို ငါအချစ်ဆုံးဖြစ်နေရတာပေါ့"

"ဒါလေးတွေနဲ့ပဲ ကျေနပ်လိုက်ရတာပါပဲလေ။ နင် ငါ့ကိုစာမေးပွဲပြီးရင် ဘွားဆီခေါ်သွားမှာ။ တကယ်ဟုတ်ရဲ့လား ပသွားရဲ့"

"ခေါ်မှာပါ ကဖိုးရဲ့။ ငါက ပေးပြီးသားကတိကို လွယ်လွယ်နဲ့မဖျက်တတ်ပါဘူး။ ငါပြန်တာနဲ့ တစ်ခါတည်းခေါ်သွားမှာပဲဟာ"

"Ok . . . နင် အခုဘာကျက်နေတာလဲ"

"သဒ္ဒါနဲ့ခက်ဆစ်တွေ ပြန်နွှေးနေတာလေ"

သူစိတ်မကောင်းဖြစ်စွာဖြင့် အိမ်ထဲဝင်လာခဲ့ပါ၏။ ပေးပြီးသားကတိတဲ့လား။ သူမှာတော့ ဖေဖေနှင့်မေမေမှာ ဘယ်သူကိုပေး





ထားတဲ့ကတိကိုတည်ရမည်မှန်းမသိဘဲ တွေဝေနေရချေပြီ။ ဟုတ်တယ်လေ။ ဖေဖေ့စကားကိုနားထောင်ရင် မေမေက ဆန့်ကျင်မည်။ မေမေ့စကားကိုနာခံပြန်ရင်လည်း ဖေဖေက ကန့်ကွက်မှာပဲမဟုတ်ပါလား။

"ဟင်"

သွားအခန်းထဲမှ ရိပ်ခနဲထွက်သွားသည့် သျှီ့ကိုမြင်လိုက်ရ၍ သူ အနောက်မှလိုက်လာခဲ့မိသည်။ သျှီက မီးဖိုခန်းဘက်လျှောက်သွားတာမို့သူပါ လိုက်ခဲ့ရလေ၏။ သျှီက အင်္ကျီထဲဝှက်ယူလာသည့် အရာတစ်ခုကိုဆွဲထုတ်လိုက်သဖြင့် သူအံ့ဩသွားရပါသည်။

ဘုရားရေ . . . ဒါ, သွားရဲ့စာအုပ်ပါလား။

"သျှီ"

"အမေ့! "

သျှီက ဖျတ်ခနဲလှည့်ကြည့်လိုက်ပြီး စာအုပ်ကိုနောက်ကျောဘက်မှာ ဝှက်လိုက်ပါ၏။ သူ့ကိုအထိတ်တလန့်ဖြင့်ကြည့်လာသည့် မျက်ဝန်းတွေကို သူပြန်ကြည့်နေမိသည်။ မလိုမုန်းထားခြင်းတွေ တွေ့နေရသလိုပါပဲလား။

"ဘာစာအုပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ဘူး"

"သျှီနော်… ကိုယ်မြင်လိုက်ရလို့မေးနေတာ။ သျှားအခန်းထဲက ထွက်လာတာကိုရော၊ မင်းအင်္ကျီထဲက ဝှက်ပြီးထုတ်တာကိုပါ တွေ့လိုက်တာ၊ ညာမယ်စိတ်မကူးနဲ့"

"မောင်… မောင်က ကျွန်မရဲ့ချစ်သူပါနော်။ ဘာဖြစ်လို့ ကျွန်မဘက်ကမနေဘဲ သူ့ဘက်မှာရှိနေရတာလဲ"

"မဆိုင်တာတွေမပြောစမ်းနဲ့သျှီ။ ကိုယ်ပြောနေတာ မင်းလက်ထဲကစာအုပ်ကိစ္စကိုပြောနေတာ… ဘာမှအပိုမပါဘူး။ ပေး အဲဒီစာအုပ်"

သူက သျှီ့လက်မောင်းကိုဆွဲယူကာ စာအုပ်ကိုလုလိုက်ပါ၏။ ဗုဒ္ဓေါ… ဒါ… ဒါ… သျှားစာကျက်ရလွယ်ကူအောင် သူကိုယ်တိုင် gits ထုတ်ပေးထားတဲ့ Notes စာအုပ်ဖြစ်နေပါရောလား။

သူအံ့သြစွာဖြင့် သျှီ့ကိုစိုက်ကြည့်လိုက်ပါ၏။ ဒီကောင်မလေး ဘာကိုရည်ရွယ်ပြီး လုပ်ချင်တာပါလိမ့်။

"ဘာလုပ်မလို့လဲပြောစမ်း"

"ဖြဲပစ်မလို့"

"ဘာ! "





"ဟုတ်တယ်, မောင် သူ့ကိုကူညီတာတွေများလှပြီ။ သူ့ဆီမှာ မောင့်လက်ရေးတွေရှိနေတာကို ကျွန်မ,မလိုချင်ဘူး။ ကျွန်မအလှည့်တုန်းက ရိုးရိုး major ပဲ ယူခဲ့ရသလို သူလည်းဒီလိုမျိုးပဲရစေရမယ်။ ကျွန်မထက်ထူးချွန်လို့မဖြစ်ဘူး။ ဒီလိုမှမဟုတ်ရင် ဘွားက သူ့ကို ဒီလိုအမြဲပိုချစ်နေမှာကို ကျွန်မ,မကြိုက်တာပါ"

"ဟာ! မင်းစိတ်ဓာတ်သေးသိမ်လှချည်လားသျှီ။ ကြာလေကြာလေ မင်းစိတ်ဓာတ်က ပိုပြီးနိမ့်ပါးလာလေပါပဲလား"

"ဟုတ်တယ်, ဒါကို မောင်မကျေနပ်ဘူးလား, ပြော။ ကျွန်မ ဘာများမှားနေလို့လဲ။ ကျွန်မဘာလုပ်လုပ် မောင်ဘာကြောင့် အပြစ်မြင်နေရတာလဲ"

"ခက်လိုက်တာ သျှီရာ"

"မခက်ပါဘူး၊ မောင်, ကျွန်မစကားကိုနားထောင်ရင် လွယ်လွယ်လေးပါ"

သျှီက သူ့အင်္ကျီရင်ဘတ်ကိုဆုပ်ကိုင်၍ပြောတော့ သူ, သျှီ့လက်တွေကိုပုတ်ချကာ နောက်သို့ဆုတ်၍ရပ်လိုက်ပါသည်။

"ကိုယ်ပြောမယ် သျှီ။ နောက်ကို သျှားနဲ့ပတ်သက်ပြီးဘာမှ အနှောင့်အယှက်မပေးပါနဲ့။ ကိုယ်က မင်းဘဝအကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



သိထားခဲ့လို့ မင်းဘက်မှာ မားမားရပ်ပေးခဲ့တဲ့သူပါ။ ခုလိုစိတ်ထား မျိုးရှိနေတာ ကိုယ်မကြိုက်ဘူး။ ကိုယ်တို့ကိစ္စကို ပြန်စဉ်းစားရလိမ့်မယ်"

"ဘာရယ်. . . ဟင့်အင်း. . . မောင်ဘာကိုဆိုလိုလိုက်တာလဲ"

"မင်းကိုစိတ်ထားသိပ်လှပြီး သိမ်မွေ့လွန်းပါတယ်လို့ မေမေပြောလို့ ကိုယ်ရွေးချယ်ခဲ့တာပါ, သျှီ။ တကယ်တမ်း ကိုယ့်ကိုဖေဖေ ရောဘွားပါ သျှားနဲ့သဘောတူထားခဲ့တာပါ"

"မပြောနဲ့. . . မပြောပါနဲ့"

"ပြောရမယ်လေ. . . ကိုယ်က ကိုယ့်ကိုနာကျင်အောင် တိုက်ခိုက်တတ်လေ့ရှိတဲ့သျှားကို လန့်တဲ့စိတ်နဲ့. . ."

"မကြားချင်ဘူး"

သျှီက မီးဖိုခန်းဗီရိုပေါ်ရှိဖန်ခွက်တွေကို လက်ဖြင့်ရိုက်ချကာ နားပိတ်ပြီးအော်ဟစ်လိုက်သဖြင့် ဖြိုးရော၊ သူမနှင့်သားဦးပါ အပြေးရောက်လာတော့သည်။

"မမဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး သျှား၊ သားဦးကိုပါ ခေါ်သွားချည်။ ဖန်တွဲ





တွေ ရှကုန်မယ်"

သူက ပြဿနာထပ်ဖြစ်မည်စိုး၍ တားလိုက်ပါသော်လည်း သျှီက မျက်လုံးစိမ်းများဖြင့်ကြည့်ကာ သူမရှိရာဆီ ဖျတ်ခနဲရောက်လာပြီး ပိတ်တွန်းလိုက်လေ၏။

"ဟာ! "

"အမယ်လေး"

"သျှီ"

ယိုင်ခနဲလန်သွားသည့်သူမကို ဖြိုးက ဆီးထိန်းကာ သူက သျှီ့လက်ကိုဆွဲထားလိုက်ပါ၏။

"မုန်းတယ်. . . နင့်ကိုငါသိပ်မုန်းတယ်"

"သျှားက နင့်ကိုနင့်ထက်ပိုပြီးတောင်မှ မုန်းသေးတယ်။ သျှားရဲ့အသားကိုနာကျင်အောင်လုပ်တာ နှစ်ခါရှိပြီနော်"

"သျှီ. . . သျှား. . . တော်တော့"

"နင်ဟာ ငါ့ကိုကောင်းကျိုးတစ်စက်မှမပေးခဲ့တဲ့မိန်းမ။ နင့်ကိုမုန်းတယ်"

"နင်ကမှ ငါ့ဘဝထဲကို ပြိုဟ်ဆိုးတွေနဲ့ဝင်လာတဲ့လူအစင်"

"သျှား. . . တော်တော့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မေမေပြန်လာပြီ"

သူ ခေါင်းတော်တော်ပူသွားရပါ၏။ ဘာလုပ်ရမှန်းမသိဖြစ်နေချိန်မှာ အန်တီက အိမ်ထဲသို့ရောက်လာလေသည်။ ကိုးတန်းတွေစာမေးပွဲဖြေတာကိုစောင့်တာမို့ စောစောပြန်လာရခြင်းပင်။

"ဘာတွေဖြစ်နေပြန်ပြီလဲ"

"မေမေ. . . မမသျှီက မမသျှားကို အတင်းပိတ်တွန်းလိုက်တယ်သိလား။ ပြီးတော့ ဖန်ခွက်တွေကိုလည်းခွဲလိုက်သေးတယ်"

"ဟုတ်လား သျှီ"

သျှီက ဘာမှပြန်မဖြေဘဲ ရှိုက်ကြီးတငင်ငိုချလိုက်လေ၏။ သူက သျှားလက်ထဲသို့ Notes စာအုပ်ကိုထည့်ပေးကာ ခြံထဲဆင်းခိုင်းလိုက်ပါသည်။ ပြဿနာတွေက ရှေ့လျှောက်ပိုဆိုးလာရင်တော့ အခက်ပါပဲ။

"ငါ နင့်အစ်မကိုကြည့်ပြီးကြောက်လာပြီ ပသျှားရာ။ တစ်မျိုးကြီးပဲ"

"မနာလိုတာတွေများနေတာ ကိုဖြိုးရဲ့။ ဒီတစ်ခါမှ ကိုကိုလက်ပူးလက်ကြပ်မိပြီးတွေ့တာ။ သူ ငါ့ကိုရန်လုပ်နေတာကြာပြီ။ ပြီးတော့ ဟိုတစ်လကပဲ ငါ့ physics တွက်စာအုပ်ပျောက်သွားသေး





တယ်။ အဲ့ဒါ သူ့လက်ချက်ပဲဖြစ်မှာ"

"နင် ငါ့အိမ်မှာကျန်ခဲ့လားမေးတဲ့စာအုပ်လား"

"အေး"

"ဟာ! တော်တော်အကြံပက်စက်တဲ့မိန်းမပါလား။ သူတစ်ပါးညာရေးကိုနှောင့်ယှက်တာ သူ့အတွက် ဘာများကောင်းလာမှာမို့လဲ"

"မပြောတတ်ပါဘူးဟာ။ သူ့ဟာသူ အရှုံးထတာ အကြောင်းဟုတ်ဘူး။ ငါပါစိတ်ညစ်တယ်. . . တကယ်ပဲ"

"အေးလေ. . . စာမေးပွဲနီးမှပဲ ဖြစ်ရတယ်လို့"

ခြံထဲမှာစကားပြောနေစဉ် Taxi တစ်စီးက ဝင်လာလေ၏။ သူမလှည့်ကြည့်လိုက်မိစဉ် ကားပေါ်မှဆင်းလာသည့် လူကြီးတစ်ယောက်ကို မြင်လိုက်ရလေသည်။

"ဟာ! လေးလေးပါလား။ ကိုကိုရေ. . . လေးလေးလာလည်တယ်ဗျို့"

သူမက အိမ်ထဲသို့လှည့်အော်ကာ လေးလေးထံပြေးသွားပြီး လေးလေးကိုခိုလျက် ပါးပြင်ကို ရွှတ်ခနဲမွှေးလိုက်လေ၏။ ဦးကျော်မိုး တဟားဟားဖြင့်သဘောကျကာ သျှားကိုပွေ့ချီထားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြည့်စမ်း! သမီးလေးတောင် အတော့်ကိုထွားလာပါရောလား။

"သျှားအတွက် ဘာပါလဲ"

"ပါတာပေါ့သမီးရဲ့။ သမီးစာမေးပွဲဖြေရင် အားရှိအောင်စားဖို့တွေမုန့်သမျှ ဘွားထည့်ပေးလိုက်တာပေါ့။ ငါ့သမီးတောင်အပျိုကြီးဖားဖားဖြစ်နေပါရောလား။ ကဲ! ဆင်းတော့။ ညည်းကိုယ်ကြီး ငါမနိုင်တော့ဘူး"

ပွေ့ချီထားတာကို ချပေးလိုက်တာကိုရော၊ သူမနဖူးပြင်ကိုပါ ဖေဖေနမ်းရှိုက်လိုက်သည်ကို သူမြင်လိုက်ပါ၏။ ဩော်. . . သူ့ကို ဖေဖေအတော်ချစ်ရှာတာပါလား။

"ဘွားဆီကိုဝင်ခဲ့သေးတာပေါ့လေ။ ဘွားနေကောင်းရဲ့လားလေးလေး"

"ကောင်းပါ့ဗျား, သမီးဘွားက ကျန်းမာရေးမှာ ဒေါင်ဒေါင်ကိုမြည်လို့။ လာ. . . အိမ်ထဲသွားစို့"

"ဖြိုးလည်းလာလေ. . . ပြန်တော့မလို့လား"

"ပြန်မယ်လေဲဟာ. . . မနက်ဖြန်ကျရင် နောက်ဆုံးတက်ရမှာမို့ ငါလာပြောတာ၊ ကိုးနာရီနော်။ မနက်တက်ရမှာမမေ့နဲ့"





"အင်းအင်း. . . ကျေးဇူးပဲ"

အိမ်ထဲရောက်တော့ သျှို့ကိုမတွေ့ရတော့ပါချေ။ သားဦးကမုန့်တွေမြင်ရသဖြင့် ခုန်ဆွခုန်ဆွလုပ်ကာ သူမကိုလိုက်ဆွဲလေ၏။

"ကျွေးပါဘူးကွာ။ ဘွားက မမဖို့ပို့ပေးလိုက်တာကွ"

"အန်း. . . မမသျှားစိတ်ပုပ်တယ်. . . မေမေရေ"

"သမီးရယ်. . . ဒီမောင်လေးတစ်ယောက်တည်းရှိတာကိုစပြန်ပြီ။ ကိုကျော်, ဘယ်နေ့ရက်လောက်နေမှာလဲ"

"မနက်ပြန်မှာ. . . နှင်းရဲ့"

"ဟယ်. . . အလောသုံးဆယ်ကြီး"

"မေမေခိုင်းလိုက်လို့ ရောက်လာတာပဲ နှင်းရေ. . . သားကိုလည်း ဆုံးမစရာတွေရှိနေသေးလို့လာခဲ့ရတာ"

သူမျက်နှာပျက်သွားတာကို ဖေဖေကမြင်လိုက်ပေမယ့် မမြင်ချင်ယောင်ဆောင်လိုက်ပါ၏။ ဘုရားရေ. . . သူတို့သတင်းတွေကိုဘယ်သူကများ ဖေဖေတို့ဆီပို့လိုက်တာပါလိမ့်။ တစ်ညလုံး နားပူအောင် အဆူခံရတော့မှာကို ကြိုတွေးရင်မောကာ သက်ပြင်းကိုသာချလိုက်မိတော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





အခန်း ( ၁၆ )

"ပြောစမ်းပါဦး၊ ဘယ်သူက မြှောက်ပေးလို့ မင်းဒီလိုတွေလုပ်လိုက်ရတာလဲ"

"ဘာကိုပြောတာလဲဖေဖေ"

"ငါပြောမှသိမှာလား။ မင်းအပြစ်မင်းသိထားသားပဲ"

"ကျွန်တော်. . ."

"ငါ့ကိုဆင်ခြေမပေးချင်စမ်းနဲ့ မိုးသန့်ဖြူ။ ငါပြောတာပဲ နားထောင်။ မင်းကိုအစောကြီးကတည်းက ကြိုပြောထားပြီးသား။ သမီးလေးငယ်သေးလို့ ဆိုးတာကိုအပြစ်မြင်စရာလား။ မင်း၊ အကြီးမ



www.burmeseclassic.com

www.burmeseclassic.com



ကိုရွေးချယ်တာ သိပ်မှားတယ်။ အခု မေမေအတော့်ကိုဒေါသ
ထွက်နေပြီ”

“သို့လည်း ဘွားရဲ့မြေးပဲလေဖေဖေ”

“မှန်တယ်လေ။ ဒါပေမဲ့ . . . မတူဘူးလေ သားရဲ့။ သို့
မေမေက လုံးဝအသိအမှတ်ပြုသေးတာမဟုတ်ဘူး။ ဒီကောင်မလေး
ရဲ့ညဉ်ကို ငယ်ငယ်ကတည်းက မကြိုက်တာလို့ပြောခဲ့တာ။ နောင်
ဆုံးကုန်ကုန်ပြောရရင် မေမေက မင်းနဲ့သူ့မြေးတို့လက်မတွဲဖြစ်
တောင်မှ မင်းအတွက်သီးသန့်အစီအစဉ်ရှိထားပြီးသားကွ။ ဒါပေ
သို့တော့မဟုတ်ဘူး။ အဲဒါအသေအချာပဲ”

သူ, ဒန်းပေါ်မှာထိုင်နေရင်း ဖေဖေ့ကိုမော့ကြည့်လိုက်ပါ
မြေးချင်းအတူတူတောင် သျှားနဲ့မှပဲ သဘောတူသတဲ့လားဘွားရယ်

“သို့မှာ ဘာအပြစ်တွေများကြီးကြီးမားမားရှိနေလို့လဲဖေဖေ
တကယ်ဆို မြေနိမ့်ရာလှံစိုက်ခံဘဝမှာ ရှင်သန်ခဲ့ရတဲ့မိန်းကလေး
ကို ပိုပြီးကရုဏာသက်သင့်တာမဟုတ်လား။ မေမေတောင်မှ မိန်း
ကလေးပီသတဲ့သို့ကို ပိုအလေးသာခဲ့တာပဲ။ ဒါကိုတောင်မှ. . .

“မဟုတ်သေးဘူး”

ဖေဖေက ခေါင်းခါလျက် သူ့စကားကိုဖြတ်လိုက်လေး





ကိုယ်, ဖေဖေနဲ့အခုလိုတိုက်ပွဲဝင်ရမယ်ဆိုတာကို မျှော်လင့်
ထားပြီးသားပါ,သို့။ ဒါပေမဲ့. . . အခုလို ကိုယ်တို့ချစ်သူသက်တမ်း
သုံးလေးလလောက် အစောကြီးဖြစ်လာမယ်လို့ မထင်ခဲ့မိတာအမှန်
ပါ။

“သားမေမေက ဘွားအိမ်ကိုသိပ်ဝင်ထွက်တဲ့သူမှ မဟုတ်ဘဲ
,သား။ ဖေဖေက အမြဲဝင်ထွက်နေထိုင်ခဲ့တဲ့သူပါ။ သားရော၊ မေပါ
မသိသေးတာတွေ အများကြီးရှိသေးတယ်။ ဖေဖေ သူတစ်ပါးရဲ့
အားနည်းချို့ယွင်းချက်ကို ဖွင့်မပြောပြချင်ပါဘူး။ ဒါပေမဲ့ အခုသား
ဘဝရေးရေးအတွက်တော့ မပြောမဖြစ်လို့ ဖွင့်ပြောရတာပါ။ သို့ဟာ
အိမ်ထောင်မပြုသင့်တဲ့မိန်းကလေးတစ်ယောက်ဖြစ်နေလို့ ဖေဖေ
သားကိုတားရတာပဲ,သား”

“ဗျာ! ”

“ဟုတ်တယ်။ ဖေဖေက သားရိပ်မိလိမ့်မယ်ထင်ပြီး သတိ
မပေးခဲ့မိတာမှားတာပဲ။ သားကိုယ်တိုင် ဆေးကျောင်းတက်နေတာ
ဆိုတော့ ဒီလိုဝေဒနာသည်မျိုးကို မြင်ဖူးတွေ့ဖူးမယ်လို့ထင်ထားတာ
လေ”

“ဘာ. . . ဘာရောဂါမို့လဲဖေဖေ”



www.burmeseclassic.com

www.burmeseclassic.com



"Psychosis"

"ဗျာ! "

သူ့နားထဲ ဗုံးပေါက်သွားသလို အုန်းခနဲမြည်ဟည်းကာ နား တွေထူပူလာရလေ၏။ ဘုရား . . . ဘုရား . . . psycho တဲ့။ သို့ မှာ ဒီရောဂါရှိနေတာကို သူ ဘာဖြစ်လို့မတွေ့ခဲ့မိတာပါလိမ့်။

"သူ့ ကိုးနှစ်အရွယ်မှာဖြစ်ဖူးတာ သူ့အမေအသိဆုံးပေါ့။ သျှားအပေါ်မှာ မနာလိုစိတ်တွေ စုပြုံပြီးဖြစ်ခဲ့တာလို့ ဆရာဝန်က မှတ်ချက်ချခဲ့တယ်။ ပထမဆုံး သျှားရဲ့အရုပ်တွေကို အပိုင်းပိုင်းဖြတ် တောက်ပစ်တာ။ နောက်တော့ သျှားပိုင်တဲ့အရာမှန်သမျှ မသိ မသာဝှက်လာတာပဲ။ မမခင်က သူ့ဝှက်သမျှ မေမေ့ကိုပြန်အပ်မှ သိခဲ့ရတာ။ သျှား (၇)နှစ်ပြည့်မွေးနေ့မှာ သူ့ကိုဆေးရုံတင်လိုက်ရ တာပဲ"

"သူ . . . သူဘာလုပ်ခဲ့လို့လဲဖေဖေ"

"သျှားကို လှေကားကနေ တွန်းချခဲ့တာ"

"ဟာ! "

သူ့ မျက်ဝန်းအစုံကိုမှိတ်ချလိုက်မိ၏။

ဘုရားရေ . . . ဒါလုပ်ကြံမှုမြောက်တာပဲ။





ကလေးတစ်ယောက်ရဲ့အသက်ကိုတောင် ရန်ရှာရဲရတယ် လို့ . . . သျှီရယ်။

"အဲဒီတုန်းက ဖေဖေက သမီးလေးကိုခေါ်ဖို့ လှေကားက တက်လာရင်းတွေ့လိုက်ရတာ ကံကောင်းသွားတယ်။ ဖေဖေ ဆီး ပွေ့လိုက်ပေမယ့် နဖူးတော့ပေါက်သွားတာအမှန်ပဲ။ သျှားဆီမှာ အဲဒီအမာရွတ်လေး ခုချိန်ထိရှိနေတုန်းပါ။ ဒါကြောင့် သနားတဲ့ချစ် စိတ်နဲ့ သမီးလေးရဲ့အမာရွတ်နေရာလေးကို ဖေဖေနမ်းရှိုက်ခဲ့တာ ဒီနေ့အထိပဲ။ ဆံပင်တိုတိုညှပ်ထားလို့ ဒီအမာရွတ်လေးကိုမတွေ့ ရတာပဲ သား"

သူ့ ခေါင်းငိုက်စိုက်ကျသွားရပါ၏။ အထင်နဲ့အမြင်တွေ ပြောင်းပြန်ဖြစ်ကုန်ပါရောလား။ သိမ်မွေ့ခြင်းအတိနဲ့အလှရှင်၏ မာယာထောင်ချောက်ထဲမှာ သူ့အငိုက်မိခဲ့ရတာပေါ့။

ရှက်ဖို့ကောင်းလိုက်တာနော်။ ဘွားနဲ့ ဘယ်လိုမျက်နှာ ချင်းဆိုင်ရပါ့မလဲ။ ဘွားချစ်တဲ့မြေးကိုမရွေးဘဲ မရွေးသင့်တဲ့မိန်း တလေးကိုမှ သူချစ်မိတာ ဘွားဘယ်လောက်ထိအပြစ်တွေတင်လိုက် မလဲနော်။

"ညကပဲ မေနဲ့စကားများကြသေးတယ် . . . ဖေဖေရှင်းပြမှပဲ



www.burmeseclassic.com

www.burmeseclassic.com



သားမေမေနှုတ်ဆိတ်သွားရတာ၊ စဉ်းစားပေါ့သားရယ်။ မဖြစ်နိုင်ဘူးလို့သိလျက်နဲ့ ဖေဖေ့သား ဇွတ်မိုက်လိမ့်မယ်လို့မထင်ပါဘူး"

"ကျွန်တော်. . . ကျွန်တော်. . . သျှီ့ကိုချစ်တယ်ဖေဖေ"

ဖေဖေက သူ့ကိုကျောခိုင်းထားရာမှ လှည့်ကြည့်လာလေ၏။ သူက ဖေဖေ့အကြည့်တွေကိုရင်မဆိုင်ဝံ့ဘဲ ခေါင်းကိုငုံ့ထားလိုက်မိသည်။

"သားအသက်အရွယ်၊ သားရဲ့ပညာနဲ့ သူ့ထက်သာတဲ့မိန်းကလေးတစ်ယောက်ယောက်ကိုရွေးနိုင်ပါလျက်နဲ့"

"ကျွန်တော် ယောက်ျားကတိတည်ပါရစေလားဖေဖေ။ သျှီ့ကိုလက်ထပ်ပါ့မယ်လို့ ကတိပေးပြီးသားဖြစ်နေလို့ပါ"

"မိုက်လိုက်တာသားရယ်။ ဒီလိုမိန်းကလေးမျိုးကိုမှ သားရွေးချယ်ချင်သတဲ့လား။ သူ့ရောဂါက အိမ်ထောင်ပြုလိုက်ရင် ပိုပြီးဆိုးလာနိုင်တာမျိုးနော်"

ဖေဖေက သူ့ဘေးမှာဝင်ထိုင်လျက် သက်မချလေ၏။ သူ့ပခုံးကိုအသာဖက်လျက် ချော့ပြောပြန်လေသည်။ သျှီရယ်. . . ကိုယ့်အမြင်တွေကိုဝေဝါးအောင် ဖေဖေပြုလုပ်နေတာကို မင်းမြင်နေမလား။





"သနားတာနဲ့ချစ်တာကို မရောထွေးမိစေနဲ့သား။ သျှီဟာကရုဏာသက်စရာကောင်းတဲ့ မိန်းကလေးဖြစ်နေတာမှန်ပေမယ့် ဘဝနှစ်ခုပေါင်းစပ်တဲ့အထဲမှာတော့ မပါသင့်တာအမှန်ပဲ"

"ကျွန်တော်, သျှီ့ကိုပဲရွေးပါရစေဖေဖေ။ တောင်းပန်ပါတယ် ပူလောင်နေတဲ့သျှီ့ဘဝလေးကို အေးမြစေချင်တဲ့စေတနာတွေဖြစ်တည်နေလို့ပါ"

"ဖေဖေ့သားဟာ တကယ့်စိတ်ကူးယဉ်သမားဖြစ်နေပါရောလား။ မင်း, သူ့ကိုရွေးလို့မဖြစ်ဘူးမိုးသန့်ဖြူ။ ဘာဖြစ်လို့လဲဆိုတော့ မေမေက သျှီ့ကို မနက်ကျခေါ်လာခဲ့ဖို့ ဖေဖေ့ကိုအမိန့်ပေးစေလွှတ်လိုက်လို့ပါ"

"ကျွန်တော်, သျှီ့ကိုရွေးခွင့်မရရင်လည်းနေပါစေ ဖေဖေ။ ဒါပေမဲ့ သျှားကိုလည်း ရွေးမှာမဟုတ်ဘူး။ အဲဒါအသေအချာပဲ။ ကျွန်တော်, သျှားကိုညီမလေးလိုပဲချစ်ပါရစေ"

"ကောင်းပြီလေ၊ ဖေဖေ, ဘွားအိမ်စည်ကိုပြန်ပြောလိုက်ပါ့မယ်။ ယောက်ျားဆိုတာ ကိုယ်ပြောတဲ့စကားကို ဆိုခဲ့စေမြဲစေတည်တတ်ရတယ်တဲ့။ ဒါကြောင့်လည်း ဘွားအိမ်စည်က စကားကိုဆုတ်အာတက်သာရှိနေအောင် လမ်းခင်းပေးထားပြီးပြောထားတာပဲဟုံး။



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာပေါ့။ မနက် ဖေဖေပြန်မယ်,သား. . . သျှားလေးကို အနှောင့်အယှက်ပေးနေတယ်လို့ ညီငယ် phone ဆက်ပြောလို့သိခဲ့ရ တာ။ တကယ်တမ်းကျတော့ ဖေဖေ့သားကပါ သို့ဘက်ကတစ် တပ်တစ်အားပါဝင်နေတာကိုး။ ဖေဖေ စိတ်မကောင်းဖြစ်ရတာ အမှန်ပဲသား။ ရင်ထဲမှာလည်း နာတယ်လေ"

သူတစ်ယောက်တည်း ငိုင်ကျန်ရစ်ခဲ့ပါ၏။ ဖေဖေက အိမ်ထဲသို့ပြန်ဝင်သွားချေပြီ။ ရင်တွင်းမှ ဒွိဟဖြစ်ပေါ်နေသည့်စိတ်ကို နားမလည်ပါချေ။ သူဘာတွေများဖြစ်နေတာပါလိမ့်။ ခုချိန်ထိ ဝေခွဲမရနိုင်ခြင်းတွေထဲမှာ လှောင်ပိတ်မိနေပြီး အသက်ရှုကျပ်နေတာကိုတော့ သူကိုယ်တိုင်သာသိပါသည်လေ။

❁

မှောင်ရိပ်သမ်းလာပြီမို့ထရန်ရွယ်ရင်း လေးလေးတို့သားအဖ ပြောတာတွေကို အတိုင်းသားကြားလိုက်ရပါ၏။ ထင်မှတ်မထားတဲ့ စကားတွေမို့ အံ့အားသင့်ကာ ရင်ထဲမှာ စို့တက်လာမိသည်။ ပန်းခုံကိုမှီ၍စာကျက်နေရင်း မှေးခနဲအိပ်ပျော်သွားရာမှ လေးလေးအသံ





ကြောင့် လန့်နိုးခဲ့မိတာ။ အခုတော့ ရင်ထဲမှာ နာကျင်စရာတွေသာ မြည့်စေခဲ့တာပါလား။

ညီမလေးတဲ့. . . တကယ့်ကို ညီမလေးလို့ပဲသဘောထားတာလားကိုကို။ ကောင်းပြီလေ, သျှားမှာလည်း ရှိသင့်ရှိထိုက်သလောက်မာနလေးတော့ရှိပါတယ်။ ကိုကို့အမြင်မှာ ကလေးတစ်ယောက်လိုပေါ့ပျက်ပျက်နေထိုင်တတ်ပေမယ့် သျှားရဲ့ရင်ထဲမှာ လေးနက်တဲ့ချစ်ခြင်းတွေရှိနေတာ ကိုကိုမသိဘူးတဲ့လား။

မဲ့ပြုံးက ပြုံးမိပြန်၏။ လေးလေးကိုတွေ့တုန်းကလို ဟက်ဟက်ပက်ပက်ရယ်မောပျော်ရွှင်ခွင့်တွေ ဘယ်ဆီကိုလွင့်ပြယ်ခဲ့ပြီလဲ။ ငယ်သူရဲ့နှလုံးသားမှာ ဒဏ်ရာထင်ကျန်ရစ်အောင် ကိုကိုပြုစားရက်လေခြင်းဟု အပြစ်မတင်ရက်ပါလေ။ ဒီအရွယ်မှာ ရင်ခုန်စိတ်လှုပ်ရှားမှုဘာသာရပ်ကို လေ့လာတတ်ကြတာမှန်ပေမယ့် ရင်ထဲက စစ်မှန်ခြင်းတွေကို ကိုကိုမှမမြင်တတ်လေဘဲ။

မျက်ဝန်းမှစီးကျလာသည့်မျက်ရည်တွေကို လက်ဖြင့်ပွတ်သုတ်လိုက်စဉ် သူက အိမ်ထဲဝင်သွားပါ၏။ ခဏအကြာမှာ ဦးငယ်ခေါ်သံက ထွက်လာလေသည်။

"သမီးငယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ တွန့်ခနဲဖြစ်သွားရပါ၏။ အပြင်မှာရှိနေတာကို သူသိသွားမှာစိုးလှပါသည်လေ။ ချုံအကွယ်မှထရပ်လိုက်စဉ် ဦးငယ်က သူမနားသို့ရောက်လာလေပြီ။

"မှောင်နေပြီလေသမီးရယ်။ ဘာလို့မဝင်သေးတာလဲ"

"ဦးငယ် . . . သျှား . . . သျှား . . . ဖြိုးတို့အိမ်မှာပဲသွားနေပြီး စာမေးပွဲဖြေရင်ကောင်းမလားလို့"

"ဘယ်ဖြစ်မလဲသမီးရဲ့။ မေမေသိရင် ဦးငယ်ကိုဆူလိမ့်မယ်။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ဟို . . . သျှားအတွက် ပိုပြီးအဆင်ပြေမလားလို့ပါ"

"မဖြစ်နိုင်ဘူး၊ အခုလေးတင်ပဲ သားနဲ့ပြောနေတာ။ သမီးကို စာမေးပွဲတွင်း ကြိုပို့လုပ်ပေးဖို့တိုင်ပင်နေတာပြီးပြီလေ"

သူမသက်ပြင်းရှိုက်လိုက်မိပါ၏။ လေးလေးမပြန်ခင် မှာစရာရှိတာကို မှာလိုက်မှပါပဲ။ ဒါမှ သူဖြစ်စေချင်သလို သူနဲ့ ဒီဘဝမှာ ညီမလေးပဲတော်ခွင့်ရမှာလေ။

"လေးလေးအိပ်ပြီလား, ဦးငယ်"

"မအိပ်သေးဘူး။ ဧည့်ခန်းမှာထိုင်နေတုန်းပဲ"





သူမခေါင်းကိုညိတ်ကာ စာအုပ်ပိုက်လျက် အိမ်ထဲဝင်လိုက်တော့ လေးလေးရောသူပါ ဗွဲ့အားသင့်စွာကြည့်လိုက်လေ၏။

"ဖြိုးတို့အိမ်က အခုပဲပြန်ရောက်တာ"

"စက်ဘီးယူမသွားဘူးလားသမီး"

"chain ကျနေလို့ပါအန်တီ"

ဦးငယ်က သျှားခေါင်းကိုလှမ်းပုတ်လိုက်တော့ သူမရယ်လိုက်ပါ၏။ ဦးငယ်ရှေ့မှာ လိမ်ပြောမိပြီကိုး။ ဒါပေမဲ့ ဘာမှထုတ်မပြောတာမို့တော်ပါသေး၏။ သူမက လေးလေးဘေးမှာကပ်၍ ထိုင်ချလိုက်ပါသည်။

"လေးလေး"

"ဘာလဲသမီး"

"သျှားစာမေးပွဲပြီးရင် လာခေါ်နော်"

"ပြီးပြီးချင်းနေ့လား"

"ဟုတ်! ဖြိုးပါလိုက်မှာတဲ့"

"ခေါ်ပေါ့သမီးရဲ့။ ဘွားကို လေးလေးပြောထားမှာပေါ့"

"ဒါဖြင့် သျှား,စာသွားကျက်တော့မယ်နော်"

"အေးအေး"



www.burmeseclassic.com

www.burmeseclassic.com



သူမရင်တွေပူလာတာမို့ ရေသောက်ရန် မီးဖိုခန်းဘက်ဝင်ခဲ့စဉ် သူကနောက်မှပါလာလေ၏။

"သွား"

"..."

"သွား... ကိုယ်ခေါ်နေတယ်လေ"

"အာ... ရေဆာနေလို့ပါဆိုမှ ကိုကိုကလည်း တမျှောင့်ကွာ"

"မြို့တို့အိမ်ကပြန်လာတာ တကယ်လား"

"မှသားမပါ လက်ာမချောတဲ့ကိုကိုရဲ့။ သွားဒီလိုပြောမှ ကိုကို မျက်နှာပူသက်သာမှာပေါ့၊ မဟုတ်ဘူးလား"

"ဒါဖြင့်... ဒါဖြင့် ကိုယ်တို့ပြောတာတွေကို သွားအကုန်ကြားတယ်ပေါ့လေ"

သူမ ရေကိုမော့သောက်လိုက်ပြီးမှ တစ်ချက်ရယ်လိုက်ပါ၏။ သူမျက်လုံးပြူး၍ကြည့်နေတာကို ခပ်ရဲရဲပင်ပြန်ကြည့်လိုက်မိသည်။

"လန့်မသွားပါနဲ့ကိုကိုရဲ့။ နည်းနည်းပါးပါးပဲကြားလိုက်တာပါ။ သွားက စာကျက်ရင်း မေ့ခနဲအိပ်ပျော်သွားပြီးမှ လန့်နိုးသွားတာလေ"

"ဘာ... ဘာကြားတာလဲ"





"ညီမလေးလိုပဲချစ်ပါရစေတဲ့၊ ကဲ! သိပြီလား။ သွားကလည်း ကိုကိုသိအောင် ပြောချင်ပါတယ်။ ကိုကို့ကိုလည်း သွားက အစ်ကိုတစ်ယောက်လိုသဘောထားခဲ့တာကြာပါပြီ။ ကိုကိုနဲ့စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ပြီးကတည်းကဆိုပါတော့။ ဒါပေမဲ့ ပျင်းစရာတော့ တော်တော်ကောင်းသွားတာအမှန်ပဲ။ ကိုကိုနဲ့ရန်ဖြစ်တဲ့ကာလတွေကို သွားအမြဲအမှတ်ရနေမှာပါ။ ကိုကိုဒေါသဖြစ်တဲ့မျက်နှာကိုပြန်မြင်ယောင်ရင်း သွား, ညတိုင်းရယ်ခဲ့ရတာကိုး။ အခုတော့ ပုံပြင်လေးတစ်ပုဒ်ဖြစ်သွားရပြီပေါ့။ ဘာပဲဖြစ်ဖြစ် ကိုကိုလည်း အဲဒီရက်လေးတွေကိုအမြဲအမှတ်ရနေလိမ့်မယ်ဆိုတာကို သွားသိနေပါတယ်"

သူ့မျက်နှာပြင်မရအောင်ကို ပျက်ယွင်းရချေပြီ။ ကလေးတစ်ယောက်ရဲ့သဘောထားကြီးမြတ်မှုက သူ့စိတ်ကိုအရှက်ရစေတာကိုး။ သူကတော့ဖြင့် ဒီကောင်မလေး အငြိုးထားတတ်တာကိုတွေးမိပြီး လန့်နေခဲ့တာလေ။ သူမက ရေဘူးကိုရေခဲသေတ္တာထဲပြန်ထည့်ကာ သူ့ဘေးမှထွက်သွားရန် ပြင်လိုက်ပါ၏။ ပြီးမှ တစ်ခုခုကိုသတိရသွားပုံဖြင့် သူ့နားကပ်ကာ တိုးတိုးပြောလိုက်လေသည်။

"ဘယ်တော့မှမပြောင်းလဲကြေးပေါ့နော်ကိုကို။ ကိုကို, တစ်ယောက်ယောက်ကိုလက်ထပ်သွားပြီး သားသားတွေမီးမီးတွေရချိန်



www.burmeseclassic.com

www.burmeseclassic.com



ထိ ကိုကို့ညီမလေးနေရာမှာ သျှားရှိနေမှာပါ၊ ကိုကိုလည်း ကြားဖူးနှားဝရှိနေမှာပေါ့။ ဒါစကားကို သျှား့မသိပေမယ့် ဖြိုး့ပြောလို့သိခဲ့ရတာလေ။ (၅၂၈)ဆိုတာ နှစ်တွေဘယ်လောက်ကြာညောင်းစေဦးတော့ မဆွေးမြေ့၊ မပြတ်တောက်တဲ့ကြိုးတစ်ချောင်းတဲ့။ ဖြိုးက သျှားကို အဲဒီကြိုးနဲ့အမြဲချည်ထားတယ်လို့ပြောလို့ပါ။ အခုနောက်ထပ်ကြိုးတစ်ချောင်းကို သျှားလက်ခံလိုက်ပြီ။ ကိုကို့အတွက် ထာဝရညီမလေးအဖြစ်ပေါ့လေ"

သူမက သူ့ကိုခပ်စူးစူးလေးကြည့်လိုက်ပြီး မဲ့ပြုံးလေးပြုံးပြလိုက်ကာ ထွက်သွားပါလေ၏။ ရင်ထဲမှာအောင့်သက်ခြင်းများစွာဖြင့် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရပါလေသည်။ တွေဝေတုံ့ဆိုင်းတတ်တဲ့ကိုယ့်စိတ်ကို ဒဏ်ခတ်လိုက်တာလား။

ဒါမှမဟုတ်. . . ကိုယ့်ရင်ထဲက ချစ်ခြင်းကို စိမ်ခေါ်လှောင်ပြောင်လိုက်လေသလား သျှားရယ်။

❁ ❁ ❁



# နောက်သုံးနှစ်ကြာပြီးသည့်နောက်

www.burmeseclassic.com

www.burmeseclassic.com



ညိုမလေးတဲ့လားကွယ်

## အခန်း ( ၁၇ )

'ဘွား

သျှား,တရေးလိုက်ပါတယ်။ မနက်ဖြန်မှာ သျှား, မြန်မာစာ စဖြေရမှာလေ။ အဲပေမဲ့...ဒီအကြိုညမှာ သျှား,မျက်ရည်ကျနေရတာကို ဘွား သိစေချင်လိုက်တာ။

ဘွားရယ်...လေးလေးကိုချစ်တာနဲ့ပဲ လေးလေးရဲ့သားနဲ့ သျှားကို ဘာဖြစ်လို့ သဘောတူထားရတာလဲ။ အဲဒီလို ဘွားစီမံထားလို့ မဖြစ်သင့်တာတွေ ဖြစ်ပျက်ခဲ့ရတာပါ။ ဘွားချစ်တဲ့မြေး ဆေးကျောင်းသားလေးက မကိုမှချစ်သတဲ့။ မကိုမှလက်ထပ်ချင်တယ်လို့ပြောတော့ လေးလေးက



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတွေ အရမ်းထွက်ခဲ့ရတယ်။ ပြီးတော့...မမရဲ့ရောဂါအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တယ်လေ။

နောက်ဆုံးတော့ သျှားတို့ညီအစ်မနှစ်ယောက်စလုံးကို သူခေါ်ခဲ့လိုက်တာ ဘာကြောင့်လဲဆိုတာကို သျှားတွေးမိပြီး သိသွားရပါပြီ။ အဲ့ဒါကတော့ သွေးချင်းတစ်ဝမ်းကွဲအစ်မဖြစ်တဲ့မမရဲ့ရောဂါကြောင့် သူ နောက်ဆုတ်သွားတယ်ဆိုတာကိုပေါ့။ သျှားတကယ်စိတ်မကောင်းဖြစ်ခဲ့ရတာပါ။ ဒါပေမဲ့...စိတ်ကို ကျိတ်ပြီးဖြေသိမ့်ခဲ့ပါတယ်။

သျှားမှာ အသက်သာငယ်ပေမယ့် မာနတော့ရှိပါသေးတယ် ဘွား ရဲ့။ သျှားမာနနဲ့ သျှားစိတ်ကိုပြန်တင်းထားနိုင်တာပါ။ ဘယ်လောက် သံယောဇဉ်ရှိနေစေဦးတော့ သျှားကိုမချစ်နိုင်တဲ့လူတစ်ယောက်နဲ့ လက်ထပ်ဖို့ သျှားငြင်းချင်ပါတယ်။ ပြီးတော့...သျှားကလည်း အသည်းတစ်ခြမ်း သာရှိတဲ့ သူ့လိုဆေးကျောင်းသားတစ်ယောက်ကို လက်မခံချင်ပါဘူး

ဒီတော့...သူနဲ့သျှား မောင်နှမတွေလိုပဲသဘောထားလိုက် အကောင်းဆုံးပါလေ။ သျှားအတွက် သူဟာ ထာဝရအစ်ကိုတစ်ယောက် ဖြစ်နေသလို၊ သူ့အတွက်လည်း အမြဲတမ်းညီမလေးဖြစ်ခွင့်ရဖို့နဲ့ ကျေနပ်လိုက်ပါတယ်။ နောက်ကို သျှားအတွက် အိမ်ထောင်ဖက် ရှာ မပေးပါနဲ့တော့။ သျှားချစ်တဲ့သူ၊ ချစ်နိုင်မယ့်သူကိုပဲ ရွေးချယ်ပါရစေ။





ဘွားလည်း နေကောင်းအောင်နေနော်။ စာမေးပွဲပြီးတာနဲ့ လေးလေးနဲ့ အတူ သျှား ပြန်လာခဲ့မှာပါ။

ဘွားကိုသိပ်ချစ်တဲ့မြေး

သျှား'

ဘယ်နှကြိမ်မြောက်မှန်းမသိ ဖွင့်ဖတ်မိသည့်စာရွက်လေးက ဝါညစ်ညစ်ဖြစ်ကာ ခေါက်ရိုးကြေနေချေပြီ။ ဩော်. . . သုံးနှစ် တောင်ကြာခဲ့ပြီပဲ။ မှင်တွေတောင် ခပ်မှိန်မှိန်သာ ကျန်တော့ပေမယ့် ဒီစကားလုံးလေးတွေကို သူအလွတ်ရနေသည်မှာအမှန်ပင်။ ဖေဖေ နဲ့ပေးလိုက်တဲ့စာကို ဘွားက သူ့ထံစာတိုက်မှပို့ပေးခဲ့တာလေ။

သျှားရယ်. . . ကိုယ်အမှတ်တမဲ့ပြောလိုက်တဲ့စကားကိုမှ မင်း အမှတ်ထားခဲ့တာတဲ့လား. . . ညီမလေးတဲ့. . . ဘယ်လောက်ချစ် စရာကောင်းလိုက်တဲ့သညာလေးလဲဆိုတာကို မင်းမတွေးမိဘူးပေါ့

ဟုတ်ပါတယ်။ ကိုယ်က အသည်းတစ်ခြမ်းသာရှိ တစ်ယောက်ပါ။ ဒါပေမဲ့. . . ကိုယ့်အသည်းတစ် သူဟာ ဘယ်သူလဲဆိုတာကိုတော့ မင်းမသိနိုင်



www.burmeseclassic.com

www.burmeseclassic.com



မေမေနေ့စဉ်နဲ့အမျှ နားချခဲ့တဲ့စကားသံတွေ၊ ပြင်ပမှကြား နေရတဲ့ကောလဟာလတွေဟာ ကိုယ့်နှလုံးသားကိုတွေဝေစေခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ ရင်ထဲကနှလုံးသားမှာ ဘယ်သူထင်ကျန်ရစ် သလဲဆိုတာကို ကိုယ်ကိုယ်တိုင်ပဲသိတာပါလေ။

ကိုယ်က တွေဝေတတ်တယ်။ ဆုံးဖြတ်ချက် မခိုင်မာ၊ မပြတ် သားတတ်ဘူး။ ဒါကြောင့်လည်း အချစ်ရေးမှာ ကိုယ်နောက်ကျန် နိမ့်ခဲ့ရတာပေါ့။ ဒါပေမဲ့ အဲဒီအကျင့်ဆိုးတွေကို ခုတော့ ကိုယ်ပြင် တတ်သွားပါပြီ။ ပျောက်ပျက်အောင်ပြောတတ်ခဲ့ပါပြီ။ ဒါကို သူ သိအောင် ကိုယ်ဘယ်လိုသက်သေပြရမလဲ။

ခုဆိုရင် မင်းဘေးနားမှာ မင်းရွေးချယ်တဲ့ကောင်လေးတစ် ယောက်ယောက်တော့ ရှိနေလောက်ပြီပေါ့နော်။ အဲဒီကောင်လေးရဲ့ မိတ်ဆက်ပေးတဲ့အခါမျိုးမှာ လှိုက်လှိုက်လှဲလှဲပြုံးပြနိုင်ဖို့ ကိုယ်ဟန် ဆောင်နိုင်ပါ့မလား။ ကောင်လေးရှေ့မှာရော မင်းကိုညီမလေးလို့ ခေါ်တဲ့အခါ ကိုယ့်အသံတွေမတုန်အောင် ထိန်းထားနိုင်ပါ့မလား။

ဘာမှမသေချာပါလားသျှားရယ်။ ရင်မောပြီးရောက်လာ မယ့်လူကို မင်းရဲ့အပြုံးလေးနဲ့ နှစ်သိမ့်မှုပေးပြီး အမောပြေပါစေ တော့။ အသည်းဟက်တက်ကွဲတာကို လူသိမခံနိုင်အောင် တိုင် တိတ်ခံစားပါ့မယ်ကွယ်။

အမြဲတမ်း . . . ညီမလေးတဲ့လား။ ထာဝရ . . . ကိုကိုတဲ့။ ချွဲနွဲ့ခေါ်သံမျိုးမဟုတ်ပေမယ့် အဲဒီကိုကိုလို့ခေါ်သံလေးတွေကြား မှာ ကိုယ် ညစဉ်အိပ်ပျော်ခဲ့တာအမှန်ပါပဲကွယ်။

❁

Taxi က ဘွားခြံထဲဝင်လာပြီမို့ သူခါးကိုမတ်မတ်ထိုင်လိုက် ပါ၏။ ဘွားမေးလာသည့်မေးခွန်းတွေကို သူဘယ်လိုဖြေရမလဲ။ ဘွားရဲ့အကြည့်တွေကို သူဘယ်လိုရင်ဆိုင်ရမှာလဲ။ မျက်နှာပူနေရ ပေမယ့် ဖေဖေတို့က သူ့ကို ဒီအိမ်မှာလာခေါ်မှာမို့လာခဲ့ရခြင်းပင်။

ကားက တိုက်အိမ်ကြီးရှေ့မှာ အသာရပ်သွားပါ၏။ သူဆင်း လိုက်စဉ် အလုပ်သမားတွေက သူ့ပစ္စည်းတွေကို ကားပေါ်မှလာ သယ်ပေးကြလေသည်။

"ကိုကိုကြီးကို အပေါ်ထပ်ဧည့်ခန်းမှာ ဘွားစောင့်နေပါတယ် ရှင့်"

သူခေါင်းညိတ်ပြလိုက်ပြီး လေ့ကားကို တစ်ထစ်ချင်းတက်







www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ဒီလှေကားပေါ်ကနေ ညီမလေးကို သျှို့တွန်းချခဲ့တာပေါ့။ ကြည့်စမ်း! စိတ်ကူးထဲကနေ ညီမလေးလို့ခေါ်လိုက်ရုံနဲ့ သူ့ရင်ထဲမှာ ဘယ်လောက်များငြိမ်းအေးသွားရပါလိမ့်။ အတွေးဖြင့်သူပြုံးလိုက်မိစဉ် လှေကားထိပ်မှာ ရပ်စောင့်နေသည့်ဘွားနှင့် ဆုံလေ၏။

"အမယ်! ငါ့မြေးပြုံးလာပုံထောက်ရင် ဘာတွေများ သဘောတကျတွေးလာတာလဲ။ တစ်ခုခုတော့ဖြစ်မှာပဲ"

"မဟုတ်ပါဘူး ဘွားရဲ့"

"မဟုတ်ဘူးသာပြောတယ်။ သားမျက်နှာက ကျေနပ်ပြီး ပြုံးချိုနေတာကိုး"

သူကမလုံ့မလဲပြုံးကာ အပေါ်ထပ်ကို မျက်လုံးဝေ့ကြည့်လိုက်မိသည်။

"ရှာမနေနဲ့ သျှိုတို့သားအမိကို ဘွားကအမွေအလုံအလောက်ခွဲပေးပြီး တစ်နေရာမှာ သွားနေခိုင်းလိုက်ပြီ။ သျှိုလည်း ဦးနှောက်က သိပ်မကောင်းတော့ဘူး။ ဆေးတွေလည်း လိုက်မမီနိုင်တော့တာပဲထင်ပါရဲ့"

"ညီမလေးရော"





"ဟော! သားကဘွားမြေးကိုရှာနေတာပေါ့လေ၊ လက်သေတ်တော့ ဒီလိုကိုး"

"အာ. . . ဘွားကလည်း၊ ကျွန်တော်က ရိုးရိုးသားသားရှာတာပါ"

"အေးလေ. . . ဘွားကရော ဘာပြောမိလို့လဲ။ မပြောမရှိနဲ့နော်။ ဘွားမြေးက တစ်နေ့တခြားပိုပြီးလှလှလာတာပြေးရဲ့။ လာတောင်းကြတဲ့လူတွေကလည်း အောတိုက်ပဲ။ မြေးရော ရည်ရွယ်ထားတဲ့သူရှိနေပြီလား"

"ဟင့်အင်း"

သူ မပွင့်တပွင့်ဖြေတာကို ဘွားကတီးတိုးရယ်ကာ သူ့လက်ကိုဆွဲပြီး ထိုင်ခုံမှာထိုင်ခိုင်းလိုက်လေ၏။

"ရှိရင်လည်း ဘွားကိုပွင့်ပွင့်လင်းလင်းပြောပေါ့မြေးရဲ့။ ဘွားကိုယ်တိုင်လိုက်တောင်းပေးမှာပါ"

ဘွားရယ်, ရင်ထဲမှာရှိနေတဲ့တစ်ယောက်သောသူကို ထုတ်ပြောလိုက်ချင်ပေမယ့် ကျွန်တော်ဘယ်လိုမျက်နှာနဲ့များ ပြောရပါ့မလဲ။

"မြေးညီမကျောင်းသွားတယ်လေ။ ခဏနေပြန်လာပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သူရောက်လာရင် လူထက်အရင် အသံက အရင်ဆုံးရောက်တာ။ ပြီးမှ အတူတူထမင်းစားကြတာပေါ့နော်"

"ဟုတ်ကဲ့ ဘွား"

သူ ရေချိုးအဝတ်အစားလဲ၍ ခြံထဲဆင်းပြီးလမ်းလျှောက်ရန် အိမ်ထဲမှထွက်လိုက်စဉ် ကားရပ်သံနှင့်အတူ သူမအသံစာစာလေးကိုကြားလိုက်ရလေ၏။

"ဘွားရေ. . . မြေးပြန်လာပြီ"

ပြန်းခနဲဆိုလိုက်ချိန် သူမလက်ထဲမှ T-square က သူ့နဖူးကို ဒေါင်ခနဲရိုက်မိလေ၏။

"အာ"

"ဟာ! ကန်တော့. . . ကန်တော့. . . ဥုံဖွ. . . ကိုကိုပါလား။ ဘယ်တုန်းကရောက်တာလဲ"

"ခုနလေးတင်ပဲ"

"ကျောင်းပြီးသွားပြီပေါ့"

"အင်း"

"ဒါဖြင့် ဆရာဝန်ဖြစ်သွားပြီပေါ့နော်"

"ဒါပေါ့"





"ဒါဆို ကိုကိုဒေါက်တာလို့ပြောင်းခေါ်ရတော့မယ်ထင်ပါရဲ့။ သန်ဘက်ခါလောက်မှ လေးလေးနဲ့အန်တီလာမှာ ကိုကိုရ။ ရောက်တုန်းနားပေါ့"

သူခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ အပြုံးနုနုဖြင့် စကားတွေ ပေါက်ပေါက်လျှော်အောင်ပြောနေသည့် ချာတိတ်မလေးကဖြင့် သူနှင့်ဘာမှစကားများခဲ့ပုံမပေါ်ဘဲ ရယ်မောလို့ပါလေ။ သူ့မှာသာ လှတစ်မျက်နှာ ယဉ်စစဟန်ပန်လေးကိုငေးမောနေမိဆဲ။

"သွားတော့ ဖဲကြီးတော့မှာပဲ။ ကိုကို့ခေါင်းကိုမှ T-square နဲ့ရိုက်မိရတယ်လို့"

"ဘောလုံးနဲ့တည်ပြီးကန်တာလောက် အပြစ်မကြီးပါဘူး ညီမလေးရယ်"

သူမနှုတ်ခမ်းလေးဟသွားလျက် ပြုံးစိစိလေးဖြစ်သွားပါ၏။ ကြည့်စမ်း! အပြစ်ကင်းတဲ့ဟန်မူရာလေးတွေ သူမမှာရှိနေဆဲပါပဲလား။ ကျောလယ်မရောက်တရောက် ဆံနွယ်စင်းစင်းလေးတွေနှင့် ယဉ်ယဉ်လေးချောနေပါသည့်ညီမလေးကို တောင်းတဲ့သူတွေအများကြီးရှိနေဆိုတာ ကိုယ်ယုံပါတယ်လေ။

"ကိုကိုက မှတ်ထားတယ်ပေါ့လေ"

ရွှေပဒေသာစာပေ

www.burmeseclassic.com



"ညီမလေးနဲ့ပတ်သက်သမျှ အရာအားလုံးကို အမြဲအမှတ်ရနေပါတယ်။ ယုံပါ. . ."

သူမမျက်နှာ တစ်မျိုးလေးဖြစ်သွားပါ၏။ ဆေးဗီရိုထဲမှ ပရုပ်ဆီဘူးကိုယူ၍ သူ့နဖူးထက်,လူးပေးစဉ် ရင်ထဲမှာထူးဆန်းစွာခုန်ပေါက်သွားတာကိုတော့ သူမသိစေလိုပါချေ။

"မမ. . . phone လာပါတယ်"

"လာပြီ"

သူမက phone ရှိရာဆီ လျှောက်သွားပြီး phone ကိုကောက်ကိုင်လိုက်ပါ၏။

"ဟဲလို! ကိုလေးလား. . . ပြော၊ မယူပါဘူး, ပေါက်တတ်ကရ ရဲမွှန်တို့ကိုမေးဦးလေ။ ဒီလောက်အရေးကြီးတဲ့ compus ကို သွားဝှက်မလားကိုလေးရ။ ဒီလောက်တော့ သွား,အစမသန်ပါဘူး"

ကိုလေးတဲ့လား၊ ဘယ်သူပါလိမ့်။ သူငယ်ချင်းကိုတောင် ကိုလေးလို့ချစ်စနိုးခေါ်ရမယ့်သူရှိနေပြီလားညီမလေးရယ်။ ပြောတော့ဖြင့် ကိုယ်လိုချင်တာကိုပေးမယ်ဆို။ ခုတော့ ကိုယ်နောက်ကျသွားပြီလား။

"ဩော်, ဟုတ်ပါတယ်ဆိုနေမှ၊ တကယ်ပြောနေတာ။ အဖယ်





saturday, sunday ကျောင်းပိတ်မှာမို့ စကားမရှိစကားရှာပြီး phone ဆက်တာ မသိဘူးများထင်နေလား။ ဘွားနဲ့တိုင်ပြောမှာနော်။ ဒါပဲ. . . ဒါပဲ. . . လူလည်သိပ်မကျချင်နဲ့"

သူမက ရယ်ရယ်မောမောဖြင့် phone ကိုချလိုက်ပြီး သူ့ကို လှည့်ကြည့်လိုက်ပါ၏။

"ထမင်းစားပြီးပြီလားကိုကို"

"ဟင်အင်း"

"ဆာရင်စားနှင့်ပါလားကိုကိုရ"

"ဘွားက ညီမလေးပြန်လာမှ အတူတူစားမယ်ဆိုလို့စောင့်နေတာပါ၊ ရပါတယ်"

"ဩော်. . . ဘွားကလည်း၊ ဧည့်သည်ကိုအားနာစရာကြီး"

ညီမလေးရယ်၊ ဧည့်သည်တဲ့လား။ အားမနာစဖူး အားနာစကားတောင် ပြောတတ်နေပြီပေါ့လေ။

"ဒါဆို ခဏထပ်စောင့်ဦးနော်။ သွား,ရေသွားချိုးလိုက်ဦးမယ်"

သူမ အပေါ်ထပ်သို့အပြေးတက်ကာ ရေချိုး၊ သနပ်ခါးလူး၊ အဝတ်အစားလဲ၍ ဆင်းခဲ့ပါ၏။ ဝတ်နေကျအဝတ်တွေသာ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူ့ရှေ့မှာပိုပြီး ထူးခြားမှုဖြစ်နေမှာကို စိုးရိမ်နေမိတာတော့ အမှန်ပါပဲ။

ထမင်းဝိုင်းမှာ သူဘေးထိုင်လျက်စားတော့ သူမျက်နှာ မကောင်းတာကို သတိထားမိလေ၏။

"မြေးကိုမေးနေတယ်။ ကိုလေးဆိုတာ ဘယ်သူလဲတဲ့။ မြေး ကိုကိုက"

"သူ့အားရဲ့သူငယ်ချင်းပေါ့"

"ဘာဖြစ်လို့ ကိုလေးလို့ခေါ်တာလဲ"

"သူ့နာမည်က မောင်မောင်လေးလေ။ အဲဒါဘယ်လိုခေါ်ရမှန်းမသိတာနဲ့ ကိုလေးလို့ပဲ အားလုံးကခေါ်ကြတာပဲ"

"ပြီးတော့. . . မြေးရဲ့ကိုကိုကို လက်ဆောင်ပေးမယ်ဆိုတာကိုလည်းပေးလိုက်ဦးနော်၊ မေ့မနေနဲ့"

"ဟုတ်"

"ဘာပေးမှာလဲ"

"ကိုကိုတောင်းတာ ပေးမှာပေါ့"

"တကယ်နော်"

သူမ ဆတ်ခနဲခေါင်းညိတ်လိုက်ပါ၏။ ထမင်းစားသောက်ပြီး





လသာဆောင်မှာရပ်တော့ ဘွားက သူမနားသို့ကပ်ကာ တိုးတိုးလေး ပြောသွားပါသည်။

"မြေးဆီက လက်ထပ်ခွင့်ကိုလိုချင်ပါတယ်တဲ့"

သူမမျက်နှာလေး ရဲသွားရလေ၏။ ပြောချင်တော့လည်း ဘွားတို့မှသွားပြောရသတဲ့လား။ အဲဒီလူကြီးဟာရှေ့မကြည့်၊ နောက်မကြည့် သိပ်တစ်ဇွတ်ထိုးပြောတတ်တာပဲ။ ဒီမှာ ဘွားကို ဘယ်လိုမျက်နှာနဲ့ပြန်ကြည့်ရပါ့မလဲ။

နောက်ပါးမှာရပ်လာသည့်အသိကြောင့် သူရောက်နေပြီမှန်း သူမ,သိနေပါ၏။

အမယ်လေး . . . မျက်နှာတွေပူလိုက်တာနော်။ ဘယ်နားမှာဝှက်ထားရပါ့။

"ညီမလေး"

". . ."

"ညီမလေး. . . ကိုယ်ခေါ်နေတယ်လေ"

"ဘွားကို ဘာတွေသွားပြောထားတာလဲ"

"ဘာဖြစ်လို့လဲ"

"သူ့အားကို ညီမလေးလိုပဲချစ်ပါရစေဆို၊ ဒါကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



သျှားက ကိုကို့ညီမလေးအဖြစ် တစ်သက်လုံးရှိသွားပါ့မယ်လို့ ပြောခဲ့တာပေါ့”

“ကိုယ်က. . . ကိုယ်က”

သူမ ဆတ်ခနဲလှည့်ကြည့်လိုက်တာမို့ သူပြောလက်စ စကားက ရပ်သွားရလေ၏။

ကြည့်စမ်း! မထိတရိခိုတွဲနေတဲ့အပြုံးက အရင်တုန်းလိုပဲ အသက်ဝင်ဆဲပါပဲလား။

“သျှားကို ဘယ်တုန်းကမှမချစ်ခဲ့တဲ့လူတစ်ယောက်ကို သျှားကလည်း ဘယ်တော့မှပြန်မချစ်နိုင်ဘူး။ အထူးသဖြင့် ကိုကို့လို အသည်းတစ်ခြမ်းမရှိတဲ့ယောကျ်ားတစ်ယောက်ကို သာတောင်မှ မစဉ်းစားသေးဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ”

“ပြောရက်လိုက်တာညီမလေးရယ်။ ကိုယ်ကဖြင့် ညီမလေးကို ဘယ်အချိန်ထဲကမှန်းမသိ စွဲလမ်းနေခဲ့မိတာ၊ ကိုယ့်ကိုယ်ကိုတောင်ဖြင့် မသိခဲ့အောင် ညှဲဖျင်းခဲ့တာပါ။ ဒါကိုတောင် ညီမလေးက ငြင်းရက်တယ်ပေါ့လေ”

“သျှားပြောခဲ့ပြီးပါပြီကိုကို။ သျှားဟာ ကိုကို့အတွက် ထာဝရညီမလေးပါပဲ”





သူမက ခပ်တည်တည်ဖြင့်ပြောကာ အိမ်ထဲသို့လှည့်ဝင်သွားလေ၏။ သူခေါင်းငိုက်စိုက်ဖြင့် ကျန်ခဲ့စဉ် Hand Phone မှ သံစုံမြည်လာလေသည်။

“ဟဲလို”

“သား. . . ဖေဖေပါ၊ မန္တလေးရောက်ပြီလား”

“ရောက်နေပါပြီဖေဖေ”

“သမီးလေးနဲ့ရော တွေ့ပြီးပြီလား”

“ဟုတ်ကဲ့. . . ဒါပေမဲ့”

“အေးအေး. . . ဖေဖေတို့ မနက်ဖြန်ပဲလာခဲ့မယ်။ သားအတွက် သမီးပေးထားတဲ့လက်ဆောင်ကိုလာပို့ရင်းနဲ့ပေါ့”

“ဗျာ! ဘာလက်ဆောင်လဲဖေဖေ”

“ဟေ. . . ခုထိ ဘွား,မပြောသေးဘူးလား။ သားတို့နှစ်ယောက်ကိုလက်ထပ်ပေးမယ်ဆိုလို့ ဖေဖေတို့က သမီးတောင်းဖို့လာရမှာလေကွာ”

“ဟာ! ”

သူ ယောင်ရမ်းလျက် phone ကို ပိတ်ချလိုက်ပြီး အိမ်ထဲသို့ပြေးဝင်ခဲ့စဉ် သူ၏ညီမလေးကို အရိပ်သော်မျှမတွေ့ရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ. . . ခုတော့ ပုန်းထားဦးပေါ့လေ။ ကိုယ်ရှာတွေ့လို့ကတော့ မင်းကိုကောင်းကောင်းကြီး ဒဏ်ခတ်ပစ်မယ်သာမှတ်။

သူတစ်ယောက်တည်း တီးတိုးရယ်လိုက်ရင်း မျက်ဝန်းတွေကတော့ တစ်စုံတစ်ယောက်ကိုရှာဖွေနေဆဲပါလေ။

လေးစားလျက်. . .

မမသဒ္ဒါမောင်
27th Feb. 2009
PM (12:00)

www.burmeseclassic.com